# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ်(၁၁၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

---

## အထူးအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးပြောကြားခဲ့သည့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှုဆိုင်ရာကိစ္စများနှင့် တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမှုများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်း၊ အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့် ဆန့်ကျင်ကြောင်း တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လွန်စွာစိတ်ပျက်မိပြီး ပြင်းထန်စွာကန့်ကွက်

### သတင်းထုတ်ပြန်ချက်

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကို ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံသို့ သွားရောက်ရန် ၎င်း၏ခရီးစဉ်ကို မြန်မာအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်း ပြောကြားခဲ့ပါသည်။

အဆိုပါပြောကြားချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံသို့ လာရောက်မည့် ပထမဆုံးခရီးစဉ် ဖြစ်မြောက်ရေးအတွက် မြန်မာဘက်မှ အထူးကိုယ်စားလှယ်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ကို ထည့်သွင်းစဉ်းစားပြီး ခရီးစဉ်အောင်မြင်စေရေးနှင့် အပြုသဘောရလဒ်များ ရရှိစေရေးအတွက် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် ၎င်း၏ ပထမဆုံးခရီးစဉ်တွင် မြန်မာနှင့် နှစ်ဖက်ယုံကြည်မှုရရှိရေးကို အလေးပေးဆောင်ရွက်သင့်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်နှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် မကြာမီကျင်းပမည့် အာဆီယံထိပ်သီး


*စာမျက်နှာ ၃ ကော်လံ ၁* ◆


---

**ယနေ့ ဖတ်စရာ**


**ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး (သို့မဟုတ်) စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)**
ဆောင်းပါး | စာ - ၆

**အသင်းသားများအကျိုးအလေးထား၍ အစွန့်ရှည်သော သမဝါယမပုံစံ တည်ဆောက်ကြပါစို့**
ဆောင်းပါး | စာ - ၁၀

**ကိုဗစ်-၁၉ ထိန်းချုပ်မှုနှင့်အတူ ပြန်လည်အစပြုမည့် အမေရိကန်ခရီးသွားလုပ်ငန်း**
နိုင်ငံတကာရေးရာ | စာ - ၁၄




## နေပြည်တော်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

နေပြည်တော် အောက်တိုဘာ ၁၆

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရန်နှင့် ကာကွယ်ဆေး လွှမ်းခြုံမှု အလျင်အမြန်ရရှိလာစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။ (အပေါ်ပုံ)


*စာမျက်နှာ ၉ ကော်လံ ၁* ❒

# ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု လုံးဝစိတ်ချရသည့်အခြေအနေရောက်ရေး

ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ် ပျမ်းမျှသေဆုံးသည့်နှုန်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝန်းလုံး ပျမ်းမျှနှုန်းနှင့် အမေရိကန်၊ မလေးရှား၊ ယူကေ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့၏ ပျမ်းမျှနှုန်းများ အောက် နည်းပါးလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းလုံး လူဦးရေ တစ်သန်းတွင် ၀ ဒသမ ၈၆ ဦး ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ် ပျမ်းမျှသေဆုံးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၀ ဒသမ ၅၈ ဦးသာရှိသည်။ အမေရိကန်ပြည်ထောင်စုတွင်မူ လူတစ်သန်း တွင် ကိုဗစ်-၁၉ ကြောင့် ၄ ဒသမ ၇၅ ဦး နေ့စဉ် ပျမ်းမျှသေဆုံး နေသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အောက်တိုဘာလ ၁၆ ရက်နေ့ ည ၈ နာရီအချိန် ထုတ်ပြန်ချက်အရ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ရာ ပြီးခဲ့သည့်ရက်အနည်းငယ်နှင့် နှိုင်းယှဉ်ပါက ကျရိပ်ကို စတင်မြင်တွေ့လာရသည့် လက္ခဏာပင် ဖြစ်သည်။ သို့ရာတွင် ရည်မှန်းချက်အနေဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းသည် တစ်နိုင်ငံလုံးတွင် ၅ ရာခိုင်နှုန်းအောက်သို့ ကျဆင်းသွားရန်လိုအပ်သလို လက်ရှိအခြေအနေတွင် ရောဂါပိုး တွေ့ရှိမှု များပြားနေဆဲဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အချို့တွင်ပါ ရောဂါပိုးတွေ့ရှိမှု လျော့နည်းကျဆင်းသွားရန် လိုအပ်သည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးသည် လုံးဝစိတ်ချရသည့် အခြေအနေသို့ရောက်ရှိ ရန် နိုင်ငံတစ်ဝန်းလုံးတွင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွား ကြရဦးမည့် အခြေအနေပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စဉ်ဆက်မပြတ်ရောက်ရှိလာမှုနှင့်အတူ အအေးလမ်းကြောင်း မပျက် ဒေသအသီးသီးသို့ ဖြန့်ခွဲပေးပို့ခြင်း၊ ဦးတည်အုပ်စုများ အလိုက် ထိုးနှံပေးခြင်းနှင့် ပြည်သူလူထုအတွင်း၌လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ကျန်းမာရေးအသိတရား အပြည့်ဖြင့် ယုံကြည်စိတ်ချစွာ ထိုးနှံလာခြင်းတို့ကြောင့် နိုင်ငံ အတွင်း ကာကွယ်ဆေးလွှမ်းခြုံမှုမှာ နေ့စဉ်နှင့်အမျှ မြင့်တက်လာ လျက်ရှိသည်။ သို့ရာတွင် သတိပြုရမည့်အချက်မှာ ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါ၏ သဘာဝနှင့် မျိုးဗီဇပြောင်းလဲသွားသည့် ဗိုင်းရပ်စ်ပိုးသစ်များကြောင့် ကာကွယ်ဆေး နှစ်ကြိမ်အပြည့်အဝ ထိုးနှံပြီးသူများရော ပထမတစ်ကြိမ် ထိုးနှံပြီးသူများပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ဆက်လက် လိုက်နာကျင့်သုံးသွားကြရန်ပင် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါ ကူးစက်မှုကိုလည်းကောင်း၊ ကူးစက်ခံရပါကလည်း ဝေဒနာ ပြင်းထန်မှုကိုလည်းကောင်း လျှော့ချပေးနိုင်သော်လည်း ရာခိုင်နှုန်းပြည့် ကာကွယ်မပေးထားနိုင်သည်ကို သတိပြုကြရ မည်ဖြစ်သည်။ ကာကွယ်ဆေးထိုးထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှု၊ သေဆုံးရမှုတို့ လျော့ကျ သွားစေမည်ဖြစ်သည့်တိုင် လုံးဝမကူးစက်နိုင်ခြင်းမဟုတ်။ ဤသို့ဆိုခြင်းအားဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းသည် အကျိုးမရှိဟု ဆိုလိုခြင်းမဟုတ်သည်ကိုလည်း နားလည်မှုရှိကြရ မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် လုံးဝစိတ်ချရသည့်အခြေအနေသို့ မရောက်သေးသည့်အတွက် ကာကွယ်ဆေးမထိုးရသေးသူများရော ထိုးနှံပြီးသူများပါ ကပ်ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းကလေးများဖြစ်သည့် တတ်နိုင်သမျှ အိမ်မှာနေ၊ အပြင်ထွက်ရပါက ပါးစပ်နှာခေါင်းစည်း တပ်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေ၊ လက်ကို မကြာမကြာ ဆေးကြောခြင်းတို့ကို အလေ့အကျင့်ကောင်းများအဖြစ် စွဲမြဲစွာ ကျင့်သုံးကြရေးအတွက် နှိုးဆော်တိုက်တွန်းအပ်ပါ ကြောင်း။ ။

# တောင်ငူမြို့ သာသနာ့သိပ္ပံသာမဏေကျော်စာသင်တိုက်၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သာသနာ့သိပ္ပံ သာမဏေကျော် စာသင်တိုက်၌ ကျောင်းဆောင် သစ် ဆောက်လုပ်ရန် အလှူငွေ များ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစာသင် တိုက်၌ပြုလုပ်ရာ တောင်ငူမြို့ နယ်ကေတုမတီမြို့ သီတဂူကေတု မတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တ တိက္ခသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင် များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သီတဂူကေတု မတီ ဗုဒ္ဓတက္ကသိုလ်၊ ကျောင်းအုပ် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များအား သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် သာသနာ့ သိပ္ပံသာမဏေကျော် စာသင်တိုက် ၌ ကျောင်းဆောင်သစ်ဆောက်လုပ် ရန်အတွက် နဝကမ္မ အလှူငွေ ကျပ်သိန်း ၁၅၀ တို့ကို ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိ သည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သောင်းခွဲကျော် ထိုးနှံပြီးဖြစ်

**ကျောင်းကုန်း အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ Phase 2 (ပထမအကြိမ်)ကို ၂၄၉၈၀ လာရောက်ထိုးနှံခဲ့ပြီး ယခု (ပထမအကြိမ်) ကို ၂၈၇၈ ဦး လာရောက်ထိုးနှံပြီးစီးပြီဖြစ်သည်။ ယနေ့ Phase 3 (ပထမအကြိမ်) ကို နံနက် ၈ နာရီမှစတင်ကာ စုရပ်အသီးသီး၌ ဆက်လက်ထိုးနှံပေးလျက် ရှိရာ ၁၇၁၂ ဦး ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်း စုရပ် ၁၁ ခုအနက် စုရပ်(၁)၊ အဖွဲ့(၁)၊ အမှတ်(၂)ရပ်ကွက်နှင့် စုရပ်(၂)၊ အဖွဲ့ (၂)၊ အမှတ်(၃)ရပ်ကွက်တို့ကို မိုးလုံလေလုံအားကစားခန်းမ၌ တစ်ရက်ခြားစီ ကာကွယ်ဆေး ထိုးနှံပေးနေပြီး ကျန်ဆေးထိုးစုရပ်များအားလုံး နေ့စဉ်ထိုးနှံပေးမည် ဖြစ်ရာ ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်ထိုးနှံနေကြကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ နှစ်ဦးရှိပြီး စစ်ဆေးသူပေါင်း ၂၄၆၆ ဦးတွင် ၈၇၃ ဦး ပိုးတွေ့ရှိခဲ့သည်။ ဆေးရုံတွင် ဆေးကုသမှုခံယူနေသူ ၁၃ ဦးရှိပြီး အောက်ဆီဂျင်ရှူနေရသူလူနာ ဒေါင့်ကြီးတိုက်နယ်ဆေးရုံမှ တစ်ဦး သာ ရှိသည်။ ဆေးရုံဆင်းလူနာ ၇၅၃ ဦးရှိပြီး သေဆုံးသူ ၁၀၈ ဦးရှိပြီ ဖြစ်ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက် ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၁၆ ရက်၌ ရန်ကုန်ဆိပ်ကမ်း များမှ Oxygen Cylinder ၄၈၀၊ Oxygen Generator နှစ်ခု၊ ဆေးဝါးမျိုးစုံ ၁၀ မျိုး ၇၈၉၈၀၂.၅၂ Kg၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ရှစ်ခုတို့မှ Mask ၃၃၅၆၆ Kg၊ Liquid Oxygen ၁၅၃၃၁ $m^3$၊ Oxygen Plant နှစ်ခု၊ Face Shield ၁၆၂ Kg၊ PPE ၅၀၁၃၆ ခု၊ Gloves ၂၅၃၂ Kg ၊ Syringe ၃၀၂၄၇၅၀၊ Infusion ၁၂၇၈၀၊ Digital Blood Pressure Cuff ၁၉၅၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၆-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection-Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 7 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 8 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း
(mask) ကို
စနစ်တကျ မပျက်မကွက်
တပ်ဆင်ပါ

## နိုင်ငံရေးရင့်ကျက်မှု

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် "ပညာပြည့်ဝ၊ နှလုံးလှသော" နိုင်ငံရေး ရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၂ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

◆ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြု တက်ရောက်မည့်ကိစ္စနှင့် တက်ရောက်ပါက မည်သည့်အဆင့် တက်ရောက်ရန်ကိစ္စကို အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးပြောကြားခဲ့ပါသည်။

အာဆီယံအစည်းအဝေးများ တက်ရောက်ရေးနှင့် ကိုယ်စားပြုမှုကိစ္စ ပြောကြားချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ယင်းကိစ္စကို ဆွေးနွေးရန် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ဆွေးနွေးရန် မလိုအပ်ကြောင်း၊ လက်ရှိ မြန်မာအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အာဏာကို ရယူကျင့်သုံးနေသည့် အစိုးရဖြစ်ကြောင်း၊ မြန်မာအစိုးရ၏ အုပ်ချုပ်နေမှုအပေါ် ဥပဒေကြောင်းအရ မေးခွန်းထုတ်ရန် အကြောင်းမရှိကြောင်း၊ ယခုကိစ္စနှင့် အထူးကိုယ်စားလှယ်၏ ခရီးစဉ်ကို ချိတ်ဆက်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအပေါ် ဖိအားပေးခြင်းဖြစ်သဖြင့် ဘေးထွက်ဆိုးကျိုးများသာဖြစ်စေမည် ဖြစ်ကြောင်းနှင့် တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုအပေါ် မြန်မာမှ သဘောမတူကြောင်းနှင့် ယင်းကန့်ကွက်ချက်ကို မှတ်တမ်းတင်ပေးရန် ပြောကြားခဲ့ပါသည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံအချို့က ဆွေးနွေးပြောကြားခဲ့သည့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှုဆိုင်ရာကိစ္စများနှင့် တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်း၊ အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့် ဆန့်ကျင်ကြောင်းတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လွန်စွာစိတ်ပျက်မိပြီး၊ ပြင်းထန်စွာ ကန့်ကွက်ပါသည်။

ဒေသတွင်း မဟာဗျူဟာအရ အားပြိုင်မှုများ ပိုမိုဖြစ်ပေါ်နေချိန်တွင် အာဆီယံ၏ အစဉ်အလာကောင်းများဖြစ်သည့် မတူကွဲပြားမှုများကို အခြေခံပြီး အာဆီယံ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့မှုနှင့် မတူညီမှုများကို ဆွေးနွေးတိုင်ပင်ပြီး တူညီဆန္ဒဖြင့် ဆောင်ရွက်မှုများကို ပစ်ပယ်ခဲ့ခြင်းသည် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ ဗဟိုပြုမှုကို ထိခိုက်စေမည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်မည်ဖြစ်ပါကြောင်း သတိပေးဖော်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။

## ကုန်းတွင်း/ကမ်းလွန်လုပ်ကွက်များကို ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရုရှားအစိုးရပိုင် ZARUBEZHNEFT JSC မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုန်းတွင်း/ ကမ်းလွန်လုပ်ကွက်များကို ရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရေး၊ အစိုးရအချင်းချင်း တိုက်ရိုက်ညှိနှိုင်း ဆောင်ရွက်နိုင်ရေး အစီအစဉ်များနှင့် ပတ်သက်၍ ချမှတ်ဆောင်ရွက်နိုင်ရန် Working Groups များဖြင့် ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr.Vasily Viktrovich Shpak နှင့် အဖွဲ့အား (ယာပုံ)တွေ့ဆုံ၍ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ မိမိတို့နိုင်ငံရှိ အင်ဂျင်နီယာများအတွက် မွမ်းမံသင်တန်းပေးနိုင်ရေးကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ အသုံးပြုရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ဘီးလင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

## ဘီးလင်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ဘီးလင်း အောက်တိုဘာ ၁၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပန်းခင်းစီမံချက်အရ ကိုင်ဆောင်လက်မှတ်မရှိသေးသော ပြည်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သော လက်မှတ်တစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီက ဘီးလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကော့ကဒွတ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

ကော့ကဒွတ်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ဆောင်ရွက်သူ အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၁၄၅ ဦး စုစုပေါင်း ၂၂၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘီးလင်းမြို့နယ်ဦးစီးမှူးရုံး အနေဖြင့် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဘီးလင်းမြို့နယ်အတွင်း မေ ၃ ရက်မှ ယနေ့အထိ လူဦးရေပေါင်း ၃၅၆၈ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေး ဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ မြေစိုက်ပိုစတာများစိုက်ထူခြင်း စသည့် ပညာပေးအစီအစဉ်များကို စဉ်ဆက်မပျက် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**အေးအေးမျိုးစံ**

(ပြန်/ဆက်)

# တောင်သူလယ်သမားကြီးများ၏ လယ်ယာစီးပွားလုပ်ငန်းရှင် စိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြု

# မြန်မာ့လယ်ယာကဏ္ဍတွင် လယ်ယာသားငါးကုန်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုကို အရှိန်မပျက်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရ

နေပြည်တော် အောက်တိုဘာ ၁၆

**၂၀၂၁ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သံတမန်များ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဇဟိုသမဝါယမအသင်းလီမိတက်၊ လယ်ယာကုန်ထုတ်နှင့်ကုန်သွယ်မှုသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ၊ လယ်ယာကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

**သဝဏ်လွှာ ဖတ်ကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် အောက်တိုဘာ ၁၆ ရက်နေ့ ကျရောက်တိုင်း လူသားတို့အတွက် စားနပ်ရိက္ခာ၏အရေးပါမှုကို သတိမူမိကြစေရန် "ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day)" အဖြစ် သတ်မှတ်ကျင်းပကြလျက်ရှိရာ ယခုနှစ်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၇၆) ကြိမ်မြောက် အထိမ်းအမှတ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပမှု (၄၁)နှစ်မြောက်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား ကျင်းပရာတွင် နှစ်စဉ်ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခု ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) ဆောင်ပုဒ်ဖြစ် သည့် "Our Actions are our future. Better production, better nutrition, a better environment and a better life." "Our Actions are our future. Better production, better nutrition, a better environment and a better life." "ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ အနာဂတ်၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှု၊ အာဟာရ၊ သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝ" ဆိုသည့် "ကောင်း (၄) ကောင်း" (Four Betters) နှင့်အညီ စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်များကို ပြောင်းလဲဆောင်ရွက်ရန်မှာ မဖြစ်မနေ ဆောင်ရွက်ရမည့် အရေးကြီး တာဝန်ဖြစ်ကြောင်းကို အလေးအနက် ပြောကြားလိုပါကြောင်း။

**အသိအမှတ်ပြုဂုဏ်ပြု**

မြန်မာနိုင်ငံအနေဖြင့်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးဒဏ်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်မှုကို ကြုံတွေ့ခံစားနေရပါကြောင်း။ အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွား၍ အသွားအလာကန့်သတ်မှုကြောင့် ထောက်ပံ့မှုလမ်းကြောင်းများ ထိခိုက်ခြင်း၊ သွင်းအားစုပစ္စည်းများရရှိမှု မလုံလောက်ခြင်း စသည့် အခက်အခဲများကြားမှ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြသည့် တစ်နိုင်ငံလုံးရှိ စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများ၏ လယ်ယာစီးပွားလုပ်ငန်းရှင် စိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း။

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မမျှော်မှန်းနိုင်သော စိန်ခေါ်မှုများရှိသော်လည်း မြန်မာ့လယ်ယာကဏ္ဍတွင် လယ်ယာသားငါးကုန်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုကို အရှိန်မပျက်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆန် မက်ထရစ်တန် ၂ ဒသမ ၅၈ သန်း၊ ပဲမျိုးစုံ မက်ထရစ်တန် ၁ ဒသမ ၆ သန်း၊ ပြောင်း မက်ထရစ်တန် ၂ ဒသမ ၂ သန်း၊ နှမ်း မက်ထရစ်တန် သုည ဒသမ ၁၇ သန်း၊ ရေထွက်ပစ္စည်း မက်ထရစ်တန် သုည ဒသမ ၆၇ သန်းကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒေသတွင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုကို ပံ့ပိုးပေးလျက်ရှိပါကြောင်း။

"ရေရှည်တည်တံ့ခိုင်မြဲသော စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်" တွင် အဓိကပါဝင် ဆောင်ရွက်သူများဖြစ်ကြသည့် တောင်သူလယ်သမားများအတွက် ဈေးကွက်ရရှိနိုင်မှု၊ လယ်ယာထုတ်ကုန်များ ထုတ်လုပ်မှုစွမ်းအားနှင့် အရည်အသွေးမြင့်မားရေးအတွက် နည်းပညာလိုအပ်မှု၊ ငွေကြေးအရင်းအနှီး လိုအပ်မှုစသည့် လိုအပ်ချက်ကြီး (၃)ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ထိထိရောက်ရောက် ပံ့ပိုးပေးလျက်ရှိပါကြောင်း။

**တင်ပို့ရောင်းချ**

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်ရန် အရင်းအမြစ်ကောင်းများဖြစ်သော စိုက်ပျိုးမြေနှင့် သဘာဝသစ်တောဧရိယာများ၊ သဘာဝမြစ်ချောင်းအင်းအိုင်များ၊ ပင်လယ်ကမ်းရိုးတန်းများဖြင့် ပြည့်စုံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ ခေတ်အဆက်ဆက်က ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံပိုလျှံ၍ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝသစ်တောထွက်ကုန်များကို တင်ပို့ရောင်းချနိုင်ခဲ့ခြင်းကြောင့် စားနပ်ရိက္ခာ ပင်မထုတ်လုပ်သည့်နိုင်ငံအဖြစ် အစဉ်အလာရှိသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ စားနပ်ရိက္ခာဖူလုံရေး၊ လူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေးနှင့် ဒေသအချင်းချင်းကြား၊ ဆင်းရဲချမ်းသာကွာဟမှု ကျဉ်မြောင်းရေးကို အလေးထားသည့် မူဝါဒကို ကျင့်သုံးလျက်ရှိရာ ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်သည် မိမိတို့ ကျင့်သုံးလျက်ရှိသည့် မူဝါဒနှင့်လည်း လျော်ညီသည့်အတွက် ပိုမိုကောင်းမွန်သောထုတ်လုပ်မှု၊ ပိုမိုကောင်းမွန်သော အာဟာရ၊ ပိုမိုကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုကောင်းမွန်သော လူနေမှုဘဝများ ရရှိလာအောင် လက်တွဲကြိုးပမ်းကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ညွှန်ကြားရေးမှူးချုပ်၏ World Food Day 2021 Video Message နှင့် စားနပ်ရိက္ခာနှင့် အာဟာရဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုတို့ကိုပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂)လမ်းနှင့် မြို့ပတ်လမ်းထောင့် မစိုချောင်းဘေး လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်ကုန်မြို့တော် ရေပေးဝေမှုဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ Nihon Suido Consultants Co., Ltd မှ တာဝန်ရှိသူက လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ Authentic ZMG JV မှ တာဝန်ရှိသူက ဒဂုံမြို့သစ်လေးမြို့နယ်ရေပေးဝေရေးလုပ်ငန်းအား လည်းကောင်း ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ယခုဘဏ္ဍာရေးနှစ်ကုန် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် MCEF မှ အဆောက်အဦ အလုံး ၃၀ နှင့် MLCA မှ အဆောက်အဦ ၁၀ လုံး ပြီးစီးရေးဆောင်ရွက်သွားရန်၊ MCEF မှ ၄၆ ရာခိုင်နှုန်း၊ MLCA မှ ၃၃ ရာခိုင်နှုန်းသာ ပြီးစီးသည်ကို တွေ့ရသဖြင့် လုပ်ငန်းတိုးတက်မှုမရှိသည့် ကုမ္ပဏီများအား ခေါ်ယူညှိနှိုင်းပြီး တွန်းအားပေးဆောင်ရွက်စေရန်၊ စီမံကိန်းဝင်း Landscaping အတွက် အရိပ်ရအပင်ကြီးများ စိုက်ပျိုးရန်၊ စီမံကိန်းဧရိယာ ခြံစည်းရိုးကာရံရန်နှင့် အိမ်ခန်းများ အငှားချပြီးချိန်တွင် ဆောင်ရွက်ရမည့် စီမံခန့်ခွဲရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် ထားရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် သရက်ပင်ချောင်ကျေးရွာသို့ သွားရောက်၍ ပဲခူးမြစ်လမ်း (ကျားကြီးရေတံခါးနှင့် ဘုရင့်နောင်လမ်းအကြား) အရှည်ပေ ၁၇၉၈၂ ပေ၊ အကျယ် ၂၂ ပေ၊ ထု ၁၁ လက်မ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဇလမင်းထင်တံတားအမှတ်(၂) ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၆

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်မည့် ဇလမင်းထင်တံတားအမှတ်(၂) ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် မြစ်ကြီးနားမြို့ စီတာပူဘက်ကမ်းရှိ တံတားတည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်း၌ ကိုဗစ်-၁၉ ညွှန်ကြားချက်နှင့်အညီ ကျင်းပသည်။**

အစီအစဉ်အရ မင်္ဂလာအချိန်တွင် သတ်မှတ်ပန္နက်နေရာများ၌ တာဝန်ရှိသူများက ပန္နက်များတင်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဇလမင်းထင်တံတားအမှတ်(၂)M2-M3 ပိုင်တိုင်အမှတ်(၁)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးတို့က Vibro Hammer ဖြင့် စက်ခလုတ်နှိပ် ရိုက်သွင်းပေးပြီး (ယာပုံ) အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇလမင်းထင်တံတားအမှတ် (၂) အသစ် တည်ဆောက်မည့် တံတားပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ ပန္နက်တင်ပေးသည့် ဇလမင်းထင်တံတား အမှတ်(၂)သည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့တွင်တည်ရှိပြီး ဧရာဝတီမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားကာ စုစုပေါင်း တံတားအရှည် ၃၂၁၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၇ ပေ ၁၀ လက်မ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေလေးလက်မစီပါရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် Steel Box Girder and RCC Slab ဖြစ်ပြီး တံတားကိုယ်ထည် သံကူကွန်ကရစ် ရေလယ်တိုင်နှင့် သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ အုတ်မြစ်ကို 1.2 mØ နှင့် 1.5 mØ Bored Pile တို့ဖြင့် တည်ဆောက်ထားပြီး တံတားအောက် ရေလမ်းကင်းလွတ် အကျယ်ပေ ၃၅၀၊ အမြင့် ၂၆ ပေနှင့် တံတား၏ ခံနိုင်ဝန်မှာ AASHTO HL 93 ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများ အမျိုးအစားခွဲ၍ ဦးစားပေးအလိုက် ဆောင်ရွက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် သံတွဲမြို့နှင့် တောင်ကုတ်မြို့နယ်တို့ရှိ ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက သံတွဲမြို့လေဆိပ်၌ သံတွဲခရိုင် စီမံခန့်ခွဲရေးအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များအား တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် သတင်းမီဒီယာကိစ္စ၊ ပြည်သူလူထုအား အသိပညာပေးခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ငပလီမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ သံတွဲမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ခံနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာများ၊ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ထုတ်လွှင့်မှုမပြတ်တောက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သံတွဲခရိုင်ဦးစီးမှူး၊ ငပလီမြို့ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ **(အပေါ်ပုံ)** ထိုသို့တွေ့ဆုံရာတွင် ဂွနှင့် ကျိန္တလီ မြို့နယ်ဦးစီးမှူးများ၊ ကျောက်ဖြူခရိုင်နှင့် မာန်အောင်ရုံးတို့မှ ဝန်ထမ်းများလည်း Virtual စနစ်ဖြင့် တက်ရောက်ကြသည်။



ထို့နောက် တည်ဆောက်ပြီးစီးနေပြီဖြစ်သော သံတွဲမြို့လူထုအခြေပြုဗဟိုဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မဖွင့်လှစ်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြား သည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် တောင်ကုတ်မြို့နယ်ရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့နှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများနှင့် ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံတို့အား တွေ့ဆုံမှာကြားပြီး မွန်းလွဲပိုင်းတွင် မအီမြို့ရုံး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ အမ်းမြို့နယ်၊ ရမ်းဗြဲမြို့နယ်ရှိ ဦးစီးမှူးများနှင့် မအီမြို့၊ လမူးနှင့် ပိန်းနဲတောင် ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံတို့အား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြားပြီး ထပ်ဆင့်လွှင့်စက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု သိသိသာသာလျော့ကျလာပြီဖြစ်ပြီး ဆူပူအကြမ်းဖက်မှုများကိုလည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်ရှင်းလင်းမှုများကြောင့် မကြာမီ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ရာ မိမိတို့၏ ပြန်ကြားရေး လုပ်ငန်းတာဝန်များကိုလည်း ပုံမှန်ထမ်းဆောင်နိုင်ရေး အဆင်သင့်ပြင်ဆင်ထားကြရန်၊ အကြမ်းဖက်သမားများ၏ မဟုတ်မမှန်သတင်းဖြန့်ဝေပြီး နိုင်ငံတော်ပြိုကွဲအောင် လုပ်ဆောင်နေခြင်းများကို ပြည်သူလူထု အမှန်အတိုင်း သိမြင်အောင် လုပ်ဆောင်ကြရန်၊ အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ရောဂါကူးစက်မှုမရှိစေရန် ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်နှင့် အရွယ်ရောက်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ပန်းခင်းစီမံချက်အောင်မြင်ရေးတို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာများနှင့် ညှိနှိုင်းပြီး အောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ပါတီနိုင်ငံရေးကင်းပြီး အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် နိုင်ငံ့ဝန်ထမ်းပီပီတာဝန်ကျေစွာထမ်းဆောင်ကြရန်၊ အသိပညာဗဟုသုတ ပြန့်ပွားအောင်လေ့လာကြရန်နှင့် ပြည်သူလူထုနှင့် လူငယ်များကိုလည်း အသိပညာဖြန့်ဝေပေးကြရန်တို့ကို မှာကြားခဲ့သည်။

ထို့နောက် ဝန်ထမ်းများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**



# ကျိုင်းတုံမြို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**ကျိုင်းတုံ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ဆေးအလုံးရေ ၃၀၀၈ ကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပို့ဆောင်ပေးခဲ့ရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရောက်ရှိသည်။

တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်လာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac အမျိုးအစား အလုံးရေ ၃၀၀၈ နှင့် ဆေးထိုးအပ်များ ကျိုင်းတုံမြို့သို့ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ်အရှေ့ပိုင်း ဒုတိယပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော် လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။

အဆိုပါရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac အမျိုးအစား အလုံးရေ ၃၀၀၈ သည် တစ်လုံးလျှင် လူဦးရေ ၂ ဦး ထိုးနှံပေးနိုင်ပြီး လူဦးရေ ၆၀၁၆ ဦးအတွက် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်များအလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

# ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး (သို့မဟုတ်) စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)

စိုးနိုင်ထွန်း(စာပေဗိမာန်)

အချိန်ကား တပေါင်းလအကုန် တန်ခူးလသို့အကူး နွေဥတု၏အမှတ်သင်္ကေတဖြစ်သည့် လေရူးတို့ တသုန်သုန်တိုက်ခတ်ချိန်ဖြစ်၏။ တောင်သူဦးကြီးတို့ မိုးဦးကိုမျှော်ကာ စိုက်ပျိုးရန်အတွက် အသင့်ဖြစ်စေရန် ထွန်ရေးခွင်ကို ပြင်ဆင်ထားချိန်လည်း ဖြစ်ပြန်၏။ ယင်းအချိန်သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျင်းပပြီးစအချိန်ဖြစ်သည်။ တစ်နှစ်ပတ်လုံး ကြိုးစားလာခဲ့သမျှ ထိုအချိန်ကျမှသာလျှင် ကျောင်းသားတစ်ယောက်၏ တာဝန်ဝတ္တရားကို ခေတ္တခဏမျှ ပစ်ချထားနိုင်ကြ၏။ ယင်းကျောင်းသားများတွင် ကျွန်တော်လည်းအပါအဝင်ဖြစ်၏။ အချိန်ကား ၂၀၀၇ ခုနှစ်ကဖြစ်သည်။ မြို့ကြီးပြကြီးများမှ ကျောင်းသားများအတွက် စာမေးပွဲပြီးလျှင် တခြားဘာသာစကားတစ်ခုခုကိုဖြစ်စေ၊ ကွန်ပျူတာသင်တန်းဖြစ်စေ တက်ရောက် သင်ယူနိုင်၏။ ကျွန်တော်အပါအဝင် နယ်မှကျောင်းသားများအတွက်ကား မိဘကို ကူညီလုပ်ပေးရုံမှတစ်ပါး အခြားမရှိပြီ။ ထို့ကြောင့် လုပ်စရာ မည်မည်ရရမရှိဖြစ်သောကြောင့် အချိန်များ လိုသည်ထက် ပိုနေသည့်ကာလလည်းဖြစ်၏။

ဤကဲ့သို့ အချိန်များလိုသည်ထက် ပိုနေသူများအတွက် အဘိဓာန်အစောဆုံးပြုစုခဲ့သူလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်သူ ဆင်မြူရယ်ဂျွန်ဆင်က **"ငွေနှင့်အချိန်သည် လူ့ဘဝတွင် အလေးလံဆုံးသော ဝန်ထုပ်ကြီးများဖြစ်သည်။ ၎င်းတို့အနက် တစ်ခုခုကို ကိုယ်သုံးတတ်သည်ထက်ပိုပြီး ရနေသောသူများကား စိတ်အဆင်းရဲဆုံးလူများဖြစ်သည်"**ဟု ဆိုထားသည်။

ဤကဲ့သို့သော အခြေအနေသည် လူငယ်များအတွက် လမ်းဆုံလမ်းခွဟု ဆိုနိုင်၏။ ပိုနေသောအချိန်သည် လမ်းကောင်းဘက်သို့ ရောက်ရှိနိုင်သလို လမ်းဆိုးဘက်သို့လည်း ဦးတည်သွားနိုင်၏။ ယခုခေတ်ကာလကဲ့သို့ facebook၊ Instagram၊ Twitter ကဲ့သို့သော Social Media များ ကောင်းစွာအသုံးပြုနိုင်သော အချိန်ဖြစ်ပါက လမ်းဆိုးဘက်သို့မရောက်ဘဲ လမ်းကောင်းဘက်သို့ ဦးတည်နိုင်ရန်နှင့် အချိန်ကို အကျိုးရှိရှိအသုံးပြုနိုင်ရန် များစွာလိုအပ်မည်ဖြစ်သည်။ သို့သော် ကျွန်တော်သည်ကား ကံကောင်းသောလူသားဟု ဆိုရမည်။ ရွာဦးကျောင်းမှ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ ပညာဆည်းပူးနေသော အစ်ကိုဦးပဇ္ဇင်းသည် စာဝါပြီး၍ ရွာသို့ပြန်လာခိုက် သံသေတ္တာကြီးနှင့် အပြည့်စာအုပ်များပါလာသည်။ အမရပူရမြို့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာ၊ ရတနာ့ဂုဏ်ရည်၊ ဘာသာသွေး စသည့်အပြင် မေတ္တာရှင်(ရွှေပြည်သာ)၏ စာအုပ်များ၊ ဘာသာပြန်စာပေများ၊ ပေါ်လီယာနာကဲ့သို့သောဝတ္ထုများ၊ ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များကဲ့သို့သော စာအုပ်ကြီးများနှင့် ဆရာကြီးပီမိုးနင်း၏ တက်ကျမ်းစာအုပ်များဖြင့် စုံလင်လှ၏။ အစ်ကိုဦးပဇ္ဇင်း၏သံသေတ္တာထဲမှ စာအုပ်များကို ကျွန်တော်ဖတ်ရှုခွင့်ရခဲ့၏။ ယင်းစာအုပ်များထဲမှ ကျွန်တော် စတင်ကောက်ကိုင်လိုက်မိသည့်စာအုပ်မှာ "ရွှေမြင်းမိုရ်ပြို့မှာစိုးတယ်" ဖြစ်သည်။ စာရေးသူမှာ လယ်တွင်းသားစောချစ်ဟု ဖော်ပြထားသည်။ လယ်တွင်းသားစောချစ်ဆိုသည်မှာ မည်သူမည်ဝါမှန်း ကျွန်တော်မသိ။ သို့သော် ဝတ္ထုခေါင်းစဉ်နှင့် စာရေးသူနာမည်ကို သဘောကျမိသည်။ နှစ်သက်မိသည်။ ထို့ကြောင့် ကျွန်တော် စတင်ဖတ်ဖြစ်တော့သည်။




### "လယ်တွင်းသားစောချစ်" ကလောင်အမည် ယူထားရခြင်းအကြောင်း

တကယ်တော့ ဆရာကြီး၏ကလောင်နာမည်ကို "လယ်တွင်းသား" ဟု ယူထားသည်မှာ ကျောက်ဆည်ဇာတိဖြစ်သောကြောင့် ဖြစ်သည်။ ကျောက်ဆည်နယ်ကို ယခင်က လယ်တွင်းကိုးခရိုင်ဟုလည်း ခေါ်၏။ ထို့ပြင် ရေလွှဲကိုးခရိုင်ဟုလည်း ခေါ်ကြပြန်၏။ (ယင်းလယ်တွင်းကိုးခရိုင်၏ အမည်များမှာ (၁) စောလှမြို့၊ (၂) ပင်လယ်မြို့၊ (၃) မြစ်သားမြို့၊ (၄) မြစ်မနား (ပျဉ်းမနားမြို့)၊ (၅) မြောင်လှမြို့၊ (၆) မြင်းခုံတိုင်မြို့၊ (၇) မက္ခရာမြို့၊ (၈) ပန်မြို့ (ပေါက်မြိုင်မြို့)၊ (၉) မြင်စိုင်းမြို့တို့ ဖြစ်ကြသည်။) "စောချစ်" ဟူသော အမည်မှာလည်း မိခင်ဒေါ်စောရှင်နှင့် ဖခင်ဦးချစ်စိန်တို့၏ အမည် တစ်လုံးစီယူ၍ မှည့်ခေါ်ထားခြင်းဖြစ်သည်။

### ရွှေမြင်းမိုရ်ပြို့မှာစိုးတယ်နှင့် ဆရာကြီး၏စေတနာ

ဆရာကြီး၏ဝတ္ထုအစမှာပင် သီတင်းကျွတ်လပြည့်ည မီးထွန်းပွဲတော်ဖြင့် စတင်ထားပြီး မင်္ဂလာသုတ်တော်လာ ဂါရဝေါစ – ရိုသေထိုက်သူကို ရိုသေခြင်း၊ နိဝါတောစ– မိမိကိုယ်ကို နှိမ့်ချခြင်း တည်းဟူသော မင်္ဂလာတရားတော်ဖြင့် ပုံဖော်ထားသည်။ အိမ်ထောင်ဦးစီးခင်ပွန်းဖြစ်သူ ကိုကျော်ခိုင်ကို ဇနီးဖြစ်သူ မြမြသက်နှင့် သားသမီးသုံးဦးတို့က ရှေးဦးစွာ ကန်တော့ကြသည်။ ထို့နောက်မှ မိခင်ဖြစ်သူ မြမြသက်ကို သားသမီးသုံးဦးက ကန်တော့သည်။ ယင်းနောက် အစ်မကြီးဖြစ်သူကို မောင်ငယ်နှင့် ညီမထွေးတို့က ကြီးစဉ်ငယ်လိုက် ကန်တော့ကြပုံကို ကြည်နူးစွာ ဖော်ပြရေးသားထားသည်။ ဤသည်မှာ မိဘဖြစ်သူများကိုယ်တိုင်က မင်္ဂလာတရားတော်နှင့်အညီ ကိုယ်တိုင်ကျင့်ကြံကာ ရှေ့မှအဖြောင့်သွားသလို သားသမီးတို့ကိုလည်း မင်္ဂလာတရားတော်နှင့်အညီ ဘဝတစ်လျှောက်လုံး ကျင့်ကြံနေထိုင်သွားစေရန် သွန်သင်ခြင်းပင် ဖြစ်သည်။

ကိုကျော်ခိုင်နှင့် မြမြသက်တို့ အိမ်ထောင်သက် ၁၅ နှစ် အကြာမှာပင် မြမြသက်သည် သွေးကင်ဆာဖြင့် သေဆုံးခဲ့လေသည်။ ထိုအချိန်တွင် ကိုကျော်ခိုင်၏ စိတ်ကူးအတွေးများကို စာရေးဆရာ လယ်တွင်းသားစောချစ် ပုံဖော်ထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကမ္ဘာ့နိုင်ငံများသည် လူသတ်လက်နက်ယန္တရားများအတွက် တစ်နှစ်အသုံးပြုသည့် ဘတ်ဂျက်ပမာဏနှင့်နှိုင်းဆလျှင် လူတို့အတွက် ဆေးသုတေသနပြုလုပ်ရာ၌ အသုံးပြုသည့် ဘတ်ဂျက်ပမာဏမှာ နည်းပါးလွန်းလှကြောင်းကို စာဖတ်သူတို့ သိရှိစေရန် ရေးဖွဲ့ထားသည်။

### ဆရာကြီး၏ "ဥပမိရုပ်" အဓိပ္ပာယ်

ထို့နောက် ဆရာကြီး၏ "ဥပမိရုပ်" ဟူသော စာအုပ်ကို ဆက်ပြီး ဖတ်မိသည်။ ဆရာကြီးက **"ဥပမိရုပ်ကောင်းခြင်းမှာ လှခြင်းမဟုတ်။ တည်ခြင်း၊ ခန့်ခြင်း၊ ကြည်လင်ခြင်း၊ ရှင်းသန့်ခြင်း၊ အေးချမ်းခြင်း၊ ကြည်ညိုလေးစားဖွယ်ရာ နှစ်လိုဖွယ်ရာရှိခြင်း၊ မြတ်နိုးစွာ နှစ်သက်ခြင်းတို့ ဖြစ်သည်။ ဥပမိရုပ်ကောင်းခြင်းသည် ရုပ်လှခြင်းထက်ပို၍ တန်ဖိုးကြီး၏။ ဥပမိရုပ်သည် ပြင်ပရုပ်ထက် စိတ်နေသဘောထားနှင့် ပို၍သက်ဆိုင်၏"** ဟု ဖော်ပြထားသည်။ ဤစာအုပ်သည်လည်း တက်သစ်စလူငယ်လူရွယ်တို့ အထူးဖတ်ရှုသင့်သည့် စာပေမျိုးဖြစ်သည်။

ဆရာကြီးသည် ရသစာပေ၌သာ အရေးကောင်း၊ အတွေးကောင်းသည်မဟုတ် သုတစာပေဆိုင်ရာ၌လည်း စာဖတ်သူများအပေါ် စေတနာကိုရှေ့တန်းတင်ကာ ဗဟုသုတများ၊ အတွေးအမြင်ကောင်းများကို ရရှိစေသည့်အပြင် လူ့လောကဘဝတစ်လျှောက်လုံး ရုန်းကန်လှုပ်ရှားရာ၌ ဆရာဖြစ်လျှင် ဆရာကောင်း၊ တပည့်ဖြစ်လျှင်တပည့်ကောင်း၊ မိဘဖြစ်လျှင် မိဘကောင်း၊ သားသမီးဖြစ်လျှင် သားသမီးကောင်း၊ ခေါင်းဆောင်ဖြစ်လျှင် ခေါင်းဆောင်ကောင်း၊ နောက်လိုက်ဖြစ်လျှင် နောက်လိုက်ကောင်းဖြစ်စေရန် မိမိ၏ကိုယ်တွေ့ဖြစ်ရပ်များ၊ ပတ်ဝန်းကျင်အတွေ့အကြုံများကို သတိထားနမူနာယူ၍ သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ လူငယ်လူရွယ်များအတွက် ရည်ရွယ်၍ လိုရင်းတိုရှင်း ထိထိမိမိဖြင့် ရေးသားနိုင်သူလည်းဖြစ်သည်။

### အမျိုးသားစာပေဆုရ "ပန်းလိုချင် အပင်ကိုပျိုးတတ်မှ"

ဆရာကြီး၏ ၁၉၈၉ ခုနှစ် အမျိုးသားစာပေစာပဒေသာဆု ရရှိခဲ့သည့် "ပန်းလိုချင် အပင်ကိုပျိုးတတ်မှ" စာအုပ်သည် အထက်တွင် ကျွန်တော်ဆိုခဲ့ပြီးသော စာပေမျိုးဖြစ်သည်။ ယင်းစာအုပ်ကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊ စာပဒေသာဆုအဖွဲ့ငယ်က **"လယ်တွင်းသားစောချစ်၏ ပန်းလိုချင် အပင်ကိုပျိုးတတ်မှ စာအုပ်တွင် နုနုနယ်နယ်ရင်သွေးငယ် ကလေးများကို ကျန်းမာပျော်ရွှင်စွာ သားကောင်းရတနာ၊ သမီးကောင်းရတနာကလေးများဖြစ်အောင် ပြုစုပျိုးထောင်ရေးနှင့် ပတ်သက်၍ သားသမီးရှင်မိဘများ၊ ဆရာဆရာမများအဖို့ သိမှတ်ဖွယ်ရာ စာရေးသူ၏အတွေ့အကြုံ၊ အတွေးအခေါ်နှင့် သဘောထားများကို စိတ်ဝင်စားဖွယ် စုံစုံလင်လင်တင်ပြထားသည်ကို တွေ့ရသည်"** ဟု မှတ်ချက်ပြုထားပါသည်။

ထို့ပြင် ဆရာကြီး၏စာအုပ်အဖွင့် "ဆန္ဒမွန်" ကဏ္ဍတွင်လည်း **"မိဘတိုင်း ရင်သွေးရင်နှစ် သားသမီးကို ချစ်ကြသည်။ သားသမီးကို ကောင်းစေချင် တော်စေချင်ကြသည်။ သားကောင်းသမီးကောင်းကို ရချင်ကြသည်။ သို့သော် ပန်းလိုချင် အပင်ကိုပျိုးတတ်မှဟူသော ဆိုရိုးစကားရှိသည်။**

**ဥယျာဉ်မှူးသည် ပန်းကိုရချင်သည့်အတွက် ပန်းပင်ကို ပြုစုပျိုးထောင်ရသည်။ မြေဆီမြေကောင်း ကျွေးရသည်။ ရေ၊ လေ၊ နေရောင်ပေးရသည်။ အညွန့်တလူလူ အဖူးတစို့စို့ အချိန်အထိ သတိထား၍ စောင့်ရှောက်ရသည်။ သို့မှသာ ပန်းပွင့်လှလှ ရသည်။ ဥယျာဉ်မှူးကောင်းမှ ပန်းကောင်းပွင့်သည်။ ထိုနည်းတူစွာပင် သားကောင်းသမီးကောင်း ရလိုသူတို့သည် ရှေးဦးစွာ ကိုယ်က မိဘကောင်းဖြစ်ရန် လိုသည်"**ဟု ရေးသားထားသည်ကိုလည်း တွေ့ရသည်။

**❑ မိဘတိုင်း ရင်သွေးရင်နှစ် သားသမီးကို ချစ်ကြသည်။ သားသမီးကို ကောင်းစေချင် တော်စေချင်ကြသည်။ သားကောင်းသမီးကောင်းကို ရချင်ကြသည်။ သို့သော် ပန်းလိုချင် အပင်ကိုပျိုးတတ်မှဟူသော ဆိုရိုးစကားရှိသည်**

**❑ ဥယျာဉ်မှူးသည် ပန်းကိုရချင်သည့်အတွက် ပန်းပင်ကို ပြုစုပျိုးထောင်ရသည်။ မြေဆီမြေကောင်း ကျွေးရသည်။ ရေ၊ လေ၊ နေရောင်ပေးရသည်။ အညွန့်တလူလူ အဖူးတစို့စို့ အချိန်အထိ သတိထား၍ စောင့်ရှောက်ရသည်။ သို့မှသာ ပန်းပွင့်လှလှရသည်။ ဥယျာဉ်မှူးကောင်းမှ ပန်းကောင်းပွင့်သည်။ ထိုနည်းတူစွာပင် သားကောင်းသမီးကောင်း ရလိုသူတို့သည် ရှေးဦးစွာ ကိုယ်က မိဘကောင်းဖြစ်ရန် လိုသည်**

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

ဤစာအုပ်တွင် ဆရာကြီး၏ မေတ္တာ၊ စေတနာများကို တွေ့နိုင်ပြီး မိခင်လောင်း၊ ဖခင်လောင်းများအတွက် မိခင်ကောင်း၊ ဖခင်ကောင်းများဖြစ်စေရန် ရည်ရွယ်၍တစ်မျိုး၊ လက်ဦးဆရာ မည်ထိုက်စွ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသကဲ့သို့ မိဘတို့သည် သားသမီးတို့၏ လက်ဦးဆရာကောင်းများ ဖြစ်စေရန် ရည်ရွယ်၍တစ်သွယ်၊ မိဘချင်းကိုယ်ချင်းစာ၍ မိဘတိုင်း သားသမီးကောင်း ရပါစေဟူသော ရည်ရွယ်ချက်ဖြင့်တစ်ဖုံ ဤစာအုပ်တွင် စုံလင်အောင် ရေးသားထားသည်ကို တွေ့မြင်ဖတ်ရှုရပါသည်။

**အောင်မြင်သော စာရေးဆရာဖြစ်လိုသူတို့အတွက် စာရေးနည်းလမ်းညွှန်**

တစ်ဆက်တည်းပင် ဆရာကြီး၏ ဘဝအတွေ့အကြုံစုံလင်သလို စာစုံအောင်လည်းရေးသားနိုင်မှုကို ဖော်ပြလိုသည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော သုတ၊ ရသ စာပေမျိုးပင်မက မိမိကိုယ်တိုင်လည်း စာရေးဆရာတစ်ယောက် ဖြစ်သည့်အားလျော်စွာ မိမိ၏ဘဝနှင့်ရင်း၍ရသော စာရေးနည်း အတွေ့အကြုံ၊ နည်းစနစ်ပိုင်းနှင့် စာရေးဆရာတစ်ယောက်တွင် မဖြစ်မနေသိရန် လိုအပ်သော ပညာရပ်ဆိုင်ရာနှင့် အနုပညာဖန်တီးမှုအပိုင်းတို့ကို ကလောင်သွေး၍ စာရေးလိုသော တက်သစ်စ စာရေးဝါသနာထုံသည့် လူငယ်များအတွက် **“ကလောင်သွေး၍ စာရေးလိုလျှင်”** အမည်ဖြင့် စာရေးနည်းလမ်းညွှန် စာအုပ်ကို လက်ဆင့်ကမ်းဝေမျှထားသည်။

ဤ “ကလောင်သွေး၍ စာရေးလိုလျှင်” စာအုပ်တွင် ခေါင်းစဉ်ခွဲ (၅၉) ခုဖြင့် ရေးဖွဲ့ထားသည်။ နည်းစနစ်ကျပြီး အောင်မြင်သော စာရေးဆရာကောင်း ဖြစ်လိုသူတို့အတွက် မဖြစ်မနေဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။ ယင်းခေါင်းစဉ်ခွဲ (၅၉) အနက် “ဝမ်းစာပြည့်အောင် စာဖတ်ပါ” ဟူသည့် အခန်းတွင်–

**“စာရေးဆရာဖြစ်ချင်လျှင် စာအများကြီး ဖတ်ရမည်။ စာအများကြီးဖတ်မှ စာရေးဆရာ ဝမ်းစာပြည့်မည်။ စာမရေးမီ ကြိုတင်ဖြည့်ဆည်းထားရမည့် အရေးကြီးသော လိုအပ်ချက်ဖြစ်သည်။**


**ရသစာရေးဆရာဖြစ်စေ၊ သုတစာရေးဆရာဖြစ်စေ၊ ဘာသာပြန်စာရေးဆရာဖြစ်စေ စာရေးဆရာဖြစ်လိုသူတိုင်း စာအများကြီးဖတ်ရမည်။ ကိုယ်ရေးချင်သော စာအမျိုးအစားကိုတော့ ပိုဖတ်ရမည်။ ကဗျာရေးချင်သူက ကဗျာကို ပိုဖတ်ရမည်။ ဝတ္ထုတို၊ ဝတ္ထုရှည်ရေးလိုသူက ဝတ္ထုတို၊ ဝတ္ထုရှည် ပိုဖတ်ရမည်။ သုတစာပေနှင့် သတင်းရေးသားရန် ဝါသနာပါသူက သုတစာပေနှင့် သတင်းအရေးအသားများ ပိုဖတ်ရမည်။ ဘာသာပြန်ဝါသနာပါသူက သူများရေးသော ဘာသာပြန်စာအုပ်များကို ပိုဖတ်ရမည်။**

**စာရေးသူသည် ဗဟုသုတ ကုံလုံကြွယ်ဝသူဖြစ်သင့်၏။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သူဖြစ်သင့်၏။ စာဖတ်သူလူအများကို အသိအလိမ္မာ ဉာဏ်ပညာပေးနိုင်ရန်အတွက် မိမိကိုယ်တိုင် အသိအလိမ္မာ ဉာဏ်ပညာရှိသူ ဖြစ်သင့်သည်။**

**တကယ့်စာရေးဆရာဖြစ်ချင်လျှင် စာအများကြီး ဖတ်ရမည်။ နည်းနည်းဖတ်လျှင် ဝမ်းစာနည်းနည်းသာရှိမည်။ များများဖတ်မှ ဝမ်းစာအများကြီးရှိမည်။”** ဖြစ်ကြောင်း လမ်းညွှန်မှုပြုထားသည်။

ထို့ပြင် ဆရာကြီးသည် ဤစာအုပ်တွင် ဝတ္ထုတို၊ ဝတ္ထုရှည်တို့၏သဘော၊ စာရေးဆရာတစ်ယောက်အနေဖြင့် သိထားရမည့်ရသ (၉) မျိုးအကြောင်း၊ အလင်္ကာများစွာ ရှိသည့်အနက်မှ စာရေးရာတွင် အသုံးများသော အလင်္ကာ(၅) မျိုးအကြောင်း၊ ပသာဒဂုဏ်၊ ဩဇဂုဏ်စသည့် ဂုဏ် (၁၀) ပါးအကြောင်းတို့ကို ကလောင်သွေး၍ စာရေးလိုသူတို့အတွက် စေတနာအပြည့်ဖြင့်




လမ်းညွှန်မှုပြုထားပါသည်။ ဆရာကြီး၏ ကျေးဇူးကား ကြီးမားပါတကား။

**ဆရာကြီးကို တွေ့မြင်ရပြီ**

ဆရာကြီး၏ စာပေများကို ဖတ်ရှုရင်း ဆရာကြီး၏ စာဖတ်သူတို့အပေါ်ထားရှိသော မေတ္တာ၊ စေတနာတို့ကို သိမြင်လာ၏။ ဆရာကြီးကို ပို၍ ကြည်ညိုလေးစားလာမိ၏။ ထို့ပြင် အပြင်တွင် တွေ့မြင်ဖူးချင်သော စိတ်လည်းရှိလာ၏။ သို့သော်လည်း ဆရာကြီး၏ စာများကို စတင်ဖတ်ရှုရပြီး ၁၂ နှစ်ကျော်သည့် အချိန်ကာလမှသာ ဆရာကြီးကို တွေ့မြင်ဖူးတော့သည်။

ဆရာကြီးကို စတင်တွေ့မြင်ရသည့်ရက်ကို တိတိကျကျဖော်ပြရမည်ဆိုပါက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (စနေနေ့) ဖြစ်သည်။ ယင်းရက်သည် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် “မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အတွေးအမြင်” စာတမ်းဖတ်ပွဲ ကျင်းပသည့်ရက်ဖြစ်သည်။ စာတမ်းများကို ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာ ကျော်ဝင်း (သမိုင်းပါမောက္ခ–ငြိမ်း)၊ ဒေါက်တာတိုးလှ၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ ဦးထွန်းရီ (ရှေးဟောင်းသုတေသီ)၊ ဦးကျော်စိုး(သမိုင်းပါမောက္ခ–ငြိမ်း)၊ ဒေါက်တာ ညိမ်းညိမ်း၊ ဒေါက်တာ မိုမိုသန့်နှင့် ဒေါက်တာ စိုးစိုးနိုင်တို့ ဖတ်ကြားကြသည်။ ဤစာတမ်းများ ဖတ်ကြားရာတွင် ဆရာကြီးလယ်တွင်းသား စောချစ်က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ကျွန်တော်လည်း စာပေဗိမာန်၏ စာတည်းတစ်ယောက်အနေဖြင့် စာတမ်းဖတ်ကြားရာ၌ ပါဝင်ဆောင်ရွက်ရသည်။ ထို့ကြောင့် ဆရာကြီးနှင့် ဆုံတွေ့ခွင့်ရသည်။ ယင်းနောက်ပိုင်းများတွင်လည်း အမျိုးသားစာပေဆု စာပေစာတမ်းများ ဖတ်ကြားခြင်းဆိုင်ရာ အကြောင်းအမျိုးမျိုးဖြင့် ဆရာကြီးနှင့် မကြာခဏ ဆုံတွေ့ရပြီး ရင်းနှီးခွင့်ရခဲ့သည်။

ထိုအချိန်က ဆရာကြီးကို တွေ့ရသည်မှာ ကျန်းမာရေးအားဖြင့် သိပ်ကောင်းလှသည် မဟုတ်။ ကူရသည်။ ထူရသည်။ တွဲရသည်။ သို့သော် ဆရာကြီး၏ အသံက လတ်ဆတ်ဆဲ၊ သစ်လွင်ဆဲ၊ တောက်ပဆဲ ဖြစ်သည်။ ဆရာကြီး၏ စာပေအပေါ် ထားရှိသော စာပေချစ်စိတ်၊ မြတ်နိုးစိတ်၊ စေတနာနှင့် မေတ္တာတို့ကို ပိုမိုတွေ့မြင်ရသည်။

**ဆရာကြီး၏ ကိုယ်ရေးဖြစ်စဉ်**

ဤကဲ့သို့ စာပေအပေါ် တန်ဖိုးကြီးမား၊ စေတနာထားသော ဆရာကြီးကို အဘ ဦးချစ်စိန်၊ အမိ ဒေါ်စောရှင်တို့က ၁၉၄၁ ခုနှစ် ဧပြီလ ၁၂ ရက်တွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ထန်းတောရွာ၌ မွေးဖွားသည်။ ဖခင်မှာ လယ်သမားဖြစ်၍ မိခင်မှာ မူလတန်းပြဆရာမ ဖြစ်သည်။

အသက်ငါးနှစ်အရွယ်တွင် ဖခင်ကွယ်လွန်၍ တစ်မိုင်ခွဲခန့်သာဝေးသော မိခင်၏ဇာတိ ဝန်းသိုရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ငယ်စဉ်က ဝန်းသိုရွာ၊ စဉ့်ကိုင်မြို့၊ ကျောက်ဆည်မြို့၊ မန္တလေးမြို့များတွင် ပညာသင်ကြားခဲ့သည်။

မန္တလေးတက္ကသိုလ်တွင် ပညာသင်ကြားစဉ်က တက္ကသိုလ်လူရည်ချွန်အဖြစ် နှစ်ကြိမ် အရွေးခံရသည်။ ၁၉၆၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို မြန်မာစာ အဓိကဖြင့် ရရှိသည်။

နိုင်ငံ့ဝန်ထမ်းအဖြစ် အလယ်တန်းပြဆရာ၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် လက်ထောက် ကထိက၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနတွင် ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ကချင်ပြည်နယ် အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့ အထူးထုတ် မြန်မာ့အလင်းသတင်းစာတွင် ‘နောင်တ’ အမည်ရှိ ဝတ္ထုတိုဖြင့် စာရေးခြင်းကို စတင်ခဲ့သည်။

၁၉၇၇ ခုနှစ်တွင် ‘တစ်လုံးနှစ်လုံး ပုလဲကုံး’ စာမူဖြင့် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆု ရသည်။

၁၉၇၈ ခုနှစ်တွင် ‘ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး’ စာအုပ်ဖြင့် စာပေဗိမာန်စာပဒေသာ ပထမဆုရသည်။

၁၉၈၀ ပြည့်နှစ်တွင် ‘ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး’ စာအုပ်ဖြင့်ပင် အမျိုးသားစာပေဆု ရသည်။

၁၉၈၉ ခုနှစ်တွင် ‘ပန်းလိုချင် အပင်ကို ပျိုးတတ်မှ’ စာအုပ်ဖြင့် အမျိုးသားစာပေဆု ထပ်မံရသည်။

၁၉၉၁ ခုနှစ်တွင် စာပေခရီးအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ သွားရောက်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် ဥပမိရုပ်စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆု ရရှိခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု (ဒုတိယအဆင့်) နှင့် ၂၀၁၂ ခုနှစ်တွင် ‘စည်သူဘွဲ့’ တို့ကို နိုင်ငံတော်က ချီးမြှင့်ခြင်းခံရသည်။

၂၀၁၃ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆု ရရှိသည်။ ယင်းနှစ်တွင်ပင် “ပျော်မွေ့ဖွယ်ရာတို့တောရွာ မြန်မာ့ရိုးရာဓလေ့များ” စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆု ရရှိသည်။

၂၀၁၅ ခုနှစ်တွင် The Gardener among the flowers (ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး) စာအုပ်ဖြင့် Southeast Asian Writers Award ရရှိခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။

ယခုအချိန်ထိ ဝတ္ထုတိုပေါင်းချုပ် ၁၇ အုပ်၊ သုတ/ရသစာပေ ၂၉ အုပ်၊ လုံးချင်းဝတ္ထု ၅၁ အုပ်၊ စုစုပေါင်း စာအုပ် ၉၇ အုပ် ရေးသားထုတ်ဝေပြီးဖြစ်သည်။ စာပေတာဝန်အဖြစ် မင်္ဂလာဒုံမြို့နယ် စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်၊ ဒုတိယဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)တွင် အမှုဆောင်အဖွဲ့ဝင် တာဝန်များကို ထမ်းဆောင်ခဲ့ပြီး စာပေများ ဆက်လက်ရေးသားလျက်ရှိသည်။ အမည်ရင်းမှာ ဦးတင်လှိုင်ဖြစ်သည်။

**စာအုပ်များမှသည် ရုပ်ရှင်နှင့်ဗီဒီယိုများဆီသို့**

ဆရာကြီး ရေးသားပြီးသော ဝတ္ထုများထဲမှ ‘မုန်းပင်မုန်းလည်း ချစ်ထုံးမပြေ၊ ရွှေမြင်းမိုရ် ပြိုမှာစိုးတယ်၊ ကျွန်တော်အမုန်းဆုံး ကျွန်တော်၊ ပန်းဖြစ်သွားသောပါး၊ ပန်းပေါက်ပွဲ၊ ဒုတိယနေရာမှ ပထမလူ၊ မင်းနေရာမှာ ငါဆိုရင်၊ နှလုံးသား မလှသူ မဖတ်ရ၊ ပန်းမြိုင်လယ်မှဥယျာဉ်မှူး၊ လွမ်းစေတီနှင့် စမ်းရေကြည်၊ မျက်လုံးမှာအလွမ်း နှုတ်ခမ်းမှာမာန၊ မောင်နွေဦးနှင့်မဖူးဝေ’ စသည့် ဝတ္ထုများကို ရုပ်ရှင်နှင့် ဗီဒီယိုများ ရိုက်ကူးနိုင်ခဲ့သည်။ ဤကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာအုပ်စာပေများ ရေးသားခြင်း၊ ဟောပြောခြင်းစသည့် စာပေတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သောကြောင့် ၂၀၁၃ ခုနှစ်၌ အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဆရာကြီးကိုယ်တိုင်ပင်လျှင် စာကောင်းပေမွန်၏ အကျိုးကျေးဇူးကြောင့် လမ်းမှန်နေရာမှန် ရောက်ခဲ့ရခြင်းကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူဖြစ်၏။ ဆရာကြီးသည် စာပေရေးသားခြင်း၌ လက်ရာမြောက်သကဲ့သို့ အဟောအပြောလည်း ကောင်း၏။ စာပေဟောပြောရာ၌လည်း ပရိသတ်များကို လွန်စွာဆွဲဆောင်နိုင်၏။ ဆရာကြီး၏ စာပေဟောပြောပွဲများသည် အသိပညာနှင့် အတွေးအမြင်များ ပေးသည့်အပြင် စိတ်ဝင်စားဖွယ်ရှိလှသည်။ စာပေဟောပြောပွဲများ၌ ဟာသအနှောများဖြင့် အရွှန်းဖောက်တတ်ပြီး ပရိသတ်၏ အာရုံစိုက်မှုကို ရပြီဆိုသည်နှင့် နားထောင်သူပရိသတ်အား ဆရာကြီး ပေးချင်သော အသိပညာ၊ အတွေးအမြင်များကို တသီကြီးပေးတတ်သည်။ ဟောပုံပြောပုံ လေယူလေသိမ်းတို့မှာ ငြီးငွေ့ဖွယ်မရှိဘဲ တရစပ် နားထောင်လိုစိတ်ဖြစ်အောင် ဟောပြောနိုင်စွမ်းရှိသူဖြစ်သည်။

ဤကဲ့သို့ စာပေအပေါ် တန်ဖိုးထားမြတ်နိုးသော ဆရာကြီး၏တန်ဖိုးသည် ကျွန်ုပ်တို့အတွက် အတိုင်းအဆမရှိ ကြီးမားလှပါသည်။ ယခုအခါ ဆရာကြီးသည် အသက် ၈၀ ပြည့်ခဲ့ပြီဖြစ်သည်။ ဆရာကြီးတွင် သားတစ်ဦး သမီးတစ်ဦးရှိပြီး ဇနီးဒေါ်မြင့်မြင့်နှင့်အတူ အမှတ် (၅၇)၊ ခရေပင်လမ်း၊ ၂ (ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့တွင် နေထိုင်ကာ စာပေတာဝန်များကို တတ်စွမ်းသရွေ့ ထမ်းဆောင်လျက်ရှိပါသည်။ ဆရာကြီး ယခုထက်မက အသက်ရှည်ရှည်၊ ကျန်းကျန်းမာမာဖြင့် စာပေတာဝန်နှင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကိုးကား

(၁) မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၂)
(၂) လယ်တွင်းသားစောချစ်၏ စကားလက်ဆောင်စာအုပ်မှ ကိုယ်ရေးဖြစ်စဉ်။
(၃) လယ်တွင်းသားစောချစ်၏ “ပန်းလိုချင် အပင်ကို ပျိုးတတ်မှ”
(၄) လယ်တွင်းသားစောချစ်၏ “ကလောင်သွေး၍ စာရေးလိုလျှင်”
(၅) Wikipedia

# သူနာပြုသင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလပြီးဆုံးသည့်အခါ နိုင်ငံ့ဝန်ထမ်းအဖြစ် ချက်ချင်းခန့်အပ်နိုင်ရေး ကြိုတင်စီစဉ်ထား

နေပြည်တော် အောက်တိုဘာ ၁၆

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်(ခုတင်-၁၀၀၀) ဆေးရုံဝင်း အတွင်းရှိ သူနာပြုသင်တန်းကျောင်းသို့ သွားရောက်၍ သူနာပြု သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။**

### သက်သာချောင်ချိရေး ဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သူနာပြုသင်တန်းကျောင်းတွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ စားသောက်ရေးကိစ္စရပ်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ သူနာပြုသင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလ ပြီးဆုံးသည့်အခါတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် ချက်ချင်းခန့်အပ်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိပါကြောင်း၊ အလုပ်ဝင်ရောက်ပြီးပါကလည်း ဝတ်စုံစရိတ်၊ စားစရိတ်၊ ညဂျူတီတာဝန်ကျစရိတ်၊ နိုင်ငံတော်မှ ထောက်ပံ့ပေးငွေ စသည်ဖြင့် ဝန်ထမ်းသက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သူနာပြုများ၏ ဘဝတက်လမ်းနှင့် ရာထူးတိုးမြှင့်ရေး အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ထားသည်များ ရှိပါကြောင်း၊ ယခုသင်တန်းကာလအတွင်းတွင် ကြိုးစား၍ လေ့လာသင်ကြားကြစေလိုပါကြောင်း၊ မိမိတို့သင်တန်းကျောင်းမှရရှိထားသည့် ကောင်းမွန်သည့် အတွေ့အကြုံများကိုလည်း အကြောင်းအမျိုးမျိုးကြောင့် သင်တန်းမှကင်းကွာနေသည့် မိတ်ဆွေသူငယ်ချင်းများထံ တစ်ဆင့်မျှဝေ ပြောကြားပေးကြရန်ဖြစ်ပါကြောင်း၊ သင်တန်းပြီးဆုံးပါက နိုင်ငံတော်တာဝန်ကို သင်တန်းစတင် တက်ရောက်စဉ်က ရေးထိုးထားသည့် ဝန်ခံကတိစာချုပ်အတိုင်း ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များရှိပါက တင်ပြပေးကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျန်းမာရေးဝန်ထမ်းများနှင့် သူနာပြုများသည် ပြည်သူတို့အတွက် မရှိမဖြစ်ဝန်ထမ်းများဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် သင်တန်းသား၊ သင်တန်းသူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် သင်တန်းပြီးဆုံးသည် အထိ ဆန်နှင့်ဆီများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



### မရှိမဖြစ်အရေးပါ

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းသဘောသဘာဝအရ မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များအလိုက် ပေါင်းစပ်၍ ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သူနာပြုများ၏ အခန်းကဏ္ဍသည် မရှိမဖြစ် အရေးပါသည်ဖြစ်၍ သင်ကြားပေးသည့်ပညာရပ်များကို ကြိုးပမ်း၍ သင်ကြားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သူနာပြုသင်တန်းကျောင်းရှိ ကွန်ပျူတာခန်း၊ စာကြည့်တိုက်၊ တိုးချဲ့ထမင်းစားဆောင်၊ ပုံသဏ္ဌာန်တူ သင်ကြားလေ့ကျင့်ရာဌာန(Skill lab) တို့ကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ သူနာပြု/သားဖွား ၃၁ ကျောင်းကို အောက်တိုဘာ ၇ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့အထိ သူနာပြုတတိယနှစ်နှင့် သားဖွားဒုတိယနှစ် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၈၁ ဦး တက်ရောက်လျက်ရှိပြီး နေပြည်တော် သူနာပြု/ သားဖွား သင်တန်းကျောင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ၅၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

### နှာခေါင်းစည်းများဖြန့်ဝေ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် အသက် (၄၅)နှစ်နှင့်အထက် ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု၊ QR Code ပါဝင်သော ကာကွယ်ဆေး ထိုးနှံပြီးစီးမှု မှတ်တမ်းကတ်များ ထုတ်ပေးနေမှုနှင့် ကာကွယ်ဆေးထိုးနှံပြီးစီးပါက ကာကွယ်ဆေးထိုးနှံခြင်း စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (Vaccine Management Information System-VMIS) တွင် စာရင်းသွင်းဖြည့်ဆည်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံမှု ခံယူလာသူ မိဘပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) များ ဖြန့်ဝေပေးသည်။

### ဆက်လက်ထိုးနှံပေးမည်

ထို့နောက် အသက်(၁၂)နှစ်နှင့် အထက် ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ဆက်လက်ကြည့်ရှုအားပေးရာ၌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူများကို ဦးစားပေးထိုးနှံ၍ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားလာသည့်အခါမှသာ အသက်(၁၂)နှစ်မှ (၁၈)နှစ်အထိ အသက်အုပ်စုများကို တိုးချဲ့ထိုးနှံပေးခြင်းဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် ကျောင်းအမှန်တကယ်တက်ရောက်မည့် ကျောင်းသူကျောင်းသားများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန်နှင့် ဘေးကင်းစိတ်ချစွာ ပညာသင်ကြားနိုင်ရေး၊ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကျောင်းများမှတစ်ဆင့် အစုလိုက်အပြုံလိုက် ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရန်ရည်ရွယ်၍ ယခုအချိန်တွင် ကျောင်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကို ဦးစားပေးအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတက်ရောက်နိုင်ခြင်းမရှိသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသို့ အမှန်တကယ်တက်ရောက်လာသည့်အခါ ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အသက်(၁၈)နှစ်အထက် ကာကွယ်ဆေး လွှမ်းခြုံမှုများ မြင့်မားစွာရရှိလာသည့်အခါတွင် အဆိုပါ အသက်(၁၂)နှစ်မှ အသက်(၁၈)နှစ်အတွင်းရှိသူမည်သူကိုမဆို ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကာကွယ်ဆေးထိုးနှံခြင်း လာရောက်ခံယူနေသူ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပါးစပ်နှင့် နှာခေါင်းစည်း (Mask)များ ဖြန့်ဝေပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးနေသည့် အဖွဲ့များမှ တင်ပြချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး၊ စခန်းမှူး ဗိုလ်မှူးချုပ် ဇော်နိုင်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကွပ်ကဲမှုအောက်ရှိ ရုံးဌာနအသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးမှု၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေးနှင့် လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေးအတွက် ဖြေလျှော့ ဆောင်ရွက်ပေးမှု၊ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကွပ်ကဲမှုအောက်ရှိ ရုံးဌာနများမှ တပ်မတော်သားများနှင့် မိသားစုဝင်များကိုပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ကြရာ ကတ်ပြား လျှောက်ထားကြသူများနှင့် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှုအပေါ် စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးချုပ် ဇော်နိုင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကွပ်ကဲမှုအောက်ရှိ ရုံးဌာနအသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၄၀၂ စောင်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ၁၃၆၄ ကတ်ကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်နေသည့် ပုဗ္ဗသီရိ မြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ဝါဝါခိုင်က "ပုဗ္ဗသီရိ မြို့နယ်အတွင်း ကျောင်းပေါင်း ၃၉ ကျောင်းမှာရှိတဲ့ အသက် ၁၂ နှစ်နဲ့အထက် အလယ်တန်းနဲ့ အထက်တန်းကျောင်းသား၊ ကျောင်းသူအားလုံးပေါင်း ၁၀၀၉၂ ဦးရှိပါတယ်။ အောက်တိုဘာ ၁၂ ရက်ကနေ ၁၅ ရက်နေ့အထိ ပထမအကြိမ်အနေနဲ့ ကာကွယ်ဆေးထိုးနှံပြီးတဲ့ ကျောင်းသား ဦးရေကတော့ ၁၀၀၀ ရှိပါပြီ။ ဒီနေ့ ကျောင်းသား ကျောင်းသူ ဦးရေ ၅၀၀ ကျော်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းတွေက ဆေးအဖွဲ့ သုံးဖွဲ့ခွဲပြီး ဆက်လက်ထိုးနှံပေးနေပါတယ်။ အခုအချိန်က ကျောင်းတွေ ပိတ်ထားတော့ ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံပေးဖို့အတွက် ဖုန်းနဲ့ဆက်သွယ်တဲ့အခါ ကျောင်းသားအချို့ ခရီးလွန်နေတာကြောင့် ပြန်ရောက်မှ ထိုးနှံမယ့်သူတွေ ရှိတယ်၊ အချို့အထက်တန်း ကျောင်းသား ကျောင်းသူတွေက အသက် ၁၈ နှစ် ကျော်နေတဲ့အတွက် သူတို့ရဲ့ ရပ်ကွက်အစီအစဉ်နဲ့ ဆေးထိုးပြီးတာတွေလည်း ရှိပါတယ်" ဟု ပြောသည်။

ကာကွယ်ဆေးထိုးမည့် စုရပ်နေရာများ၌လည်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ဆေးဘေစင်များ ထားရှိ၍ လက်ဆေးစေခြင်း၊ Mask နှင့် Face Shield များ ဝတ်ခြင်း၊ ဆေးထိုးရန် လာရောက်သည့် ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်း၊ သွေးထဲတွင်ရှိသည့် အောက်ဆီဂျင်ပမာဏ တိုင်းတာခြင်းတို့ကို ဦးစွာဆောင်ရွက်ပြီး ယင်းလုပ်ငန်းစဉ်များ ပုံမှန်ဖြစ်မှသာ ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ကာ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ လိုအပ်ပါက သမားတော်အဖွဲ့ဖြင့် ကုသပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

"ဒီနေ့ဆက်လက် ထိုးပေးနေတဲ့အချိန်ထိ ဘေးထွက်ဆိုးကျိုး မတွေ့ရဘူး။ နံနက်ပိုင်း ဆေးလာထိုးရတာဆိုတော့ နံနက်စာ မစားခဲ့လို့ သာမန်ခေါင်းမူးတဲ့ ကျောင်းသားအချို့ပဲ တွေ့တယ်။ သူတို့ကို အဆာပြေတစ်ခုခု စားခိုင်းပြီး ၁၀ မိနစ်လောက် ခဏနားခိုင်းတဲ့အခါ ပုံမှန်အတိုင်း ပြန်လည်ကောင်းမွန်လာပါတယ်။ ကာကွယ်ဆေး လာရောက်ထိုးဖို့ မကြောက်ကြပါနဲ့။ လာရောက်ထိုးနှံကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေးမှု အပြည့်အဝ လုပ်ဆောင်ပြီးမှ ဆေးထိုးဖို့ ပုံမှန်အနေအထားရှိမှသာ ဆေးထိုးဖို့ မှတ်ချက်ပေးပြီး ဆေးထိုးပေးတာ ဖြစ်တဲ့အတွက် ကာကွယ်ဆေး မထိုးရသေးတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ မိဘနဲ့ အုပ်ထိန်းသူတွေကိုလည်း ဆေးလာရောက်ထိုးနှံဖို့ ပူးပေါင်းပါဝင်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု ဒေါ်ဝါဝါခိုင်က ဆက်လက်ပြောသည်။

ကိုဗစ် - ၁၉ ကာကွယ်ဆေး မထိုးမီ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ကာကွယ်ဆေးထိုးနှံပေးမှုနှင့် ပတ်သက်၍ ကြိုတင်အသိပညာ ပေးခြင်းများ ဆောင်ရွက်ပြီး မိဘအုပ်ထိန်းသူများ၏ သဘောတူညီချက် လက်မှတ်ရရှိမှသာ ကာကွယ်ဆေးကို ထိုးနှံပေးခြင်း ဖြစ်ကြောင်း သိရသည်။





ကာကွယ်ဆေး လာရောက်ထိုးနှံပေးသည့် အလယ်တန်းကျောင်းသူတစ်ဦး၏ မိဘဖြစ်သူ ဒေါ်မြမြဝင်းက "ကျွန်မသမီးက အလယ်တန်းကျောင်းသူပါ။ ကျွန်မလည်း ကိုဗစ် ကာကွယ်ဆေး နှစ်ကြိမ်လုံးထိုးပြီးပါပြီ။ ကာကွယ်ဆေးရဲ့ အားသာချက်တွေကို သိရှိထားတဲ့အတွက် ကိုယ့်ရဲ့ ကလေး ကာကွယ်ဆေးထိုးဖို့ အခွင့်အရေးရတာနဲ့ ဒီနေ့ အမြန်ဆုံး လာရောက်ထိုးနှံပေးတာပါ။ ကျောင်းသားတွေကို ကာကွယ်ဆေး ထိုးနှံပေးပြီးရင်လည်း ကျောင်းကို မြန်မြန်ပြန်ဖွင့်ပေးစေချင်ပါတယ်။ ကလေးတွေ စာသင်ခန်းနဲ့ ဝေးကွာသွားရင် စိတ်လေသွားမှာ စိုးရိမ်တယ်။ ကျွန်မတို့ မိဘတွေအနေနဲ့ သားသမီးတွေကို ပညာအမွေပေးတာက သူတို့လေးတွေအတွက် အကောင်းဆုံးလို့ မှတ်ယူထားပါတယ်။ ပညာအမွေက ကလေးတွေအနာဂတ်အတွက် အာမခံချက်ပေးနိုင်ပါတယ်" ဟု ပြောသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံကြသည့် ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံပြီး နောက်ဆက်တွဲ ပြဿနာ၊ အန္တရာယ်တစ်စုံတစ်ရာ ရှိ၊ မရှိ သိရှိနိုင်ရန် နာရီဝက် စောင့်ကြည့်ပြီးမှသာ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်းနှင့်ဆေးထိုးပြီး ၂၄ နာရီအတွင်း တစ်စုံတစ်ရာ ထူးခြားမှုရှိပါက ချက်ချင်း သတင်းပေးပို့ အကြောင်းကြားနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံသည့် လယ်ဝေးမြို့နယ်မှ အလယ်တန်းကျောင်းသူ မသုဝေစံက "ကာကွယ်ဆေးထိုးဖို့အတွက် ကျောင်းက အတန်းပိုင်ဆရာမ ဖုန်းဆက်ပါတယ်။ ကာကွယ်ဆေး ထိုးပြီးပါပြီ။ ဆေးထိုးတဲ့အခါ နည်းနည်းနာတာလောက်ပဲ ခံစားရတယ်။ ကျန်တာတော့ ဘာမှ မခံစားရဘူး။ အခုလို ဆေးထိုးပေးတဲ့အတွက် ဆရာ၊ ဆရာမ တွေနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျောင်းပြန် တက်ချင်နေပါပြီ။ အိမ်မှာ စာတွေလေ့လာနေတယ် ဆိုပေမယ့် မသိနားမလည်တာရှိရင် အခက်တွေ့ပါတယ်။ ကာကွယ်ဆေးထိုးနှံပြီး ကျောင်းပြန်တက်ရတော့မယ် ဆိုတော့ ဆရာ၊ ဆရာမတွေနဲ့ ပညာသင်ကြားခွင့်ရပြီး ကျောင်းက သူငယ်ချင်းတွေနဲ့လည်း ပြန်ဆုံရတော့မယ်ဆိုတော့ ဝမ်းသာပါတယ်"ဟု ပြောသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း မြို့နယ်များအလိုက် ဆေးထိုးနှံရန် သတ်မှတ်ထားသည့် စုရပ်နေရာများ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို နေ့ရက်အလိုက် သတ်မှတ်ထားသည့် လူဦးရေစာရင်းအပြင် အကြောင်း အမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသည့် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယင်းတို့၏ မိခိုမိသားစုဝင်များကိုလည်း ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံသည့်နေရာများတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အသက်၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ သိရှိလိုက်နာရမည့်အချက်များ၊ ပညာပေးဗီနိုင်းဆိုင်းဘုတ်များကို ကာကွယ်ဆေး လာရောက်ထိုးနှံကြသူများ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲကြေညာထားသည်ကိုလည်း တွေ့ရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံကြမည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်စေရန် School Bus များ စီစဉ်ပေးထားပြီး ဆေးထိုးစုရပ် ကျောင်းပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များက လုံခြုံရေးဆောင်ရွက်ပေးသည်ကိုလည်း တွေ့ရသည်။

**ဟိန်းဂျိုင်း**

**ဓာတ်ပုံ-ကိုကိုထိန်**

## ထိုးကြ ကိုဗစ်ကာကွယ်ဆေး

* ပန်းကလေးတွေ ဖူးပွင့်စီ<br>မွှေးကြိုင်သင်းတော့မည်။<br>ဥတုရာသီ တွက်ကြံဆ<br>ပြုစုပျိုးထောင်ကြ။

* ချိန်ခါမကျ ညိုးရိပ်မြင်<br>ဘက်စုံပြုကာပြင်၊<br>ပန်းဖျက်ပိုးဝင် သတိထား<br>ကြိုတင်ကာကွယ်တား။

* ကျောင်းသူကျောင်းသား ထိုအရွယ်<br>ပန်းလှပမာနှယ်၊<br>အနာဂတ်ဝယ် လန်းစေမှန်း<br>တန်ဖိုးထားကြစမ်း။

* ကျန်းမာသန်စွမ်း ဖြစ်ရည်သန်<br>အထူးကြိုစီမံ၊<br>ဆောင်ရန်ရှောင်ရန် ကျင့်ကြံပေး<br>ဖျက်ပိုးကင်းစင်ဝေး။

* ကောင်းစွာဟစ်ကြွေး သည့်ချိန်ခါ<br>နိုင်ငံတော်ရဲ့စေတနာ၊<br>လေးစားလိုက်နာ အမှန်ရွေး<br>ထိုးကြကိုဗစ်ကာကွယ်ဆေး။ ။

ဖိုလေးလုံးသောင်းကိုကို

## မြိတ်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိ

**မြိတ် အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ကျောင်းသား ကျောင်းသူ ၂၃၇၁၆ ဦးအား ထိုးနှံပေးမည့် ကိုဗစ်ရောဂါ ကာကွယ်ဆေး (Sinovac)နှင့် ဆေးထိုးအပ်များသည် ယနေ့ မွန်းလွဲပိုင်းက တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့ လေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

ရောက်ရှိလာသည့် ကိုဗစ်ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက မြိတ်လေဆိပ်အတွင်း လွှဲပြောင်းပေးအပ်ခဲ့ရာ ဒုတိယခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရင်ရင်နွဲ့ က လက်ခံရယူခဲ့ပြီး ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဆက်လက်ဖြန့်ဖြူးပေးအပ်ခဲ့သည်။ ကိုဗစ်ကာကွယ်ဆေးများတွင် မြိတ်မြို့နယ်မှ ၈၃၁၁ ဦး၊ ကျွန်းစုမြို့နယ်မှ ၇၉၅၉ ဦး၊ ပုလောမြို့နယ်မှ ၃၄၈၂ ဦး၊ တနင်္သာရီမြို့နယ်မှ ၃၉၆၃ ဦးတို့အား ပထမအကြိမ်အဖြစ် မြို့နယ်များအလိုက် ကြိုတင်ပြင်ဆင်ထားသည့် အစီအစဉ်အတိုင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် ကျောင်းအုပ်ကြီးများနှင့် မိဘအုပ်ထိန်းသူများကို မိမိတို့၏ သား/သမီးများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ညှိနှိုင်းဆောင်ရွက်ထားရှိပြီး ကိုဗစ်ကာကွယ်ဆေးကို အောက်တိုဘာ ၁၇ ရက်မှ စတင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ် ပြန်/ဆက်)**

## မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၆**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

မိုး/ဇလ

# အသင်းသားများအကျိုးအလေးထား၍ အစွန့်ရှည်သော သမဝါယမပုံစံ တည်ဆောက်ကြပါစို့

## K ဇင်သစ် (မန်းတက္ကသိုလ်)

အခက်အခဲအကျပ်အတည်းကြားက ရုန်းထနေသည့် မြန်မာ့သမဝါယမအကြောင်း စေ့ငုလိုချင်စိတ်က ရင်ထဲတွင် တစိမ့်စိမ့်ခံစားနေမိပါသည်။ ၁၉၀၅ ခုနှစ်ကတည်းက သန္ဓေတည်ရှင်သန်ရပ်တည်ခဲ့သည့် မြန်မာ့သမဝါယမသည် လောကစံတရားကို ကြံ့ကြံ့ခံရင်း နှစ်ပေါင်း ၁၁၇ နှစ်တိုင် နီးကြားတက်ကြွနေခဲ့ပြီး အသွင်သဏ္ဍာန်နှင့် အနှစ်သာရကတော့ ရှင်လန်းစွာ ပြုံးပျော်နေသည်ဟု မှတ်ယူရပေမည်။ ဝေဖန်သံတွေကြားက တစ်ကျော့ပြန် ဦးမော့လာသည်ဟု ဆိုရမည့် ၁၇-၆-၂၀၂၁ ရက်နေ့တွင် အသစ်ဖွဲ့စည်းလိုက်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တစ်ချိန်က လုပ်ဆောင်ခဲ့သည့် သမဝါယမပုံစံမျိုးနှင့် ဆောင်ရွက်မည် မဟုတ်တော့ဘဲ အမှန်အလုပ်လုပ်ပြီး စုပေါင်းဆောင်ရွက်လိုစိတ်ရှိသူ၊ သမဝါယမအခြေခံမူ၊ ကျင့်ဝတ်နှင့် အနှစ်သာရတို့ကို လေးစားလိုက်နာလိုသူများဖြင့် စည်းရုံးဖွဲ့စည်း လုပ်ဆောင်မည်ဟု မူဝါဒချမှတ်ထားသည့်အတွက် မြန်မာ့မြေဝယ် သမဝါယမ၏ အစွန့်ရှည်မှုက ကြာရှည်စွာ တည်ရှိနေတော့မည်ဟု ဆိုရမည်ဖြစ်ပေသည်။

> ❖ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းအစီအမံများ ချမှတ်ကာ ကျေးလက်နေပြည်သူများ၏ လက်ငင်းအကျိုး ဖြစ်ထွန်းစေနိုင်မည့် ဝင်ငွေရလမ်းများကို ဖော်ဆောင်ပေးပြီး စိုက်ပျိုး၊ မွေးမြူသူများ ပါဝင်သည့် သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းပြီး တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ကမ္ဘာ့နိုင်ငံများတွင် အောင်မြင်နေသည့် သမဝါယမများက အသင်းသားများ၏ အကျိုးကို အလေးထား၍ နိုင်ငံစီးပွားရေး၏ တစ်ထောင့်တစ်နေရာတွင် အထောက်အကူပြုနေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုကြောင့် အများ၏ ယုံကြည်မှုကိုရရှိကာ အောင်မြင်မှု အစွန့်ရှည်နေခြင်းကို တွေ့မြင်နေရပါသည်။ ယင်းသို့သော နိုင်ငံတကာစံနှုန်းများကို နမူနာယူပြီး မြန်မာ့သမဝါယမလောကသားများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အချိန်အခါကောင်းကို တွေ့နေရပြီဟု ဆိုရပေမည်။ မဖြစ်မနေ အားလုံးပါဝင်ရမည်၊ အသင်းတွင် ရပ်ကွက်/ကျေးရွာရှိ နေထိုင်သူအားလုံး အသင်းသားဖြစ်ရမည်ဆိုသော အခြေအနေမျိုးကို လုပ်ဆောင်တော့မည် မဟုတ်ဘဲ ဆန္ဒရှိသူများကို အလေးထားဦးစားပေးပြီး စုပေါင်းလုပ်ဆောင်ခြင်းကြောင့် အကျိုးအမြတ်များ ရရှိကာ ရရှိလာသော အကျိုးအမြတ်ကို အချိုးကျ စုပေါင်းခွဲဝေယူရသည့် စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက အဘယ်မှာ မအောင်မြင်ဘဲ ရှိပါတော့အံ့နည်း။

### ဝင်ငွေ တိုးပွားရရှိစေမည်

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် ဝင်ငွေရရှိရေးတို့မှာ စုပေါင်းထုတ်လုပ်၊ စုပေါင်းရောင်းချ၊ အများဆန္ဒဖြင့် စီမံခန့်ခွဲခြင်းများက ရေရှည်အောင်မြင်မှုကို ရရှိနိုင်မည် ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိနေကြပါသည်။ စိုက်ပျိုး၊ မွေးမြူရေး ထုတ်ကုန်များကို ဈေးကွက်ရရှိအောင် နည်းလမ်းရှာဖွေပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေ တိုးပွားရရှိစေမည် ဖြစ်ပါသည်။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများကို တစ်နိုင်တစ်ပိုင်ထူထောင် လုပ်ကိုင်ကြခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးပွားရေးကို ဦးတည်လုပ်ဆောင်ပေးမှသာလျှင် ယင်းတို့၏ လူနေမှုဘဝ တိုးတက်လာပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမောင်းနှင်အားကို တိုက်ရိုက်အကျိုးပြုစေမည် ဖြစ်ပါသည်။

ဝေးလံခေါင်သီ နယ်မြေများမှအပ နိုင်ငံအတွင်း ကျေးရွာ/ရပ်ကွက် အများစုတွင် သမဝါယမအသင်းများ ဖွဲ့စည်းထားမှု အများစုရှိနေပြီဟု သိရှိရပါသည်။ ဖွဲ့စည်းပြီး သမဝါယမအသင်းများတွင် ပါဝင်နေကြသည့် အသင်းသားပြည်သူများ အနေဖြင့်လည်း အသင်း၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရန်နှင့် အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုအပေါ် ဝိုင်းဝန်းအကြံပြု လုပ်ဆောင်ကြရန်လည်း အမှန်ပင် လိုအပ်ပါသည်။ တောင်သူတစ်ဦးချင်းစီ စိုက်ပျိုးထွက်ရှိလာသည့် ထုတ်ကုန်များကို ဈေးနှုန်းထိန်းညှိနိုင်ရေး၊ ဈေးကွက်ချိတ်ဆက်မှု ရရှိနိုင်ရေးစုပေါင်းအားဖြင့် လုပ်ဆောင်ပါက သာမန်ထက်ပို၍ ဝင်ငွေတိုးပွားနိုင်မည် ဖြစ်ပါသည်။ ၃၁-၈-၂၀၂၁ ရက်နေ့အထိ အိမ်ထောင်စုကို အခြေခံသော အသင်းသားပြည်သူ ၄ ဒသမ ၂ သန်းဖြင့် ကုန်ထုတ်လုပ်မှု သမဝါယမအသင်း ၃၂၃၃၅ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၈၉၃ သင်း၊ ကုန်သွယ်မှု သမဝါယမအသင်း ၃၁၀၉ သင်း စုစုပေါင်း ၃၉၃၃၇ သင်း ဖွဲ့စည်းထားကြောင်း သိရှိရပါသည်။ ဖွဲ့စည်းပြီး သမဝါယမအသင်းများကို ကျစ်လျစ်ခိုင်မာပြီး အမှန်တကယ် အလုပ်လုပ်သော အသင်းသား/ အသင်းဝင်အကျိုးကို အလေးထားဦးစားပေးသည့် အသင်းများ ဖြစ်ပေါ်လာစေရေး လွန်စွာမှ အရေးကြီးလှပါသည်။ အလုပ်မလုပ်သော အသင်း၊ အသင်းသား/အသင်းဝင် များကို အကျိုးပြုခြင်းမရှိသည့် အသင်းများကိုလည်း ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းသင့်ကဖျက်သိမ်းကြရမည် ဖြစ်ပေသည်။

### ရေရှည်ဖွံ့ဖြိုးရပ်တည်နိုင်ရန်

အသင်းသားများ၏ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် အသင်းကို ဦးဆောင် ဦးရွက်ပြုနေကြသော ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် အသင်းသားအကျိုးကို လေးလေးနက်နက် စဉ်းစားပြီး လက်တွေ့ကျသော လုပ်ဆောင်မှုများဖြင့် သက်သေထူကြရန် အချိန်တန်နေပြီ ဖြစ်ပါသည်။ အသင်းရေရှည်ဖွံ့ဖြိုးရပ်တည်နိုင်ရန် စဉ်းစားလုပ်ဆောင်ရမည် ဖြစ်သကဲ့သို့ မျက်မှောက်ခေတ်ကာလ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအနေဖြင့် ရရှိလာသည့် အကျိုးအမြတ်များကို အသင်းသားများအား ထိရောက်သော ပံ့ပိုးမှုများ လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုပါသည်။ အချို့အသင်းများတွင် ဝင်ငွေတိုးပွားမှုများရှိသော်လည်း အသင်းသားရပိုင်ခွင့်မှာ အနည်းအကျဉ်းမျှရှိနေသည်ကိုလည်း တွေ့ရပါသည်။ သမဝါယမအပေါ် ပြည်သူများ၏ ယုံကြည်မှု အားနည်းနေချိန်တွင် အသင်းသား/ အသင်းဝင်ဖြစ်ရခြင်းကြောင့် အကျိုးခံစားခွင့်ကို ထိထိရောက်ရောက် ခံစားရရှိတာမျိုးကို ပုံဖော်လုပ်ဆောင်ပေးဖို့ လိုအပ်လှပါသည်။ အချို့အသင်းများသည် အသင်း၏ ရင်းနှီးပိုင်ဆိုင်မှုတွေသာ တိုးပွားနေပြီး အသင်းသားတစ်ဦးချင်းစီ၏ အကျိုးခံစားခွင့် သိသာထင်ရှားမှု အားနည်းနေသေးသည်ကို တွေ့ရပါသည်။

သမဝါယမအသင်းသည် ရရှိလာသောအကျိုးအမြတ်များကို အသင်းသားများအား အစုပေါ်အမြတ်၊ စုဆောင်း/ရင်းနှီးပေါ်အတိုး ထုတ်ပေးခြင်း၊ သာရေး၊ နာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရေးရွာရေး၊ ဖွံ့ဖြိုးရေးတို့ကို ကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိနေသော်လည်း အများပြည်သူများ၏ အသိစိတ်တွင် အသင်းသားဖြစ်ရခြင်းကြောင့် ယင်းကဲ့သို့သော အကျိုးခံစားခွင့်များ ရရှိနေကြသည်ကို ရှင်းရှင်းလင်းလင်း မသိရှိကြသေးသူများလည်း ရှိနေကြပေသည်။ အများ၏ စုပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိနေသော အသင်းများကို အတုယူကာ အခြားသော အသင်းများအနေဖြင့် ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှု လုပ်ငန်းများကို ဖြစ်ပေါ်နေသည့် ခေတ်ကာလ စီးပွားရေးဖြစ်ထွန်းမှုများနှင့် လိုက်လျောညီထွေ တိုးတက်မှုရှိအောင် ဆောင်ရွက်ပြီး အသင်းသားများအကျိုး ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးရန် လိုအပ်လှပေသည်။

ကျေးလက်နှင့် မြို့ပြကွာခြားမှုကို အတတ်နိုင်ဆုံး လျှော့ချရေး၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ကောင်းမွန်အောင် လုပ်ဆောင်ပေးရေး၊ ဒေသထွက်ကုန်များကို ခေတ်မီသော ထုပ်ပိုးမှုပုံစံဖြင့် One Village One Product စနစ်ဖြင့် စံပြထုတ်ကုန်တစ်မျိုးချင်းကို ဈေးကွက်ဝင်ရရှိရေး ဆောင်ရွက်ခြင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ခြင်း၊ စပါးဈေးတည်တံ့အောင် ထိန်းသိမ်းနိုင်ရေးအတွက် တောင်သူများ တိုက်ရိုက်အကျိုးဖြစ်ထွန်းနိုင်သည့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးတို့ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး သမဝါယမအသင်းများ၊ အသင်းသားများ၏ လိုအပ်ချက်များကို တတ်စွမ်းသမျှ ပေါင်းစပ်ညှိနှိုင်းလျက်ရှိနေခြင်းသည် သမဝါယမအသင်းများအဖို့ အစိုးရ၏ အားပေးကူညီမှုကို ရရှိနေသည်ဟု မှတ်ယူရမည်ဖြစ်ပေသည်။

### ကူညီပံ့ပိုး ဆောင်ရွက်ပေး

ကမ္ဘာ့နိုင်ငံအစိုးရများတွင်လည်း သမဝါယမအသင်းများဖွံ့ဖြိုးရေးအတွက် အစိုးရများ၏ ကူညီပံ့ပိုးမှုများ စီစဉ်ဆောင်ရွက်ပေးခြင်းကြောင့် အောင်မြင်မှုများ ရရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ သမဝါယမအသင်းဖွဲ့စည်းခြင်းတွင် အမှန်တကယ် အလုပ်လုပ်ပြီး တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ခြင်းထက် အများဖြင့်ပူးပေါင်း၍ အသင်း၏ လုပ်ငန်းများကို ကိုယ်တိုင် ပါဝင်ကူညီဆောင်ရွက်ကြသူများ ဖြစ်ရန်လိုပါသည်။ မိမိ၏ လိုအပ်ချက်ကို ရှေ့တန်းတင်ပြီး ကိုယ်ကျိုးစွက်ဖက်ခြင်းထက် မိမိကဲ့သို့ စိုက်ပျိုးသူ၊ မွေးမြူသူတစ်ဦးချင်း ကိုယ်စီ ပူးပေါင်းခြင်းကြောင့် ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းတို့ကို ပြုလုပ်ရာတွင် စုပေါင်းလုပ်ဆောင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး၊ လိုအပ်သည့် သွင်းအားစုများကို အများအတွက် တစ်စုတစ်စည်းတည်း ဝယ်ယူခြင်းကြောင့် တစ်ဦးချင်း အနေဖြင့် ဈေးနှုန်းသက်သာမှုရရှိခြင်းတို့ကိုပါ အကျိုးခံစားခွင့် ရရှိမည်ဖြစ်သည်ဆိုသည့် စိတ်ရင်းဆန္ဒများရှိကြရန်လည်း လိုမည်ဖြစ်ပါသည်။ အမှန်တကယ် အလုပ်လုပ်ပြီး အများအကျိုးဆောင်ရွက်သည့်အသင်းများကို ငွေကြေး၊ နည်းပညာ၊ ဈေးကွက်ရရှိရေး သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ သမဝါယမအသင်း အဆင့်ဆင့်နှင့် ညှိနှိုင်းပူးပေါင်းပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်ဟုလည်း ကြားသိရသည့်အတွက် မြန်မာ့မြေဝယ် သမဝါယမများ ဆက်လက် ရှင်သန်တည်ရှိနေပေမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းအစီအမံများ ချမှတ်ကာ ကျေးလက်နေပြည်သူများ၏ လက်ငင်းအကျိုး ဖြစ်ထွန်းစေနိုင်မည့် ဝင်ငွေရလမ်းများကို ဖော်ဆောင်ပေးပြီး စိုက်ပျိုး၊ မွေးမြူသူများ ပါဝင်သည့် သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းပြီး တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် သမိုင်းမှတ်တိုင်ကို ထူထောင်နေသည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ကြာအင်းဆိပ်ကြီးမြို့၌ အောက်ဆီဂျင်စက်ရုံသစ် ဖွင့်လှစ်



အောက်ဆီဂျင်စက်ရုံကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ဖွင့်လှစ်ပေးစဉ်။

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ရှိ အောက်ဆီဂျင်စက်ရုံသစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၄ ရက်က ဖွင့်လှစ်ပေးပြီး မြို့နယ်အတွင်းမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ကြာအင်းဆိပ်ကြီးမြို့ အမှတ် (၃) ရပ်ကွက် အောင်ဟိုတယ်၌ ကျင်းပသော အောက်ဆီဂျင်စက်ရုံဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ “အောင်” အောက်ဆီဂျင်စက်ရုံ ဥက္ကဋ္ဌ ဦးသိန်းဦးကစက်ရုံနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ KNU ဒူးပလာယာခရိုင်ဥက္ကဋ္ဌ ပဒိုရွှေမောင်းနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

“အောင်” အောက်ဆီဂျင် စက်ရုံသစ်အတွက် တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးလေးလုံး ထုတ်လုပ်နိုင်သည့် တရုတ်နိုင်ငံထုတ်စက်ကို အောင်ပိုင်မိုးမြေကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၇၈၀ ဖြင့် ဝယ်ယူမတည်လှူဒါန်းပြီး အများပြည်သူထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၄၅၀ ဖြင့် လီတာ ၄၀ ဆလင်ဒါအိုး ၁၅၀ ကို ဝယ်ယူ၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါး ဆင်းသုခ (RC-CS) မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်း ဆောင်ရွက်မှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးနေမှု၊ အမှတ်(၆)ရပ်ကွက် Cyclone Shelter ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နှစ်ခန်းတွဲအာစီသန့်စင်ခန်းနှင့် အများသုံး ရေကန်ဆောက်လုပ်ပြီးစီးနေမှုနှင့် Shelter ဘေးမြေထိန်းနံရံ ပြုလုပ်ပြီးစီးမှု၊ မြို့နယ်ပြည်သူ့ဆေးရုံ၌ တိုးချဲ့နှစ်ထပ်ဆောင် တည်ဆောက်ပြီးစီးမှု စသည်တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကြာအင်းကရင်နှစ်ခြင်း အသင်းတော်၌ကြာအင်းသာသနာနယ် သင်းအုပ်ဆရာတော်ကြီးများအား သွားရောက်ဂါရဝပြု တွေ့ဆုံကာ ဆန်၊ ဆီနှင့် စားသောက်ကုန်များ၊ ကိုဗစ် ကာကွယ်ရေးပစ္စည်းများ၊ အမှတ်တရ လက်ဆောင်များ၊ အလှူငွေများ ပေးအပ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ယာယီပိတ်ထားခဲ့သည့် မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း ပြန်လည်ဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၁၆**

မြန်မာပြည်၏ အချက်အချာကျပြီး ပြည်တွင်းထွက်ရတနာများ ရောင်းဝယ်ဖောက်ကားရာ နေရာဖြစ်သည့် မန္တလေးမြို့ ၈၇ လမ်းနှင့် ၈၈ လမ်းကြား၊ ၃၉ လမ်းနှင့်လမ်း ၄၀ ကြားရှိ မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းကို အောက်တိုဘာ ၁၂ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ထားရာ အရောင်းအဝယ်များ ပြုလုပ်နေကြပြီဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

“ယာယီပိတ်ခဲ့တဲ့ မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းထဲက ဆိုင်တွေ၊ ဆိုင်ခန်းတွေမှာ ကျောက်ကိုပြပြီး ဝီချက်နဲ့ရောင်းတာတွေ၊ ကျောက်သွေးခုံဆိုင်ခန်းတွေ၊ စခန်းအပြင်ဘက်မှာ ခင်းကျင်းရောင်းချတဲ့ ပျံကျဆိုင်တွေ စတဲ့ဆိုင်ခန်းအားလုံး တစ်ပြိုင်တည်းဖွင့်တာပါ။ ကျောက်ရောင်းဝယ်လုပ်ကိုင်နေသူ တချို့က အနီးဝန်းကျင်လမ်းပေါ်မှာ အစုအဖွဲ့နဲ့ ရောင်းဝယ်နေကြတာ။ ကိုဗစ်ရောဂါကာကွယ်ရေး စည်းကမ်းချက်နဲ့အညီ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းကို ပြန်ဖွင့်လိုက်တော့ ရောင်းဝယ်သူတွေအတွက် အဆင်ပြေသွားတယ်။ လုံခြုံရေးကင်မရာတွေလည်း ရှိပြီးသား၊ အတွင်းထဲဝင်ရင် Mask တပ်ပြီးမှ ဝင်ရမယ်၊ အဝင်ဝမှာ လက်ဆေးဖို့ ဘေစင်တွေလည်း လုပ်ပေးထားတယ်၊ မိမိကစကာကွယ်တဲ့အနေနဲ့ တတ်နိုင်သမျှ ခပ်ခွာခွာနေပြီး အရောင်းအဝယ်လုပ်ကြဖို့၊ အထဲဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ ကိုဗစ်နဲ့ပတ်သက်ပြီး သိရှိအောင် အသံချဲ့စက်နဲ့ အသိပေးနှိုးဆော်တာကို မကြာခဏ ဆောင်ရွက်ပါတယ်”ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အခွန်ဌာနခွဲမှူး ဦးအေးလွင်က ပြောသည်။


ပြန်လည်ဖွင့်လှစ်သည့် ကျောက်ဝိုင်းအတွင်း ရောင်းဝယ်နေသူများကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု များနေချိန်က ရောဂါထိန်းချုပ်၊ ကာကွယ်နိုင်ရန်အတွက် ယခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရပြီး ယခုအခါ မန္တလေးခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှု သိသာစွာကျဆင်းလာသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်သည်။

“အရင်တုန်းက နေ့စဉ်လာရောက်ရောင်းဝယ်တဲ့လူဦးရေ အဝင်အထွက် ငါးသောင်းလောက်ရှိတယ်။ ပြည်တွင်းသာမက နိုင်ငံခြားသားတွေလည်း လာဝယ်ကြတယ်။ အခုအနေအထားမှာတော့ ပြည်တွင်းအရောင်းအဝယ်လုပ်တဲ့သူ ထောင်ဂဏန်းလောက်ရှိတယ်။ ဝီချက်နဲ့ ရောင်းကြတာဆိုတော့ နည်းသေးတယ်။ အများဆုံး မန္တလေးမြို့ပေါ်က လာကြသလို အနီးဝန်းကျင်ဒေသတွေကလည်း လာပြီး အရောင်းအဝယ်လုပ်ကြတယ်။ မနက် ၆ နာရီကနေ မွန်းလွဲ ၂ နာရီအထိ ဖွင့်ထားတယ်။ ပျံကျအခင်းဝိုင်းတွေမှာဆိုရင် မနက် ၆ နာရီလောက်က လာရောင်းရင် ၁၀ နာရီလောက်ဆိုရင် လူပါးသွားပြီ။ ရောင်းတဲ့သူ သုံးပုံတစ်ပုံလောက်ရှိတယ်။ ကိုဗစ်စည်းကမ်းချက်နဲ့အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း ပြန်ဖွင့်ထားပြီဆိုတော့ လာပြီး ရောင်းဝယ်နိုင်ကြောင်း ပြောကြားလိုပါတယ်”ဟု ဆက်လက်ပြောသည်။

အဆိုပါ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မဖွင့်လှစ်မီက လမ်းဘေးကျောက်ဝိုင်းများအဖြစ် ၃၄ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြားတွင် လက်ကောက်ဝိုင်းနှင့် အပွင့်ဝိုင်း၊ ၈၆ လမ်း၊ ၃၈ လမ်းနှင့် ၄၈ လမ်းကြားတွင် ပါကေးခေါ် အချပ်ဝိုင်းနှင့် ဂွင်းဝိုင်း၊ ၄၂ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားတွင် မီးထိုးဝိုင်း၊ ၃၉ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြားတွင် ပျံကျဝိုင်းများဖြင့် တစ်နိုင်တစ်ပိုင် ရောင်းဝယ်မှုများဖြင့် ပြန့်ကျဲစွာရှိခဲ့ရာ လမ်းများပိတ်ဆို့ခြင်း၊ ယာဉ်များ သွားလာရန် ခက်ခဲခြင်းများကြောင့် တစ်နေရာတည်းတွင် စနစ်တကျ စုစည်းရောင်းဝယ်ဖောက်ကားနိုင်ရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေး စခန်းတွင် လက်ကောက်ဝိုင်း၊ အပွင့်ဝိုင်း၊ ဖြတ်သားနှင့် လွှာချပ်ဝိုင်း၊ စပ်ပုံဝိုင်း၊ ကျောက်စိမ်းပန်းပုနှင့် ရတနာအချောထည်များ၊ ကျောက်သွေး ကျောက်ဖြတ်အလုပ်ရုံများ ပါဝင်သည့် ဆိုင်ခန်း ၁၁၁၇ ခန်းရှိကြောင်း၊ ကျောက်မျက်ရတနာစခန်း အပြင်ဘက်တွင် အမိုးပါ Steel Structure တစ်ထပ်အဆောင် ပျံကျခင်းဝိုင်းများဖြစ်သည့် လေးပေပတ်လည် အကျယ် ၆၁၆ နေရာကို ၂၀၁၈ ခုနှစ်က တည်ဆောက်ပေးခဲ့ကြောင်း၊ ပြည်တွင်းမှ ရတနာကုန်သည်များ၊ လုပ်ငန်းရှင်များ၊ ပွဲစားများအပြင် နိုင်ငံခြားသားများပါ နေ့စဉ် ဝင်ထွက်လှေ့လာ ရောင်းဝယ်လျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော ကျောက်မျက်ရောင်းဝယ်ဖောက်ကားသည့် နေရာလည်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရမ်းဗြဲမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာငါးရွာသို့ ရန်ပုံငွေပြန်လည်ထုတ်ချေး

**ရမ်းဗြဲ အောက်တိုဘာ ၁၆**

ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သော မြစိမ်းရောင်စီမံကိန်းကျေးရွာများမှ ကျေးရွာငါးရွာ၌ နှစ်ပတ်လည်ပြည့်မြောက်သဖြင့် ရန်ပုံငွေများကို ယမန်နေ့က မြို့နယ်ကျေးလက်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ထုတ်ချေးပေးသည်။

စီမံကိန်း ခြောက်နှစ်ပြည့်မြောက်သဖြင့် ခုနစ်နှစ်မြောက်အဖြစ် ပြန်လည်ထုတ်ချေးမည့် ပုန်းဆိုးပြိန်ကျေးရွာ၊ သစ်ပုတ်တောင်ကျေးရွာနှင့် လက်ပန်အဝကျေးရွာ၊ ငါးနှစ်ပြည့်မြောက်သဖြင့် ခြောက်နှစ်မြောက်အဖြစ် ပြန်လည်ထုတ်ချေးမည့် သလူပြိန်ကျေးရွာနှင့် သပြေကျွန်းကျေးရွာတို့အတွက် တစ်ရွာချင်းအလိုက် ချေးငွေများကို ကိုဗစ်- ၁၉ ညွှန်ကြားချက်များနှင့်အညီ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ထွန်းနှင့် ရုံးဝန်ထမ်းများက ထုတ်ပေးခြင်းဖြစ်သည်။

ပုန်းဆိုးပြိန်ကျေးရွာမှ အသင်းသား ၁၃၄ ဦးအား ငွေကျပ် ၅၀၉ သိန်း၊ သစ်ပုတ်တောင်ကျေးရွာမှ အသင်းသား ၂၁၂ ဦးအား ငွေကျပ် ၃၇၅ သိန်း၊ လက်ပန်အဝကျေးရွာမှ အသင်းသား ၁၉၈ ဦးအား ငွေကျပ် ၄၅၉ ဒသမ ၅ သိန်း၊ သလူပြိန်ကျေးရွာမှ အသင်းသား ၁၁၂ ဦးအား ငွေကျပ် ၄၆၄ သိန်းနှင့် သပြေကျွန်းကျေးရွာမှ အသင်းသား ၁၀၉ ဦးအား ငွေကျပ် ၃၉၁ သိန်းတို့ကို ထုတ်ချေးပေးကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**


(၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် အမှတ်(၅)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး ဉာဏ်ဝင်းဦး၊ အမှတ်(၃)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုရဲမှူးကြီးအောင်မျိုးသူနှင့် အမှတ်(၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး အောင်ဇော်ဝင်းတို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၇၅ ဦးက ရန်ကုန်မြို့ တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ အောက်တိုဘာ ၁၃ ရက်က စုပေါင်းသွေးလှူဒါန်းစဉ်။

အိသဥ္ဇာ

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မဲခေါင်မြစ်တစ်လျှောက် ရွှေတြိဂံဇုန်အထိ နိုင်ငံနယ်နိမိတ်အား ကွင်းဆင်းကြည့်ရှု

တာချီလိတ် အောက်တိုဘာ ၁၆

**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင်ဘုန်းကြီးကျောင်း ဆရာတော်အား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တာချီလိတ်ခရိုင် ဝမ်ပုံဆိပ်ကမ်းမှ ရေကြောင်းရဲတပ်ဖွဲ့စက်လှေဖြင့် မဲခေါင်မြစ်တစ်လျှောက် မြန်မာ - ထိုင်း- လာအိုနိုင်ငံ ဆုံတွေ့ရာ ရွှေတြိဂံဇုန်အထိ နိုင်ငံနယ်နိမိတ်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် တာချီလိတ်မြို့ စံလင်းဖြိုးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်နိုင်ရေးအတွက် နေရပ်ပြန်များ ထားရှိမည့်နေရာများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ နေရပ်ပြန်များထားရှိနိုင်မည့် နေရာများတွင် ထိုင်းနိုင်ငံမှ ပြန်လာမည်ဆိုပါက မိုးကုတ်ရိပ်သာတွင် လူဦးရေ ၂၀၀၊ အားကစားရုံတွင် လူဦးရေ ၆၀ နှင့် လာအိုနိုင်ငံမှ ပြန်လာပါက ဝမ်လုံးတွင် ၁၀၀၀၊ စံလင်းဖြိုးစင်တာတွင် လူဦးရေ ၂၀၀ ဆံ့ နေရာထိုင်ခင်းများကို ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်မြတ်ခန်းမ၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးရန် ၅၄၀၆၃ ဦးရှိသည့်အနက် စီမံချက်စတင်သည့် (၃.၅.၂၀၂၁)ရက်နေ့မှ ယနေ့ထိ အိမ်ထောင်စု ၆၁၂၀၊ လူဦးရေ ၂၇၀၃၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၁၃၇ ဦးကို ဆောင်ရွက်ပေးနိုင်သည့်အတွက်ကြောင့် လုပ်ငန်းပမာဏ ၃၇ ဒသမ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တာချီလိတ်မြို့နယ်အတွက် အိမ်ထောင်စု ၃၀၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၀၊ မိုင်းဖြတ်မြို့နယ်အတွက် အိမ်ထောင်စု ၃၄ စု၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား၃၀၀၊ မိုင်းယောင်းမြို့နယ်အတွက် အိမ်ထောင်စု ၂၁ စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၉၇ ဦး၊ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင် နှစ်ခုပေါင်း အိမ်ထောင်စု ၂၅၀၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၄၈ ဦးတို့အတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များ ရွှေတြိဂံဒေသရှိ မြန်မာနိုင်ငံ နယ်နိမိတ်မှတ်တိုင်အား ကြည့်ရှုစစ်ဆေးစဉ်။

ပေးအပ်ခဲ့သည်။

ထို့နောက် တာချီလိတ်မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် အောက်ဆီဂျင်စက် ၁၂ လုံး၊ PPE ဝတ်စုံ ၁၀၀၊ အရက်ပျံဘူး ၁၂၀၊ နှာခေါင်းစည်း ၁၀၀၀၀ နှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ တာချီလိတ်ခရိုင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်အုန်းကျော်က လက်ခံရယူသည်။ ယင်းနောက် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းက နှာခေါင်းစည်း ၈၅၀၀ ၊ရောဂါကာကွယ်ရေးဝတ်စုံ ၁၅၀၊ မျက်နှာအကာ ၂၀၀၊ လက်အိတ် ၇၀၀၊ လက်သန့်ဆေးရည်ဘူး ၉၅၀ ကို ထောက်ပံ့ပေးအပ်ရာ တာချီလိတ်ခရိုင် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာဝင်းခိုင်က လက်ခံရယူကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီး တန် ၂၀၊ အောက်ဆီဂျင်(အိုးခွံ) ၄၈၀ ၊ Oxygen Plant နှစ်ခု၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် (Oxygen Generator) နှစ်ခုတို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီမှ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant နှစ်ခုမှာ ချင်းရွှေဟော်မှ လွိုင်ကော်မြို့သို့ ဖြစ်ကြောင်း သိရှိရသည်။


ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးပစ္စည်းများ တင်သွင်းလာစဉ်။

အောက်တိုဘာ ၁ ရက်မှ ၁၆ ရက်အတွင်း ကုမ္ပဏီ ၄၈ ခုမှ ယာဉ်စီးရေ ၁၁၅ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၂၃၃ တန်၊ အောက်ဆီဂျင်(အရည်) Storage Container နှစ်ခု၊ အောက်ဆီဂျင်(အရည်) Distri-butor သုံးခု၊ အောက်ဆီဂျင် (အိုးခွံ) ၁၄၂၀၁ ခု၊ Oxygen Plant ၃၆ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု၊ Oxygen Generator ရှစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၁၆၉၉ ခု၊ Test Kit ၁၅၀၀၀ ၊ PPE ၈၆၄၇၅ စုံ၊ လက်အိတ် ၅၉ တန်နှင့် နှာခေါင်းစည်း(Mask) ၄၃၂ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

အောက်တိုဘာ ၁ ရက်မှ ၁၆ ရက်အတွင်း ပြည်ပမှ တင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်စုစုပေါင်း ၁၂ စီးမှာ ရန်ကုန်မြို့သို့ ကိုးစီးနှင့် မန္တလေးမြို့သို့ သုံးစီးဖြစ်ပြီး Oxygen Plant စုစုပေါင်း ၃၆ ခုမှာ ရန်ကုန်မြို့သို့ ၂၇ ခု၊ မြစ်ကြီးနားမြို့သို့ နှစ်ခု၊ ကူမဲမြို့သို့ နှစ်ခု၊ လွိုင်ကော်မြို့သို့ နှစ်ခု၊ မန္တလေးမြို့ တစ်ခု၊ ဟုမ္မလင်းမြို့ တစ်ခုနှင့် ကျုံဒိုးမြို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

အဖွင့်ဂိုးခွင့်ပြုပေးလိုက်ရသော်လည်း ဝက်ဖို့ဒ်အသင်း၏ ကစားအား တက်လာခြင်းမရှိဘဲ လီဗာပူးအသင်း၏ ဖိအားပေးမှုကို ခံခဲ့ရသည်။ ထို့ပြင် ဝက်ဖို့ဒ်အသင်းသည် ပထမပိုင်းတွင် လီဗာပူးအသင်းဘက်သို့ ဂိုးကန်သွင်းချက် တစ်ကြိမ်မျှ မရှိသည်အထိ ခြေစွမ်းကျဆင်းခဲ့သည်။ လီဗာပူးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် မီလ်နာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဖာမီနိုက သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် ဖာမီနိုက သွင်းယူပေးသည်။ လီဗာပူးအသင်းသည် တတိယဂိုးရရှိပြီး နှစ်မိနစ်အကြာတွင် စတုတ္ထဂိုးရရှိရာ ဖာမီနို၏ ဖန်တီးမှုမှ ဆာလာက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၆၆ မိနစ်တွင် ဝက်ဖို့ဒ်အသင်း ဂိုးရရှိနိုင်လောက်သည့် အခွင့်အရေးရရှိခဲ့သော်လည်း လီဗာပူး ခံစစ်ကစားသမားများ ရှင်းထုတ်ပုံကောင်းမွန်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပွဲချိန်ပြီးခါနီးတွင် လီဗာပူးအသင်း ပဉ္စမဂိုးရရှိခဲ့ပြီး ဖာမီနိုက သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် လီဗာပူးအသင်းမှ တိုက်စစ်ကစားသမား ဖာမီနို အထူးခြေစွမ်းပြပြီး ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော မာနေးသည် ဒီဒီယာ ဒရော့ဘာ၊ အသင်းဖော် ဆာလာတို့ပြီးနောက် ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် တတိယမြောက် အာဖရိက ကစားသမား ဖြစ်လာခဲ့သည်။

လီဗာပူးအသင်းသည် ယခုအနိုင်ပွဲကြောင့် ပွဲစဉ် (၈) အပြီးတွင် ရမှတ် ၁၈ မှတ်အထိ ရရှိလာပြီဖြစ်သည်။ ပြိုင်ဘက် ဝက်ဖို့ဒ်အသင်းက ပွဲစဉ် (၈) အပြီး ခုနစ်မှတ်သာ ရရှိထားသည်။

လက်စတာနှင့် မန်ယူပွဲတွင် လက်စတာတို့ မန်ယူကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူခဲ့သည်။ ပွဲချိန် ၁၉ မိနစ်တွင် ဂရင်းဝုဒ်က မန်ယူအတွက် အဖွင့်ဂိုးသွင်းပြီး တိုင်လီမန်းက ၃၁ မိနစ်တွင် လက်စတာအတွက် ချေပဂိုးသွင်းပေးသည်။ ဒုတိယပိုင်း ၇၈ မိနစ်တွင် ဆိုယွန်ကူက လက်စတာအတွက် ဒုတိယဂိုးသွင်းယူသော်လည်း ရက်ဖို့ဒ်က ၈၂ မိနစ်တွင် ချေပဂိုးပြန်သွင်းပေးသည်။

သို့သော် မန်ယူတို့ နောက်တန်းအားနည်းချက်ကြောင့် ၈၃ မိနစ်တွင် ဗာဒီက တတိယဂိုးနှင့် ပွဲချိန်ပြီးခါနီးတွင် ဒါကာက စတုတ္ထဂိုး သွင်းယူပေးကာ ပွဲအပြီး လေးဂိုး-နှစ်ဂိုးဖြင့် လက်စတာတို့ နိုင်ပွဲရခဲ့သည်။ ပွဲစဉ် (၈) အပြီး မန်ယူက ၁၄ မှတ်ရရှိကာ လက်စတာက ၁၁ မှတ် ရရှိထားသည်။

အခြားပွဲစဉ်များတွင် ဗီလာနှင့် ဝုဖ် နှစ်ဂိုးစီ သရေ၊ နေ့ဝှစ်နှင့် ဘရိုက်တန် ဂိုးမရှိသရေဖြစ်ခဲ့ပြီး မန်စီးတီးက ဘန်လေကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

အဆိုပါတံတား၏ တနင်္သာရီဘက်ကမ်း ချဉ်းကပ်လမ်း အရှည်ပေ ၃၉၇၀ နှင့် ဗောဓိကမ်းကျေးရွာဘက်ခြမ်းမှ ချဉ်းကပ်လမ်း အရှည် ၁၂၂၇ ပေ စုစုပေါင်း အရှည် ၅၁၉၇ ပေကို လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တံတားတည်ဆောက်မှုကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုများ အဆင်ပြေနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လုပ်သက်အရှည်ဆုံး ဗြိတိန်ပါလီမန်အမတ် မဲဆန္ဒရှင်များနှင့် တွေ့ဆုံစဉ် ဓားထိုးခံရပြီး သေဆုံး

လန်ဒန် အောက်တိုဘာ ၁၆

**ဝါရင့်ဗြိတိန်ပါလီမန် အမတ်တစ်ဦးသည် အင်္ဂလန်အရှေ့ပိုင်း ဘုရားရှိခိုးကျောင်းအတွင်း မဲဆန္ဒရှင်များနှင့် တွေ့ဆုံစဉ် ဓားထိုးခံရမှုကြောင့် သေဆုံးခဲ့သည်။**



ဗြိတိန်ပါလီမန်အမတ် ဒေးဗစ်အေမက်စ်။

၎င်းမှာ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ကွန်ဆာဗေးတစ်ပါတီမှ ဒေးဗစ် အေမက်စ်ဆိုသူ ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် အက်ဆက်ခရိုင်ရှိ ၎င်း၏မဲဆန္ဒနယ်မှ မဲဆန္ဒရှင်များနှင့် တွေ့ဆုံစဉ် ဓားဖြင့် အထိုးခံရခြင်းဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုနှင့် ဆက်စပ်မှုရှိသည့် အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရဲများက ဖမ်းဆီးခဲ့သည်။ ထို့နောက် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ယခု ဖမ်းဆီးထားသည့် သံသယရှိသူတစ်ဦးတည်းသာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ရဲများက ယူဆကြသည်။ အသက် ၆၉ နှစ်အရွယ်ရှိ အေမက်စ်မှာ ၁၉၈၃ ခုနှစ်ကတည်းက လွှတ်တော်အမတ်အဖြစ် လုပ်ကိုင်ခဲ့ပြီး အောက်လွှတ်တော်တွင် လုပ်သက်အရှည်ဆုံးထဲမှ တစ်ဦးဖြစ်သည်။

အခြားသော ဗြိတိန်ပါလီမန်အမတ်တစ်ဦးမှာလည်း ၂၀၁၆ ခုနှစ်က တိုက်ခိုက်ခံရပြီး အသက်ဆုံးရှုံးခဲ့ရသည်။ ဥရောပသမဂ္ဂမှ အီးယူနုတ်ထွက်ရေး လူထုသဘောထားခံယူပွဲအတွက် ပြင်ဆင်နေစဉ် လေဘာပါတီမှ အမတ်တစ်ဦးမှာ ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ငလျင်လှုပ်မှုကြောင့် သုံးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရ

ဂျကာတာ အောက်တိုဘာ ၁၆



ငလျင်ဒဏ်ကြောင့် အပျက်အစီးများကြားမှ ရှာဖွေကယ်ဆယ်ရေးပြုလုပ်နေကြစဉ်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အောက်တိုဘာ ၁၆ ရက် အစောပိုင်းက ပြင်းအား ၄ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ ငလျင်ကြောင့် သုံးဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။

နောက်ထပ် တစ်ဦးမှာမူ အပျက်အစီးများအောက်တွင် ပိမိနေဆဲဖြစ်သည်။ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၈ မိနစ်တွင် ငလျင်လှုပ်မှု ဖြစ်ပွားခဲ့ပြီး အနောက်မြောက်ပိုင်း ကာရန်ဂါဆန်ခရိုင်ကို ဦးတည်ကာ ငလျင်လှုပ်ခဲ့သည်ဟု မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိဗေဒ၊ ရူပဗေဒ အေဂျင်စီက ပြောသည်။

လွန်ဘော့ကျွန်းအနီးထိ လှုပ်ခတ်မှုဒဏ်ကို ခံစားရသည်။ ငလျင်လှုပ်မှုကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာခြင်း မရှိဟုလည်း သိရသည်။

ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်လျက်ရှိသည်ဟု ဘာလီကျွန်းသဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီမှ အရာရှိတစ်ဦးဖြစ်သူ ဂီဒီ အက်ဒ်ဟီ တီနာပူထရာက ပြောသည်။

ငလျင်ကြောင့် မြေပြိုမှုများလည်း ဖြစ်ပေါ်စေခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်၌ အသေခံဗုံးခွဲမှုကြောင့် သေဆုံးသူ ၄၇ ဦးအထိရှိလာ

ကန်ဒဟာ အောက်တိုဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒဟာပြည်နယ် ဘာသာရေးအဆောက်အအုံတွင် အောက်တိုဘာ ၁၅ ရက်က အသေခံဗုံးခွဲမှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေမှာ ၄၇ ဦးအထိ ရှိလာခဲ့သည်။

ဒဏ်ရာရရှိသူ အရေအတွက်မှာလည်း ၉၀ အထိ ရှိလာသည်ဟု ဒေသခံအရာရှိတစ်ဦးက အောက်တိုဘာ ၁၆ ရက်တွင် ပြောသည်။

ပေါက်ကွဲမှုမှာ ရှီယိုက် ဘာသာရေး အဆောက်အအုံအတွင်း ဖြစ်ပွားခဲ့ပြီး ဝတ်ပြုသူရာနှင့်ချီ၍ ရှိနေစဉ် ဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်ညွှန်ကြားမှုဦးစီးဌာနမှ ဟိုင်အစ်ဖ်ဆေယက်က ပြောသည်။



ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

အစောပိုင်းက ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၃၂ ဦးနှင့် ဒဏ်ရာရရှိသူ ၆၈ ဦး ရှိသည်ဟု အတည်ပြုထားရာ နောက်ပိုင်းတွင် သေဆုံးသူမှာ ၄၇ ဦးနှင့် ဒဏ်ရာရရှိသူ ၉၀ အထိ ရှိလာသည်။

အဆိုပါ တိုက်ခိုက်မှု၏ လက်သည်တရားခံမှ အိုင်အက်စ်အုပ်စုဖြစ်သည်ဟု အိုင်အက်စ်တို့က ကြေညာချက်ထုတ်ပြန်သည်။ အဆိုပါ ကြောက်မက်ဖွယ် တိုက်ခိုက်မှုတွင် တိုက်ခိုက်ရေးသမားနှစ်ဦး ပါဝင်သည်ဟု အိုင်အက်စ်တို့က ကြေညာချက်ထုတ်ပြန်သည်။

ဆင်ဟွာ

## အမေရိကန်ပြည်ထောင်စု၌ ကိုဗစ် -၁၉ ကူးစက်ခံရသည့် ကလေးအရေအတွက်မှာ ခြောက်သန်းကျော်အထိ ရှိလာ

ဝါရှင်တန် အောက်တိုဘာ ၁၆

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် -၁၉ ကူးစက်ခံရသည့် ကလေးအရေအတွက်မှာ ခြောက်သန်းကျော်အထိ ရှိလာသည်ဟု အမေရိကန်ကလေးအထူးကုအကယ်ဒမီ၏ အစီရင်ခံစာအရ သိရသည်။

ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ အောက်တိုဘာ ၇ ရက်အထိ အမေရိကန် ကလေးပေါင်း ၆ ဒသမ ၀၄ သန်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကလေးများတွင် ကိုဗစ်-၁၉ ကူးစက်မှုမှာ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကိုဗစ် -၁၉ ကူးစက်ခံရမှုပေါင်း ၁၄၈၀၀၀ ရှိသည်။

စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၇ ရက်ကြား ကိုဗစ် -၁၉ ကူးစက်ခံရသူ ကလေးအရေအတွက်မှာ ၆ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

## စပိန်ကမ်းရိုးတန်း၌ လှေတိမ်းမှောက် လေးဦးသေဆုံးပြီး ၂၁ ဦး ပျောက်ဆုံး

မက်ဒရစ် အောက်တိုဘာ ၁၆

အောက်တိုဘာ ၁၄ ရက် ညပိုင်းက ကြမ်းတမ်းသည့် ပင်လယ်ပြင်တွင် ရွှေ့ပြောင်းနေထိုင်သူများ လိုက်ပါလာသည့် လှေတိမ်းမှောက်ခဲ့ရာ ရွှေ့ပြောင်းနေထိုင်သူလေးဦး သေဆုံးခဲ့ပြီး ၂၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု စပိန်ပင်လယ်ရေကြောင်း ကယ်ဆယ်ရေးဝန်ဆောင်မှုအဖွဲ့က အောက်တိုဘာ ၁၅ ရက်တွင် ပြောသည်။

အောက်တိုဘာ ၁၄ ရက် ညပိုင်းတွင် လူသုံးဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ အဆိုပါလှေပေါ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၂၈ ဦး လိုက်ပါလာခဲ့ခြင်းဖြစ်သည်။


အာဖရိကမြောက်ပိုင်းကမ်းရိုးတန်းမှ စပိန်နိုင်ငံသို့ ဦးတည်ကာ ထွက်ခွာလာခဲ့ကြခြင်းဖြစ်သည်။ အောက်တိုဘာ ၁၅ ရက်အထိ အသက်ရှင်ကျန်ရစ်သူများရှိ မရှိ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

အသက်ရှင်ကျန်ရစ်သူ သုံးဦးကို ဂျာရတ်မြို့ ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ ၎င်းတို့အားလုံး ကျန်းမာရေးအခြေအနေကောင်းမွန်ကြကြောင်း သိရသည်။ ၎င်းတို့ထဲမှတစ်ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ထိန်းချုပ်မှုနှင့်အတူ ပြန်လည်အစပြုမည့် အမေရိကန်ခရီးသွားလုပ်ငန်း

နှင်းမိုးအိမ်




အမေရိကန်- ကနေဒါနယ်စပ်ဂိတ်ကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုသည် မက္ကဆီကိုနှင့် ကနေဒါနယ်စပ်တို့ကို နိုဝင်ဘာအစောပိုင်းမှ စတင်ကာ ဖွင့်လှစ်ပေးသွားမည်ဟု သိရသည်။

## နယ်စပ်တံခါးများ ပြန်လည်ဖွင့်လှစ်ပေးမည်

ကာကွယ်ဆေးအပြည့် ထိုးပြီးသူများအတွက် မက္ကဆီကိုနှင့် ကနေဒါနယ်စပ်များကို ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဟု အိမ်ဖြူတော်မှ အဆင့်မြင့်အရာရှိတစ်ဦးက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်။ နယ်စပ်တံခါးများ ပြန်လည်ဖွင့်လှစ်ပေးမည့် ရက်အတိအကျကို မကြာခင်အချိန်အတွင်းကြေညာပေးသွားမည်ဟု အရာရှိတစ်ဦးက ပြောသည်။ ကုန်းကြောင်းသွားလာမှုသာမက အပြည်ပြည်ဆိုင်ရာလေကြောင်းမှ သွားလာမှုကိုလည်း ပြန်လည်ခွင့်ပြုပေးတော့မည်ဖြစ်သည်ဟု သိရသည်။

## ပိတ်ထားခဲ့

အမေရိကန်ပြည်ထောင်စုသည် နိုဝင်ဘာလအတွင်း ကာကွယ်ဆေးအပြည့် ထိုးပြီးသူများ လေကြောင်းမှ သွားလာခွင့်ပြုရန် စက်တင်ဘာလကတည်းက ကြေညာထားခဲ့ပြီးသားဖြစ်သည်။ လေကြောင်းမှ ဝင်ရောက်မည့်ခရီးသည်များကို ဆေးစစ်ခြင်းနှင့် ထိတွေ့သူများကို ခြေရာခံလိုက်ခြင်းတို့ပြုလုပ်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို လျှော့ချရန်အတွက် ဥရောပသမဂ္ဂ၊ ဗြိတိန်နှင့် တရုတ်နိုင်ငံတို့မှ လာမည့်ခရီးသည်များကို ၂၀၂၀ ပြည့်နှစ် မတ်လကတည်းက စတင်ကာ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ပိတ်ထားခဲ့သည်။ နောက်ပိုင်းတွင် ကန့်သတ်ထားသည့်နိုင်ငံများစာရင်းတွင် အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့ကိုပါ ထည့်သွင်းခဲ့သည်။

## ထိခိုက်ခံစားမှုများရှိခဲ့

မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှ လာမည့်သူများကိုလည်း ပိတ်ပင်ထားခဲ့သည်။ ၁၉ လကြာပိတ်ဆို့ကန့်သတ်မှုများကြောင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်ခံစားရမှုများကို ခံစားခဲ့ရသည်။ ကုန်းမြေချင်း ထိစပ်နေသည့်နယ်စပ်ကို မကြာမီ အဆင့်နှစ်ဆင့်ဖြင့် ပြန်လည်ဖွင့်လှစ်ပေးနိုင်တော့မည်ဟု အိမ်ဖြူတော်သတင်းအရင်းအမြစ်က ပြောသည်။ ကနဦးတွင် အရေးမကြီးသည့် ခရီးသွားလာမှုများ ဥပမာ-မိသားစုထံသွားလာမှုနှင့် အလည်အပတ်ခရီးသွားလာမှုတို့အတွက် ကာကွယ်ဆေးထိုးထားရန် လိုအပ်သည်။ ထိုအချိန်တွင် ကာကွယ်ဆေး မထိုးရသေးသူများအတွက် အရေးပေါ် ခရီးသွားလာမှုကိုလည်း ခွင့်ပြုပေးထားသည်။

## ကာကွယ်ဆေးထိုးထားရန်လိုအပ်

ဒုတိယအဆင့်မှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီအစောပိုင်းရောက်လျှင်မူ အမေရိကန်ပြည်ထောင်စုသို့ လာရောက်မည့် ခရီးသွားများအားလုံးမှာ ကာကွယ်ဆေး ထိုးထားရန်လိုအပ်သည်။ ခရီးသွားလာမည့်အကြောင်းအရာမှာ အရေးကြီးသည်ဖြစ်စေ၊ အရေးမကြီးသည်ဖြစ်စေ ကာကွယ်ဆေးထိုးထားရန် လိုအပ်သည်။

## အဆင်ပြေချောမွေ့စေမည်

အဆိုပါအဆင့်အတွက် ခရီးသွားများအားလုံး ကာကွယ်ဆေးထိုးပြီးရန် လုံလောက်သည့်အချိန်ပေးထားသည်။

**လေကြောင်းမှ ဝင်ရောက်မည့် ခရီးသည်များအတွက် အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (အက်ဖ်ဒီအေ) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထောက်ခံချက်ပေးထားသည့် ကာကွယ်ဆေး ထိုးထားသူများကို ခွင့်ပြုပေးသွားမည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) က ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြောကြားခဲ့**

ထို့ကြောင့် စနစ်အသစ်နှင့် ကူးသန်းသွားလာမှုတို့တွင် အဆင်ပြေချောမွေ့စေမည်ဟု အာဏာပိုင်များက ပြောသည်။ လက်ရှိ ကုန်းမြေနယ်စပ်များတွင် ကန့်သတ်ထားသည့်ကာလမှာအောက်တိုဘာလ ၂၁ ရက်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်သည်။ စည်းမျဉ်းသစ် စတင်မကျင့်သုံးမီ ကန့်သတ်ချက်အချိန်ကာလကို ထပ်တိုးသွားဖွယ်ရှိသည်။

## ကာကွယ်ဆေးလိုအပ်ချက်

ကာကွယ်ဆေးထိုးရာတွင် မည်သည့်ကာကွယ်ဆေးများကို ထိုးနှံရန် လိုအပ်သနည်း။ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်မည့်သူများ ထိုးနှံရမည့် ကာကွယ်ဆေးနှင့် ပတ်သက်၍ အဆင့်မြင့်အရာရှိတစ်ဦးက လတ်တလော အမေရိကန်ကျန်းမာရေးအာဏာပိုင်များက ထောက်ခံချက်ပေးထားသည့် ဆေးဝါးများကို ဖော်ပြခဲ့သည်။ လေကြောင်းမှ ဝင်ရောက်မည့်ခရီးသည်များအတွက် အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (အက်ဖ်ဒီအေ) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထောက်ခံချက်ပေးထားသည့် ကာကွယ်ဆေးထိုးထားသူများကို ခွင့်ပြုပေးသွားမည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ ) က ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြောကြားခဲ့သည်။

## ခွင့်ပြုပေးသွားမည်

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက နောက်ထပ်ဆုံးဖြတ်ချက်မချသေးမီ ကုန်းကြောင်းမှ ဝင်ရောက်မည့် ခရီးသွားများအတွက် သတ်မှတ်ချက်မှာလည်း အလားတူပင်ဖြစ်သည်ဟု မျှော်လင့်ထားကြောင်း အရာရှိတစ်ဦးက ပြောသည်။ ဥပမာ- အက်စ်ထရာဇနီကာ ကာကွယ်ဆေးမှာ အမေရိကန်ပြည်ထောင်စုတွင် ထိုးနှံပေးခြင်း မရှိသော်လည်း အဆိုပါ ကာကွယ်ဆေးထိုးထားသူများကိုလည်း နိုင်ငံအတွင်းဝင်ရောက်ခွင့်ကို ခွင့်ပြုပေးသွားမည်ဟု သိရသည်။

## ဆက်လက်ကျင့်သုံးခဲ့

အမေရိကန်နိုင်ငံအတွင်းသို့ နယ်စပ်မှ တရားဝင်ဖြတ်ကျော် ဝင်ရောက်လာသူများအတွက်သာ အကျုံးဝင်မည်ဖြစ်သည်ဟု သိရသည်။ အမေရိကန်သမ္မတဟောင်း ထရမ့်လက်ထက်က ကျင့်သုံးခဲ့သည့် ဥပဒေစည်းကမ်း ၄၂ အရ နယ်စပ်ကိုတရားမဝင်ဖြတ်ကျော်လာသူများကို အများပြည်သူကျန်းမာရေးအကြောင်းပြချက်ဖြင့် ပြည်နှင်ဒဏ်ပေးမည်ဖြစ်သည်။ အဆိုပါ စည်းမျဉ်းကို လက်ရှိအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် လက်ထက်တွင်လည်းဆက်လက်ကျင့်သုံးလျက်ရှိသည်။

## မျှတမှုမရှိ

ပြီးခဲ့သည့်လအတွင်းက ထောင်နှင့်ချီသည့် ဟေတီနိုင်ငံသားများ အမေရိကန်-မက္ကဆီကိုနယ်စပ်တွင် စုဝေးလာသည့်အခါ အိမ်ဖြူတော်က ဥပဒေစည်းကမ်း ၄၂ ကို ကိုးကားကာ ၎င်းတို့ကိုနယ်နှင်ဒဏ်ပေးခဲ့သည်။ ခိုလှုံရာ ရှာဖွေသူများအတွက် အဆိုပါ ကန့်သတ်ချက်မှာ မျှတမှုမရှိဟု ဝေဖန်သူများက ပြောသည်။

## ဆေးစစ်မှုပြုလုပ်ရမည်

လေကြောင်းမှ ဝင်ရောက်လာမည့် ကာကွယ်ဆေးထိုးပြီးသည့် ခရီးသွားများအတွက် အမျိုးအစားခွဲခြားရန် အသေးစိတ်အချက်အလက်များကို စိစစ်ဆဲဖြစ်သည်ဟု အိမ်ဖြူတော်အရာရှိက ပြောသည်။ ခရီးသွားများနှင့် ထိတွေ့မိသူများနောက်သို့ မည်သို့ခြေရာခံလိုက်မည်နည်း အပါအဝင် အခြားသော ကိစ္စရပ်များအတွင်း အစီအစဉ်များပါဝင်သည်။ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်မည့်ခရီးသွားများ ကိုဗစ်-၁၉ ဆေးစစ်မှုပြုလုပ်ရမည်ဖြစ်သည်ဟုလည်း သိရသည်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# အောက်တိုဘာ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၀၅ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၃၂၉ ဦးရှိ

### (၁၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၅-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၈၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၀၅ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၆.၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၆၁၁,၄၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၈၆,၈၅၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၉၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၉,၁၄၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၃၂၉) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
### (၁၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၉၆) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၁) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၇) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၆) ခု | (၂၂) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁၅) ခု | (၆၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၀) ခု | (၃) ဦး |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၄၇) ခု | (၉၈) ဦး |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၇၄၃) ခု | (၉၇၀) ဦး |
| **စုစုပေါင်း** | (၁၇,၈၂၅) ခု | (၁,၂၀၅) ဦး |

- (၁၄-၁၀-၂၀၂၁) ရက်နေ့ အမေရိကန်ပြည်ထောင်စု၊ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ ထုတ်ပြန်ချက်များအရ ကိုဗစ်-၁၉ ရောဂါကြောင့် လူဦးရေတစ်သန်းတွင် နေ့စဉ်ပျမ်းမျှ သေဆုံးမှုအခြေအနေမှာ ကမ္ဘာတစ်ဝန်းလုံးတွင် (၀.၈၆) ဦး၊ အမေရိကန်ပြည်ထောင်စုတွင် (၄.၇၅) ဦး၊ မလေးရှားနိုင်ငံတွင် (၂.၄၈) ဦး၊ ယူကေနိုင်ငံတွင် (၁.၆၉) ဦး၊ ထိုင်းနိုင်ငံတွင် (၁.၂၅) ဦးနှင့် ဗီယက်နမ်နိုင်ငံတွင် (၁.၀၆) ဦး တို့ရှိနေပြီး မြန်မာနိုင်ငံတွင် (၀.၅၈) ဦး ရှိကြောင်း တွေ့ရှိရသဖြင့် လက်ရှိ မြန်မာနိုင်ငံ၏ လူဦးရေတစ်သန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ် ပျမ်းမျှ သေဆုံးမှုမှာ အဆိုပါနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

| ကမ္ဘာ/နိုင်ငံများ | လူဦးရေတစ်သန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ်ပျမ်းမျှ သေဆုံးသည့်ဦးရေ |
|---|---|
| ကမ္ဘာတစ်ဝန်းလုံး | (၀.၈၆) ဦး |
| အမေရိကန်ပြည်ထောင်စု | (၄.၇၅) ဦး |
| မလေးရှားနိုင်ငံ | (၂.၄၈) ဦး |
| ယူကေနိုင်ငံ | (၁.၆၉) ဦး |
| ထိုင်းနိုင်ငံ | (၁.၂၅) ဦး |
| ဗီယက်နမ်နိုင်ငံ | (၁.၀၆) ဦး |
| မြန်မာနိုင်ငံ | (၀.၅၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၁၆- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၇၃၈၅၈၅ | ၃၅၃၀၄၀၉၇ | ၇၄၃၈၈၀ |
| ၂။ | အိန္ဒိယ | ၃၄၀၅၃၅၇၃ | ၃၃၃၉၉၉၆၁ | ၄၅၂၀၁၀ |
| ၃။ | ဘရာဇီး | ၂၁၆၂၇၄၇၆ | ၂၀၇၇၃၈၂၆ | ၆၀၂၇၂၇ |
| ၄။ | ဗြိတိန် | ၈၃၆၁၆၅၁ | ၆၈၃၉၁၂၉ | ၁၃၈၃၇၉ |
| ၅။ | ရုရှား | ၇၉၅၈၃၈၄ | ၆၉၈၁၉၀၇ | ၂၂၂၃၁၅ |
| ၆။ | တူရကီ | ၇၆၀၁၆၂၆ | ၇၀၃၉၇၅၂ | ၆၇၂၂၅ |
| ၇။ | ပြင်သစ် | ၇၀၈၀၃၇၅ | ၆၈၇၂၃၆၈ | ၁၁၇၂၄၅ |
| ၈။ | အီရန် | ၅၇၆၅၉၀၄ | ၅၂၉၄၉၈၁ | ၁၂၃၆၉၅ |
| ၉။ | အာဂျင်တီးနား | ၅၂၇၁၃၆၁ | ၅၁၃၇၆၁၈ | ၁၁၅၆၆၀ |
| ၁၀။ | စပိန် | ၄၉၈၄၃၈၆ | ၄၈၂၅၇၉၄ | ၈၆၉၇၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၆- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၃၄၀၁၁ | ၄၀၇၂၃၃၂ | ၁၄၂၉၃၃ |
| ဖိလစ်ပိုင် | ၂၇၁၃၅၀၉ | ၂၅၈၇၈၈၁ | ၄၀၅၈၀ |
| မလေးရှား | ၂၃၇၇၀၃၃ | ၂၂၅၁၇၅၈ | ၂၇၇၇၀ |
| ထိုင်း | ၁၇၇၂၈၃၈ | ၁၆၄၇၂၅၅ | ၁၈၂၀၅ |
| ဗီယက်နမ် | ၈၅၇၆၃၉ | ၇၈၈၉၂၃ | ၂၁၀၄၃ |
| မြန်မာ | ၄၈၆၈၅၁ | ၄၃၉၁၄၆ | ၁၈၃၂၉ |
| စင်ကာပူ | ၁၄၁၇၇၂ | ၁၁၄၇၈၂ | ၂၁၅ |
| ကမ္ဘောဒီးယား | ၁၁၆၄၀၇ | ၁၁၀၄၆၅ | ၂၆၃၄ |
| လာအို | ၃၁၇၃၆ | ၂၄၀၉၉ | ၃၈ |
| ဘရူနိုင်း | ၁၀၂၅၁ | ၇၆၈၂ | ၆၈ |

# လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ၌ ဆိုင်ခန်း ၁၃၀ကျော်ပါရှိသည့် နှစ်ထပ်ဈေးသစ် ဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၅ ရက်က ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာတွင် နှစ်ထပ်ဈေးသစ်ကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ထီလုံကျေးရွာနှစ်ထပ်ဈေးသစ်ဖွင့်ပွဲသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်



ဇော်မင်းအောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ စီးပွားရေးရာ ဝန်ကြီး ဦးစောခင်မောင်မြင့်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ အမှတ်(၂)နယ်ခြားစောင့်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး စောကြာအင်း၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူတို့က ဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(ဓါတ်ပုံ)

လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ထီလုံနှစ်ထပ်ဈေးသစ်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေကျပ် ၃၈၀ ဒသမ ၀၇၄ သန်းဖြင့် အလျား ၉၈ ပေ၊ အနံ ၁၂၃ ပေ၊ အမြင့် ၃၆ ပေရှိ သံကူနှစ်ထပ် ရေ/မီးပါ ဆိုင်ခန်း ၁၃၇ ခန်းအား ဆောက်လုပ်ပြီးစီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထီလုံဈေးသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လှိုင်းဘွဲ့မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ထီလုံအထက်တန်းကျောင်း၌ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ထီလုံကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာမှ ဒေသခံပြည်သူများအား ပလတ်စတစ်လောင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၃ ကတ်အား လက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့်ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ထားဝယ် အောက်တိုဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံသားတိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန သရက်ချောင်းမြို့နယ် ဦးစီးမှူးရုံးက သရက်ချောင်းမြို့နယ် မော်ရှည်ကုန်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများအား ဒေသခံပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးရေး လုပ်ငန်းများကို ၃-၅-၂၀၂၁ ရက်မှ ၃-၁၁-၂၀၂၂ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






# ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လယ်ယာမြေများ၌ မည်သည့်လုပ်ငန်းကိုမျှ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုပေးသွားမည်မဟုတ်ကြောင်း၊ ခတ်မြေသြဇာ သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့်ဖြန့်ဖြူးပေးရန် စီစဉ်ထားရှိပြီးဖြစ်၍ အဖွဲ့စနစ်ဖြင့် စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ဆီဖူလုံမှုရှိစေရေးအတွက်လည်း မြေပြင်တွင် အမှန်တကယ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြလာသည့် နစ်နာကြေး/လျော်ကြေးငွေပေးချေရမည့် အမှုတွဲများ၊ ပုံစံ(၇)မိတ္တူ လျှောက်ထားသည့် အမှုတွဲများနှင့် အခြားနည်း အသုံးပြုခွင့်လျှောက်ထားသည့် အမှုတွဲများကိုလည်းကောင်း၊ ပဲခူး၊ တောင်ငူ၊ ပြည်နှင့် သာယာဝတီ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ် အလိုက်ကော်မရှင်ရုံး မြေနေရာ၊ ဌာနဆိုင်ရာမြေနေရာ ရရှိရေး အမှုတွဲများ၊ နွေစပါးနှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များက အမှုတွဲအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုချက်များပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# နမ္မတူမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နမ္မတူ အောက်တိုဘာ ၁၆**

နမ္မတူမြို့နယ် အမှတ် (၁)၊ (၂) အခြေခံပညာအထက်တန်းကျောင်းရှိ အလယ်တန်းနှင့် အထက်တန်းကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရောင်ခြည်ခန်းမ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ် ထိန်းချုပ်ရေး ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး လွှမ်းခြုံမှုမြင့်မားရေးအတွက် အသက် (၁၂) နှင့် (၁၈)နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို ကိုဗစ်ကာကွယ်ဆေးထိုးနှံနိုင်ရေးရည်ရွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းဖြစ်သည်။

စာရင်းကောက်ယူထားသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀၈ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးလင်းအောင်ထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**

# မုတ်သုံလေအားအသင့် အတင့်မှ အားကောင်းနေ

**နေပြည်တော် အောက်တိုဘာ ၁၆**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။**မိုး/ဇလ**

# အချို့ကလေးကြီးတွေဆိုရင် ပြောတတ်တယ် ရင်ကျပ်လာမယ်၊ မောလာမယ်၊ ရင်တုန်မယ် ဒီလိုဆိုရင် ချက်ချင်းနီးစပ်ရာ ဆေးရုံဆေးခန်းကို ပြသဖို့ အရေးကြီးပါတယ်

ဒေါက်တာရဲကျော်သူ

## ထက်လျှံ

**ကလေးများတွင် ဖြစ်ပွားတတ်သည့် ကိုဗစ်ရောဂါအကြောင်းနှင့် ကိုဗစ်၏နောက်ဆက်တွဲ ရောဂါတစ်မျိုးဖြစ်သည့် MIS-C (Multisystem Inflammatory Syndrome in Children) နှင့် ပတ်သက်ပြီး သတိထားသင့်သည့် အကြောင်းအရာများကို ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန် ဒေါက်တာစောသက်ခိုင်နှင့် ရန်ကင်းကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန် ဒေါက်တာရဲကျော်သူတို့က ဆွေးနွေးပြောကြားခဲ့သည်။**

**မေး ။ ။ ကလေးတွေမှာ တွေ့ရတတ်တဲ့ ကိုဗစ်ရောဂါလက္ခဏာတွေနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။**

**ဒေါက်တာစောသက်ခိုင်။ ။** ကိုဗစ်ရောဂါက လူကြီးတွေမှာပဲ ဖြစ်တာမဟုတ်ပါဘူး။ ကလေးတွေမှာဖြစ်တာကို တွေ့ရပါတယ်။ မွေးကင်းစကလေးတွေမှာ လူကြီးတွေလို ကိုဗစ်ရောဂါ ဖြစ်ပွားတာတွေ့ရပြီး သူတို့တွေကနေတစ်ဆင့် ပြန်ကူးစက်နိုင်တာတွေ့ရပါတယ်။ ကလေးတွေမှာ ကိုဗစ်-၁၉ ရောဂါပိုး ဝင်ရောက်နေပေမယ့် အများစုက လက္ခဏာမပြတတ်ပါဘူး။ လက္ခဏာတွေအနေနဲ့ လူကြီးတွေမှာဖြစ်သလို နှာစေးမယ်၊ ချောင်းဆိုးမယ်၊ ဖျားမယ်။ ဒါပေမယ့် ကလေးတွေမှာ ပိုဖြစ်တတ်တာက ဝမ်းသွားတာ၊ အန်တာတွေ ဖြစ်တတ်ပါတယ်။ ကလေးအကြီးအရွယ်တွေဆိုရင် အစားအသောက်ပျက်တာနဲ့ အနံ့ပျောက်တာတွေ ဖြစ်တတ်ပါတယ်။

**မေး ။ ။ ကလေးတွေမှာ ကိုဗစ်ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုနှုန်းတွေက ဘယ်လောက်ရှိတယ်ဆိုတာကို သိရှိလိုပါတယ်။**

**ဒေါက်တာစောသက်ခိုင် ။ ။** ရန်ကင်းကလေးဆေးရုံနဲ့ ရန်ကုန်ကလေးဆေးရုံကြီးတို့ရဲ့ အချက်အလက်တွေအရ ကိုဗစ် - ၁၉ စဖြစ်ချိန် ပထမလှိုင်းမှာ ကလေး ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ မတွေ့ခဲ့ရပါဘူး။ ဒုတိယလှိုင်းမှာ တစ်နိုင်ငံလုံးအနေနဲ့ ၄၈၄၈ ဦး တွေ့ခဲ့ရပါတယ်။ ရန်ကင်းကလေးဆေးရုံနဲ့ ရန်ကုန်ကလေးဆေးရုံကြီး နှစ်ခုပေါင်းက လူနာဦးရေ ၁၀၀၀ ကျော်ရှိခဲ့ပါတယ်။ တတိယလှိုင်းမှာ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲက တင်ပြတဲ့အချက်အလက်အရ ၁၈ နှစ်အောက် ဖြစ်ပွားမှုနှုန်းက ၁၀၀ မှာ ၇ ဦးတွေ့ရပါတယ်။ သေဆုံးမှုနှုန်းက တစ်နိုင်ငံလုံးအနေနဲ့ တတိယလှိုင်းမှာ ၀ ဒသမ ၀၂ ရာခိုင်နှုန်း တွေ့ရပါတယ်။ ရန်ကင်းကလေးဆေးရုံနဲ့ ရန်ကုန်ကလေးဆေးရုံကြီး နှစ်ခုပေါင်းမှာ ဖြစ်ပွားမှုနှုန်းက တတိယလှိုင်းမှာ ၃၄ ဦးရှိခဲ့ပါတယ်။ သေဆုံးမှုနှုန်းက ဆေးရုံနှစ်ခုပေါင်းကို ငါးဦးရှိခဲ့ပါတယ်။

**မေး ။ ။ ကလေးတွေမှာ ကိုဗစ် - ၁၉ ရောဂါ မဖြစ်ပွားအောင် ဘယ်လိုနည်းလမ်းတွေနဲ့ နေထိုင်ဆောင်ရွက်ရမယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာစောသက်ခိုင် ။ ။** ကိုဗစ် - ၁၉ ရောဂါဖြစ်မှ ကုသတာထက်စာရင် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ် - ၁၉ စည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။ လက်ကို စက္ကန့် ၂၀ ကြာအောင် ဆေးရပါမယ်။ အပြင်သွားရင် ပါးစပ်၊ နှာခေါင်းစည်း (Mask)ကို တပ်ရမယ်။ လူထူထပ်တဲ့နေရာတွေကို သွားလာတာ ရှောင်ရှားရမယ်။ တစ်ဦးနဲ့ တစ်ဦး ၆ ပေ အကွာကနေ ပြောဆိုဆက်ဆံရမယ်။ အထိရောက်ဆုံးနည်းလမ်းက ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူခြင်းဖြစ်ပါတယ်။

**မေး ။ ။ အခြား ဖြည့်စွက်ပြောကြားလိုတာရှိရင်ပြောကြားပေးပါ။**

**ဒေါက်တာစောသက်ခိုင် ။ ။** ကိုဗစ် - ၁၉ရောဂါက ကုသခြင်းထက် ကာကွယ်ခြင်းက အဓိကကျပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ် - ၁၉ ကာကွယ်ရေး စည်းကမ်းချက်တွေကို ကလေးတွေသာမက လူကြီးတွေပါ အားလုံးက လိုက်နာဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

**မေး ။ ။ ကလေးတွေ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားပြီးရင် နောက်ဆက်တွဲ ရောဂါတစ်ခုဖြစ်တဲ့ MIS-C နဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာရဲကျော်သူ ။ ။** ကလေးတွေမှာ ကိုဗစ်ဖြစ်ပွားပြီးရင် နောက်ဆက်တွဲ ရောဂါ တစ်ခုအနေနဲ့ Multisystem Inflammatory Syndrome in Children (MIS-C) ဆိုပြီး တစ်ကိုယ်လုံးရောင်ရမ်းတဲ့ ရောဂါဖြစ်ပါတယ်။ ကလေးတွေမှာ ကိုဗစ် -၁၉ ဖြစ်ပွားပြီး အချို့တွေက ကောင်းသွားကြတယ်။ ရက်သတ္တပတ် ၂ ပတ်ကျော် အထူးသဖြင့် ၃ ပတ်နဲ့ ၆ ပတ် အကြားမှာ တစ်ကိုယ်လုံးရောင်ရမ်းတဲ့ ရောဂါဖြစ်လာနိုင်ပါတယ်။

**မေး ။ ။ ကလေးတွေမှာ MIS-C ဖြစ်ပွားမှုနှုန်းက ဘယ်လောက်ရှိတယ်ဆိုတာ ပြောကြားပေးပါဦး။**

**ဒေါက်တာရဲကျော်သူ ။ ။** ကိုဗစ်-၁၉ က ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကစတင်ဖြစ်ပွားလာပြီး ကမ္ဘာအနှံ့ပျံ့နှံ့လာပါတယ်။ ၂၀၂၀ ပြည့်နှစ် ဧပြီလလောက်မှာ MIS-C နဲ့တူတဲ့ ရောဂါလက္ခဏာတွေကို အခြားဥရောပနိုင်ငံတွေမှာ စပြီးသတိထားမိပါတယ်။ ဒါပေမယ့် MIS-C လို့ မသိကြဘူး။ ယခင်တုန်းက ဖြစ်ခဲ့ဖူးတဲ့ သွေးကြောတွေ ရောင်ရမ်းတဲ့ ရောဂါလက္ခဏာတွေနဲ့ တော်တော်တူတယ်။ ဧပြီလလောက်မှာ ထူးထူးခြားခြား ၄/၅ ယောက်လောက်ကို စတွေ့ခဲ့ပါတယ်။ ဒါက ကိုဗစ်ရဲ့ နောက်ဆက်တွဲ ရောဂါတစ်ခုဖြစ်တဲ့ MIS-C လို့ ကမ္ဘာက စပြီးသိသွားပါတယ်။ အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုဌာန (CDC) ရဲ့အချက်အလက်အရ အစပိုင်းမှာ သိပ်မများပါဘူး။ ကလေးပေါင်း ၁၀၀၀ လောက်ပဲ ရှိသေးတယ်။ ဒါပေမယ့် ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းဆိုပြီး အဖြစ်များလာတဲ့အခါ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၄ ရက် အချက်အလက်တွေအရ ကလေး ၅၂၁၇ ဦးရှိတာ သိရပါတယ်။ ဒီထဲမှာ ၄၆ ယောက် သေဆုံးတာကို သိရပါတယ်။ မြန်မာနိုင်ငံမှာ ဇူလိုင်လ တတိယလှိုင်းဖြစ်ပွားတဲ့အချိန်လောက်ကစပြီး MIS-C တွေ ပြန်ပြီးများလာပါတယ်။ ဇူလိုင်လနောက်ဆုံးပတ်ကနေ ဩဂုတ်လအတွင်းမှာ ၁၈ ဦးရှိပြီး ကလေးတစ်ယောက် ဆုံးပါးခဲ့ရပါတယ်။ စက်တင်ဘာလမှာ ၁၀ ဦးဖြစ်ပွားပြီး တစ်ယောက်ဆုံးပါးခဲ့ရပါတယ်။ ယခင်ဖြစ်ပွားမှု နည်းတယ်ဆိုပေမယ့် အခုလို အစုလိုက်အပြုံလိုက် ဖြစ်ပွားပြီးနောက်ပိုင်းမှာ ခပ်စိတ်စိတ် တွေ့လာရပါတယ်။

**မေး ။ ။ ကလေးတွေမှာ MIS-C ဖြစ်ပွားရင်ဘယ်လိုလက္ခဏာတွေ ပြတယ်ဆိုတာကို ပြောကြားပေးပါဦး။**

**ဒေါက်တာရဲကျော်သူ ။ ။** MIS - C က ကိုဗစ်ရဲ့ နောက်ဆက်တွဲ ရောဂါတစ်ခုဖြစ်တဲ့ အတွက် ကလေးကိုယ်တိုင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့တာ ဖြစ်နိုင်ပါတယ်။ ကလေးတွေကို နှာခေါင်းတို့ဖတ်နဲ့ စစ်ဆေးရတာခက်ခဲတော့ သေသေချာချာမသိခဲ့ဘူး။ ဒါပေမယ့် မိသားစုလိုက် တစ်အိမ်လုံးဖြစ်ပွားတဲ့အခါ ကလေးကလည်း ဖျားတယ်ဆိုတဲ့ ရောဂါသမိုင်းကြောင်း တွေရှိခဲ့တယ်။ ဒါကလည်း လက္ခဏာတစ်ချက်ပါ။ ကလေးဖြစ်ရမယ်။ ပြီးတော့ မိသားစုအတွင်းမှာ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ထားသူရှိမယ်။ ကလေးက သူကိုယ်တိုင် ဖြစ်ခဲ့ရင် ဖြစ်ခဲ့၊ မဖြစ်ခဲ့ရင် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ထားသူတွေနဲ့ ထိတွေ့မှုရှိခဲ့တာဆိုရင် ဒီရောဂါဖြစ်နိုင်ပါတယ်။

ကလေးတွေမှာ အဖျားက ၁၀၀ ဒီဂရီဖာရင်ဟိုက်လောက်နဲ့ စပြီးဖျားကြတယ်။ တောက်လျှောက်ဖျားပြီး မကျဘူး။ နောက်ပြီး ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ အူတွေ၊ အစာအိမ်တွေပါ ရောင်လာတဲ့အခါ ကလေးတွေက ဗိုက်အောင့်တယ်၊ အန်တယ်၊ ဝမ်းတွေလျှော့လာတယ်။ ဒါတွေလည်း ဖြစ်တတ်ပါတယ်။ ဦးနှောက်ရောင်ရမ်းမှုတွေဖြစ်ခဲ့ရင် ခေါင်းကိုက်တတ်ပါတယ်။ တချို့ကလေးငယ်တွေက ဂျီကျတတ်ပါတယ်။ အရေပြားရောင်ရမ်းမှုတွေ ဖြစ်တတ်တဲ့အတွက် ခန္ဓာကိုယ်မှာ အဖုအပိမ့်တွေ ပေါ်လာတတ်ပါတယ်။ နောက်ပြီး မျက်လုံးမှာ သွေးကြောမျှင်လေးတွေ ပေါ်တတ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံး ဖြစ်တဲ့အတွက် အချို့ကလေးတွေမှာ ကျောက်ကပ်ကိုထိတာ၊ အသည်းကိုထိတာ၊ ဆိုးဆိုးရွားရွား နှလုံးတွေရောင်ရမ်းသွားပြီဆိုရင် သွေးပေါင်ကျတဲ့အထိ ဖြစ်နိုင်ပါတယ်။ ဒီလို လက္ခဏာတွေနဲ့ လာတတ်ပါတယ်။



**မေး ။ ။ MIS-C ရဲ့ အရေးပေါ်အခြေအနေမှာ ဘယ်လိုလက္ခဏာတွေ ဖြစ်တတ်ပါသလဲ။**

**ဒေါက်တာရဲကျော်သူ ။ ။** မိဘတွေအနေနဲ့ သိထားသင့်တာက ကလေးအဖျားမကျဘူး၊ အလွန်မှိန်းနေမယ်၊ သတိလစ်မယ်၊ အချို့ကလေးတွေဆိုရင် တက်သွားတယ်၊ အစာမဝင်တော့ဘူး၊ ဝမ်းလျှောမယ်၊ ဗိုက်အလွန်အောင့်မယ်၊ အဖုအပိမ့်တွေ ခန္ဓာကိုယ်မှာ ပေါ်မယ်၊ မျက်သားတွေ ရဲမယ်၊ အဆိုးဆုံးက ကလေးကို ကိုင်ကြည့်လိုက်မယ်ဆိုရင် လက်ဖျား၊ ခြေဖျားတင်မကဘဲ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်နေတယ်၊ ဖြူဖျော့နေတယ်၊ နှုတ်ခမ်းတွေ၊ လက်သည်းတွေ ပြာနေမယ်။ ဒီလိုအနေအထားဆိုရင် နီးစပ်ရာဆေးရုံကို ချက်ချင်း အရောက်သွားဖို့ အရေးကြီးပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြား လိုတာရှိရင် ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာရဲကျော်သူ ။ ။** အဓိကကိုဗစ် - ၁၉ ရောဂါ မိသားစုထဲမှာ ဖြစ်ထားတယ်၊ ဒီလိုကလေးတစ်ယောက် ဖျားပြီဆိုရင် ခုနပြောကြားခဲ့တဲ့ အချက်တွေကို သတိထားပြီး မျက်ခြည်မပြတ် စောင့်ကြည့်ပေးဖို့ လိုအပ်ပါတယ်။ ကလေးက အလွန်မှိန်းမယ်၊ အစာမဝင်ဘူး၊ ဗိုက်အလွန်အောင့်မယ်၊ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်မယ်၊ ပြာနှမ်းလာမယ်၊ ဖြူဖျော့မယ်၊ အချို့ကလေးကြီးတွေဆိုရင် ပြောတတ်တယ် ရင်ကျပ်လာမယ်၊ မောလာမယ်၊ ရင်တုန်မယ် ဒီလိုဆိုရင် ချက်ချင်းနီးစပ်ရာ ဆေးရုံဆေးခန်းကိုပြသဖို့ အရေးကြီးပါတယ်။

**မေး ။ ။ ကလေးတွေမှာ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားလာပြီဆိုရင် ဘယ်လိုကျန်းမာအောင် နေထိုင်ရမယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာစောသက်ခိုင် ။ ။** ကလေးတွေမှာကိုဗစ်ရောဂါဖြစ်ပွားပြီဆိုရင် များသောအားဖြင့် လက္ခဏာ မပြတတ်ဘူး။ လက္ခဏာပြရင်လည်း လူကြီးလောက် မပြင်းထန်ဘူး။ နှာစေးချောင်းဆိုးတယ်ဆိုရင် နှာစေးချောင်းဆိုးပျောက်ဆေးပေးတယ်။ ဖျားရင် ကိုယ်ပူကျဆေးပေးတယ်။ အဓိကက ပြည့်ပြည့်ဝဝအနားယူရမယ်။ အစားအသောက်ကို ပုံမှန်ထက်ပိုပြီး စားရမယ်။ ရေများများ သောက်ရမယ်။ တစ်ကိုယ်ရေသန့်ရှင်းရေးက အရေးကြီးပါတယ်။ ကိုဗစ် - ၁၉ ရောဂါဖြစ်လာရင် နောက်ဆက်တွဲရောဂါတွေ မဖြစ်အောင် ပြုစုနေထိုင်ရမယ့် နည်းလမ်းတွေဖြစ်ပါတယ်။

**မေး ။ ။ ကလေးတွေမှာ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်နဲ့ ပတ်သက်ပြီး ဖြေကြားပေးစေလိုပါတယ်။**

**ဒေါက်တာစောသက်ခိုင် ။ ။** ကလေးတွေမှာ ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနဲ့ သေဆုံးမှုနှုန်း လူကြီးတွေထက်စာရင် နည်းတယ်ဆိုပေမယ့် ကလေးတွေက ကာကွယ်ဆေးထိုးပြီး ကာကွယ်ထားဖို့ လိုအပ်ပါတယ်။ ကလေးတွေကာကွယ်ဆေးထိုးထားတယ်ဆိုရင် ကျောင်းတွေပြန်လည်ဖွင့်လှစ်တဲ့အခါ နေမကောင်းဖြစ်ပွားမှုမရှိတဲ့အတွက် ပညာရေးကို အနှောင့်အယှက်မရှိဘဲ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးထားခြင်းဖြင့် ဖြစ်ပွားမှုနှုန်းကို လျှော့ကျစေနိုင်သလို သူတို့က တစ်ဆင့် အိမ်မှာရှိတဲ့ ကာကွယ်ဆေးမထိုးရသေးတဲ့ အခြားသူတွေကို ကူးစက်နိုင်မှုကို လျှော့ကျစေနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေး ထိုးနှံထားသင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်လျက်ရှိသည်။

ထိုသို့ တပ်ဆင်ထုတ်လုပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ အောက်ဆီဂျင်အခမဲ့ပေးဝေရေးစက်ရုံကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လွယ်ဆီး ကိုဗစ်-၁၉ ရောဂါ ကုသဆောင်အတွက် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများအား ကျိုင်းတုံမြို့ စည်ပင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် အားကစားပစ္စည်းများကို ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ဌာနဆိုင်ရာဝန်ထမ်းများကို ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ကျောက်ဖြူ အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေကြသည့် အသက် ၁၈ နှစ်အထက်ရှိသည့် ဆေးထိုးရန်အကျုံးဝင်သူများကို ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါ ခိုလှုံရာစခန်းသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ဒုတိယအကြိမ်မြောက် ဆက်လက်ထိုးနှံပေးသည်။

အဆိုပါ IDPs စခန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်း ရေးသွင်းကောက်ယူခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်းများကို ဆောင်ရွက်ပေးပြီး ၎င်း IDPs Camp မှ စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည်။ ယင်းနောက် ကျောက်ဖြူမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးတင်အောင်ကျော်နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ကြည့်ရှုပြီး အားပေးစကားများ ပြောကြားသည်။

အဆိုပါ ခိုလှုံရာစခန်းတွင် အသက် ၆၅ နှစ်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သတ်မှတ်နေ့ရက်များအလိုက် ထိုးနှံပေးထားပြီးဖြစ်သည်။ အလားတူ အသက် ၁၈ နှစ်အထက်ရှိ ကာကွယ်ဆေးထိုးရန် အကျုံးဝင်သူများကို စက်တင်ဘာ ၁၇ ရက်က ပထမအကြိမ် ထိုးနှံပေးရာတွင် ယင်းစခန်း၌ နေထိုင်သူ ၃၃၄ ဦးအား ထိုးနှံပေးထားပြီးဖြစ်ကာ ယခုအခါတွင် ဒုတိယအကြိမ်မြောက် ပြန်လည်ထိုးနှံပေးခြင်း ဖြစ်ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တင်ထွန်းဦး(ပြန်/ဆက်)



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ သီပေါမြို့နှင့် နောင်ချိုမြို့တို့၌ ၁၃၅၉ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ၁၈၁၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ၇၆၉၅၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ၂၉၆၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ၁၇၀၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ၄၅၇၆၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ၂၈၆၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့၌ ၁၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ၆၀၃၂၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့၌ ၁၃၃၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၅ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသမီးနှစ်ဦးကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၅၇ ဦး၊ အမျိုးသမီး ၂၃၆ ဦး စုစုပေါင်း ၄၉၃ ဦးတို့ကို လည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုး တွေ့ရှိသူများကို သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

# ဘဏ်တွင် ရွှေအပ်နှံ၍ အာမခံအရောင်းအဝယ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



ရန်ကုန် အောက်တိုဘာ ၁၆

Paper Gold (ဘဏ်တွင် ရွှေအပ်နှံ၍ အာမခံဖြင့် အရောင်းအဝယ်ဆိုင်ရာ ကိစ္စရပ်များ) ဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး အစည်းအဝေးခန်းမ၌ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနာယက ဦးစန်းလွင်၊ ဥက္ကဋ္ဌဦးမျိုးမြင့်တို့က အမှာစကားပြောကြားကြပြီး အသင်း၏ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများနှင့်ရှေ့လုပ်ငန်းရပ်များကို အထွေထွေ အတွင်းရေးမှူးဦးဝင်းမြင့် က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသင်းအကြံပေး ဦးဇော်မင်းလတ်က Paper Gold လုပ်ငန်းရပ်များကို ပြောကြားခဲ့ပြီး ရွှေဘဏ်မှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သဲနိုးစံနှင့် Head of Consumer Banking ဦးမောင်မောင်ဝင်းတို့က ဘဏ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်သူများ၏ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၄၇၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၀၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၀၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၅/၁၄၈၀ ကျပ် | ၁၄၇၅/၁၅၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၅/၁၄၈၅ ကျပ် | ၁၄၉၀/၁၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၀/၁၄၇၀ ကျပ် | ၁၄၉၀/၁၅၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၇၀/၁၅၁၅ ကျပ် | ၁၆၀၀/၁၆၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၃၀ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၂၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၇ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၀၀၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၀၁ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၀ . ၁၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၄ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၄၂၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၇၀၀ | ၅၃၆ | ၄၆၉၆၄၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၃၉၈ | ၁၂၉၃၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၅ | ၃၉၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၇၇ | ၂၀၇၉၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃၅၁ | ၁၇၅၅၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁၀-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဖောရွှ်ဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့
- **၀၉:၁၀** တရုတ်ကာတွန်း 'ဖိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း' (အပိုင်း-၃၆)
- **၀၉:၄၀** MRTV Travelogue
- **၁၀:၁၅** 'သီတင်းကျွတ်အဝီချစ်သူသီ' ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- **၁၁:၃၀** အသိပညာနှင့်အမှန်တရား 'ဒေါ်လာနှင့်ငွေကြေးဈေးကွက်' (အပိုင်း-၁)
- **၁၁:၄၅** စည်းကမ်းလိုက်နာဘေးကင်းကွာ
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** မြန်မာဗီဒီယိုဇာတ်လမ်း 'ငယ်ကျွမ်းဆွေ' (ဇာတ်သိမ်း) (ရဲအောင်၊ ဇော်ဝမ်း၊ မေသန်းနု)
- **၁၆:၃၅** မျှဝေအသိပေး-ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
- **၁၇:၂၀** နှစ်စိုတူပျော် မီးမြင်းမိုရ်ပွဲတော်
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ရှုံ့ဖွက်ချက်' (အပိုင်း-၃၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ
- **၂၁:၂၅** မြန်မာ့ရုပ်ရှင်ဝုဏ်ပြုအစီအစဉ် 'မြန်မာ့ရုပ်ရှင်သမိုင်းဖြတ်ကိုက်' (ရွှေရတုကာလ)(အပိုင်း-၂)
- **၂၂:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၇၈)

**mitv**

- **07:01** News
- **07:26** Global Partnership For Brighter Future: Climate and Biodiversity
- **07:34** Ocularist
- **07:54** Shin Upagutta Floating Festival of Shwe Kyin
- **08:01** Myanmar Puppeteers (U Shwe Yoe and Daw Moe Dance)
- **08:10** The Bamboo Hat
- **08:19** Shwe U Min Natural Cave In Kalaw
- **08:35** Today Myanmar
- **08:44** The Recycle Art: Tyre
- **09:02** Winkabar Festival
- **09:24** Gemstone Sculptor
- **09:37** Five Tooth Relic Enshrined Pagodas
- **09:50** One of the Useful Purposes of Bamboo
- **10:00** Weekly Review

**MRTV NRC**

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ကယားဒေသမှာ အင်ဥရာထွက်မယ်
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** သင်ယူလေ့လာတို့ဂုံစာ(အပိုင်း-၈)
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ဖြစ်တည်ရာဘဝမှာ အကောင်းဆုံးကြိုးစားသူ
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** စာပေအမြုတေ
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** နွားနောက်သားဆန်ပြုတ်
- **မွန် (၁၃:၀၀ မှ ၁၄:၀၀)** ဓနိဖူး၏ အသုံးဝင်ပုံ အကျိုးကျေးဇူး
- **ရခိုင် (၁၄:၀၀ မှ ၁၅:၀၀)** လမြေမြန်းမြေမှုရှိုးရာအလှ(အပိုင်း-၁)
- **ရှမ်း (၁၅:၀၀ မှ ၁၆:၀၀)** တို့ဟူးမြူပြုလုပ်နည်း
- **ဝ (၁၆:၀၀ မှ ၂၁:၀၀)** ပိုးမွေးမြူရေးလုပ်ငန်းအကြောင်း
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** တစ်ပိုင်တစ်နိုင် စပျစ်စိုက်ခင်းဆီ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
- **၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ပကောင်းဆိုးဝါး'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


**မြန်မာ့အလင်း**

- **စာတည်းမှူးချုပ်** - အောင်နိုင်ဦး
- **ခေတ္တစာတည်းမှူး** - မြင့်စိုး
- **သတင်းထောက်မှူး** - ခင်ရတနာ
- **စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- **အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- **အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
- **ဓာတ်ပုံသတင်းထောက်** - တင်စိုး
- **သုတေသန** - အိအိခင်နှင့် အဖွဲ့
- **စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
- **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
- **ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
- **ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အသုံးအမဖြင့် အောင်မြင်ခြင်း

# မဇ္ဇပါနာစ သံယမော

## မူးယစ်မေ့လျော့စေတတ်သော အရက်သေစာ၊ မူးယစ်ဆေးတို့ကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**မင်္ဂလာတရားတော် ၃၈ ပါးတွင် လိုက်နာရမည့်အချက်များ ရှိသကဲ့သို့ ရှောင်ရမည့်အချက်များလည်း ရှိပါသည်။ မဇ္ဇပါနာစသံယမောသည် ရှောင်ရမည့်တရားတော်ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က မူးယစ်ဆေးဝါးများ မပေါ်သေး၍ မူးယစ်မေ့လျော့စေတတ်သော သေရည်သေရက်သောက်စားခြင်းမှ ကောင်းစွာရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏ဟု မူလတရားတော်က ဆိုပါသည်။ မူးယစ်ဆေးဝါးကို သုံးစွဲခြင်းသည် အရက်သေစာထက်ပင် လူကိုဒုက္ခပေးနိုင်၍ မူးယစ်ဆေးကိုလည်း ရှောင်ရမည်ဖြစ်ပါသည်။**

လူအများစုသည် ပျော်ရွှင်မှုအတွက် အရက်၊ မူးယစ်ဆေးတို့ကို စမ်းသုံးရာမှ စွဲလမ်းသွားတတ်ပါသည်။ မိမိစိတ်ကို နိုင်ပါသည်ဆိုပြီး စမ်းသပ်ကြည့်ကြသော်လည်း သုံးစွဲပြီးနောက် အရက်နှင့် မူးယစ်ဆေး၏ ကျေးကျွန်ဖြစ်သွားလေ့ရှိပါသည်။ အရက်နှင့် မူးယစ်ဆေး၏ ကျေးကျွန်ဖြစ်လျှင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများ ထိခိုက်လာမည်ဖြစ်ပါသည်။ အရက်သေစာဖြစ်စေ၊ မူးယစ်ဆေးကိုဖြစ်စေ၊ စိတ်ကြွဆေးကိုဖြစ်စေ သုံးလိုက်၍ မူးသွားသည့်အခါ သုံးစွဲသူသည် အသိဉာဏ်များ ပျောက်သွားပါသည်။ အသိဉာဏ်များ ပျောက်သွားသည့်အခါ ပြောသင့်တာ၊ မပြောသင့်တာ၊ လုပ်သင့်တာ၊ မလုပ်သင့်တာများကို မခွဲခြားနိုင်ပါ။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးနှင့် မပြစ်မှားသင့်သူများကို ပြစ်မှားမိပါသည်။ မကြံအပ် မစည်အပ်သည်များကို ကြံစည်မိပါသည်။ ရာဇဝတ်မှုများ ကျူးလွန်မိပါသည်။ နောက်ဆုံး ရာဇဝတ်ဘေးသင့်ကာ ထောင်ကျပါမည်။ မူးယစ်ဆေးအလွန်အကျွံ သုံးစွဲမိ၍ အသက်ဆုံးရှုံးရသူများလည်း ရှိပါသည်။ အရက်၊ မူးယစ်ဆေးကြောင့် လူမှုရေးတာဝန်များ ပျက်ကွက်၍ မိသားစုကလည်း စိတ်ဆင်းရဲမှု ကြုံရပါမည်။ အိမ်ထောင်ပျက်ရသည်များလည်း ရှိပါသည်။ "အရက်သမား အမှားတစ်ထောင်" ဆိုသကဲ့သို့ အရက်၊ မူးယစ်ဆေးသုံးသူသည် အမှားတစ်ထောင်ကျူးလွန်ရန် အခြေအနေများ ရှိနေပါသည်။

အရက်သေစာ စတင်ဖြစ်ပေါ်လာသည့်အကြောင်းကို ဗုဒ္ဓဘုရားရှင်က ဝိသာခါ ဒါယကာမကြီး၏ အဆွေခင်ပွန်းများဖြစ်ကြသည့် သေရည်သောက်သုံးသူ အမျိုးသမီးငါးရာကို အကြောင်းပြု၍ အောက်ပါ ကုမ္ဘဇာတ်ကို ဟောကြားခဲ့ပါသည်။

### ကုမ္ဘဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဟိမဝန္တာတောထဲရှိ သစ်ပင်ကြီး တစ်ပင်၏ ခက်မကြီး သုံးခုဆုံရာ၌ အခေါင်းကြီး တစ်ခုရှိသည်။ မိုးရာသီတွင် ထိုအခေါင်းထဲ၌ ရေပြည့်နေတတ်သည်။ အနီးတွင် ကပ်ပေါက်နေသော အပင်တို့မှ အသီးများသည် အခေါင်းထဲသို့ ကြွေကျပါသည်။ တစ်ဖန်ကျေးငှက်များသည် သလေးနှံများကို ထိုအပင်ပေါ်၌ စားသောက်ကြရာ စပါးစေ့နှင့် ဆန်စေ့များသည်လည်း ထိုအခေါင်းထဲသို့ပင် ကျရောက်ပြန်သည်။ ရက်များရှည်လျားခဲ့ချိန်တွင် သစ်ခေါင်းထဲမှ ရေသည် နေပူရှိန်ကြောင့် ကျက်လာပါသည်။ အရောင်နီလာပြီး သေရည်ဖြစ်လာသည်။

> ❋ **အဆိုတော်၊ မော်ဒယ်နှင့် ရုပ်ရှင်မင်းသမီး ဝှစ်တနီဟူစတန်သည် ကမ္ဘာ့ဂင်းနစ်မှတ်တမ်းစာအုပ်ကြီးတွင် ဆုအများဆုံးရရှိသည့် အနုပညာရှင်အဖြစ် မှတ်တမ်းတင်ခံရသည်အထိ အောင်မြင်ခဲ့ပါသည်။ ဂရမ်မီဆုပေါင်း ခြောက်ဆု အပါအဝင် ဆုပေါင်း ၄၁၅ ခု ရဖူးပါသည်။ အရက်အမူးလွန်ကာ ရေချိုးကန်ထဲတွင် ရေနစ်ပြီး ဘဝဆုံးခဲ့ရပါသည်။ မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးကြောင့် ဘဝပျက်ရသည့် နာမည်ကျော် အနုပညာရှင်များစွာရှိပါသည်**

ငှက်များသည် သေရည်ကို သောက်ကြသည့်တွင် အားလုံးယစ်မူး၍ သစ်ပင်ရင်းသို့ တဖြုတ်ဖြုတ်ကျကာ ခဏကြာလျှင် ထပြန်သွားကြသည်။ ယင်းအဖြစ်အပျက်ကို မြင်တွေ့ရသော ကာသိတိုင်းသား သူရာမည်သော မုဆိုးသည် သေရက်ကို အနည်းငယ်ယူ၍ သောက်ကြည့်ရာ မူးယစ်သွားသည်။ သစ်ပင်ရင်း၌ ကျနေသော ငှက်များကို ဖမ်းယူသတ်ဖြတ်၍ မီးကင်ပြီး သေရည်နှင့် မြည်းစားသည်။ တစ်ဦးတည်း သောက်စားနေရသည်ကို အားမရသော သူရာသည် ယခင်က သိကျွမ်းခဲ့ဖူးသော ဝရုဏရသေ့ထံ သေရည်အရက်ယူသွားကာ နှစ်ဦးသား သောက်သုံးကြသည်။ သူရာနှင့် ဝရုဏတို့သည် သေရည်များကို ဝါးကျည်တောက်ဖြင့် ထည့်ယူ၍ နယ်စွန်မြို့မှ မင်းထံဆက်သရာ မင်းသည် သေရည်ကို ကြိုက်လွန်းသဖြင့် မြို့၌ပင် သေရည်ပြုလုပ်၍ သောက်ရာ ပြည်သူများပါ လိုက်သောက်ကြပြီး တစ်မြို့လုံးပျက်စီးသွားသည်။ သူရာနှင့် ဝရုဏကြောင့် ပစ္စန္တရစ်၊ ဗာရာဏသီ စသောမြို့များမှ မင်းများနှင့်တကွ လူတို့သည်လည်း သေရည်ကြောင့် ပျက်စီးကြသဖြင့် မြို့များလည်း ဆိတ်သုဉ်းသွားပါသည်။

သူရာနှင့် ဝရုဏတို့သည် သာကေတမြို့သို့ သွား၍ သဗ္ဗမိတ္တမင်းကြီးအား သေရည်ကို ဆက်သရာ မင်းကြီးသည် တန်ဆာဆင်သော မဏ္ဍပ်အလယ်တွင် ရာဇပလ္လင်ပေါ်မှနေ၍ သေရည်သောက်ပွဲ ကျင်းပရန် ပြင်ဆင်ပါသည်။ ယင်းအဖြစ်အပျက်ကို မြင်သော သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် ရောက်လာပြီး သေရည်၏ အပြစ်များကို ဟောကြားဆုံးမရာ မင်းကြီးလည်း သေရည်၏ အပြစ်များကို နားလည်သဘောပေါက်သဖြင့် သေရည်အိုးများကို ရိုက်ခွဲဖျက်ဆီးစေသည်။ ပြည်သူများကိုလည်း သေရည်မသောက်ရန် တားဆီးတော်မူသည်။

### အရက်သောက်ခြင်း၏ အပြစ်

အရက်သောက်ခြင်း၏ အပြစ်ခြောက်ပါးကို ကျမ်းဂန်များက "ဥစ္စာယုတ်ခြင်း၊ ငြင်းခုန်များစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား" ဟု ဆိုပါသည်။ အရက်၊ မူးယစ်ဆေးဝါး သုံးစွဲသူသည် ပစ္စည်းဥစ္စာမရှာနိုင်၍ စီးပွားပျက်စီးဆုတ်ယုတ်ပါမည်။ ငြင်းခုန်သဖြင့် ရန်များပါမည်။ ရောဂါထူပြောပါမည်။ အခန့်မသင့်လျှင် အသက်ပါ ဆုံးရှုံးပါမည်။ လူအများ၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရပါမည်။ အရက်မူးသည့်အခါ မိမိကိုယ်မိမိ မထိန်းနိုင်၍ အရှက်တကွဲ ဖြစ်မည်။ ပညာဆည်းပူးမှုလည်း အားနည်း၍ ဖွံ့ဖြိုးတိုးတက်မှုနည်းပြီး အောင်မြင်ရန် ခက်ခဲပါမည်။

ဝမ်းနည်းစရာ ကောင်းသည်မှာ မြန်မာနိုင်ငံတွင် အရက်သေစာကို လူငယ်အများအပြား သုံးစွဲနေခြင်း ဖြစ်ပါသည်။ အရက်ဆိုင်၊ ဘီယာဆိုင်များကိုလည်း မြို့တိုင်းလိုလိုတွင် တွေ့နေရပါသည်။ အရက်နှင့် ဘီယာ၏အခွန်များကို တိုးကောက်ရန် လိုပါသည်။ မြန်မာနိုင်ငံတွင် ဘီယာတစ်ပုလင်းကို ကျပ် ၁၀၀၀ ပင် မပေးရသော်လည်း စင်ကာပူနိုင်ငံတွင် ကျပ် ၈၀၀၀ ခန့် ပေးရပါသည်။ အရက်မသောက်နိုင်ရန် စင်ကာပူအစိုးရက အခွန်တိုးထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်ကျော်လျှင် အရက်သောက်ခွင့်ပြုသော်လည်း ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများတွင် အသက် ၂၁ နှစ်ကျော်မှသာ အရက်သောက်ခွင့်ပြုပါသည်။ လူငယ်များ အကျင့်စာရိတ္တ ကောင်းစေရန် အရက်သောက်ခွင့်ပြုသည့် အသက်ကန့်သတ်ချက်ကို ပြန်လည်ပြုပြင်သင့်ပါသည်။ မူးယစ်ဆေးဝါး အမြောက်အမြားမိနေသည်ကိုလည်း သတင်းများတွင် မကြာခဏ တွေ့နေရပါသည်။ အမြောက်အမြားမိတာကို ကြည့်လျှင် မမိသည့်အရေအတွက် မည်မျှ များမည်ကို ခန့်မှန်းနိုင်ပါသည်။

အရက်သောက်သုံးသူ လူငယ်များ လျော့ကျအောင် ဥပဒေနှင့် တားဆီးတင်းကျပ်ရန် လိုသကဲ့သို့ မိဘဆရာများကလည်း ဝိုင်းဝန်းထိန်းသိမ်းရပါမည်။ မိဘများက မိမိသားသမီးကို အပေါင်းအသင်းမမှားအောင် သတိထားစောင့်ကြည့်ရန် လိုပါသည်။ ကျောင်းချိန်များတွင် ဆရာ၊ ဆရာမများ၏ လက်ထဲ၌ ကျောင်းသား၊ ကျောင်းသူများရှိနေသဖြင့် ဆရာ၊ ဆရာမများတွင်လည်း တာဝန်ရှိပါသည်။ မိဘ၊ ဆရာ ပူးပေါင်းထိန်းသိမ်းမှသာ ကျောင်းသား၊ ကျောင်းသူ လူငယ်များ အကျင့်စာရိတ္တ ခိုင်မာပါမည်။ အရက်၊ မူးယစ်ဆေးဝါးကို စွဲစွဲမြဲမြဲ၊ လွန်လွန်ကျူးကျူး သုံးစွဲသူသည် မည်မျှပင် အောင်မြင်သူဖြစ်ပါစေ စီးပွားပျက်၊ အရှက်တကွဲ အကျိုးနည်းဖြစ်ကာ နောက်ဆုံး အသက်ပါ ဆုံးရှုံးကြရမည်ဖြစ်သည်ကို လူငယ်များ သိရှိအောင် ဘက်ပေါင်းစုံမှ အသိပညာပေးရန် လိုပါသည်။

ဒုကနိပါတ် ခမ္မဇာတ်လာဝတ္ထုတွင် ဘုရင်ဖြစ်သူသည် အရက်သေစာ သောက်စားမူးယစ်ကာ လူစိတ်ပျောက်ပြီး မိမိသားငယ်ကို ဟင်းလျာအဖြစ် ချက်စားခဲ့သည့် သာဓကရှိပါသည်။ အရက်မူးလာသည့်အခါ အလွန်ကြီးလေးသည့် မကောင်းမှုများကို ပြုလုပ်ရန် ဝန်မလေးသည်ကို သတိပြုသင့်ပါသည်။ မြန်မာရာဇဝင်ကို ပြန်ကြည့်လျှင်လည်း အသက် ၁၄ နှစ်၌ ဘုရင်ဖြစ်လာခဲ့ပြီး ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် တပင်ရွှေထီးသည် အရက်ကြောင့် ရန်သူလက်တွင် အသက်ဆုံးခဲ့ရပါသည်။

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး၏ သားတော်ဆင်ဖြူရှင်သည် အလွန်ဘုန်းတန်ခိုးကြီးသည့် မင်းတစ်ပါးဖြစ်ပါသည်။ ဆင်ဖြူရှင် နတ်ရွာစံသည့်အခါ ဆင်ဖြူရှင်၏သားတော် စဉ့်ကူးမင်း နန်းရခဲ့ပါသည်။ စဉ့်ကူးမင်းသည် အရက်သေစာကို အလွန်အကျူးသောက်စား မူးယစ်ခဲ့သည့်အတွက်ကြောင့် နန်းကို စွန့်လွှတ်ခဲ့ရပြီး အသက်ပင် ဆုံးရှုံးခဲ့ရပါသည်။ ရာဇဝင်ထဲတွင်သာမက အနုပညာလောကတွင်လည်း အရက်သေစာနှင့် မူးယစ်ဆေးကြောင့် ကျဆုံးရသည်များကို တွေ့နေရပါသည်။ အမေရိကန်လူမည်း အဆိုတော်၊ မော်ဒယ်နှင့် ရုပ်ရှင်မင်းသမီး ဝှစ်တနီဟူစတန်သည် ကမ္ဘာ့ဂင်းနစ်မှတ်တမ်းစာအုပ်ကြီးတွင် ဆုအများဆုံးရရှိသည့် အနုပညာရှင်အဖြစ် မှတ်တမ်းတင်ခံရသည်အထိ အောင်မြင်ခဲ့ပါသည်။ ဂရမ်မီဆုပေါင်း ခြောက်ဆု အပါအဝင် ဆုပေါင်း ၄၁၅ ခု ရဖူးပါသည်။ အရက်အမူးလွန်ကာ ရေချိုးကန်ထဲတွင်ရေနစ်ပြီး ဘဝ ဆုံးခဲ့ရပါသည်။ မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးကြောင့် ဘဝပျက်ရသည့် နာမည်ကျော် အနုပညာရှင်များစွာ ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် အရက်သေစာနှင့် မူးယစ်ဆေးတို့ကို အလွန်အကျွံသုံးစွဲမည်ဆိုလျှင် အကျင့်စာရိတ္တ၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နောက်ဆုံး ဘဝပါပျက်စီးနိုင်သည်ကို သာဓကများနှင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ အရက်သေစာနှင့် မူးယစ်ဆေးကို ရှောင်ကြဉ်မှသာ မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာ အောင်မြင်ပါမည်။

**"မှတ်သားစရာ"**

**ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွင် ထူးချွန်ထက်မြက်စေရန် အရက်သေစာ၊ မူးယစ်ဆေးတို့ကို ရှောင်ကြဉ်ရပါမည်။**

ကျမ်းကိုး

၁။ ဇာတ်တော် ငါးရာ့ငါးဆယ်။ မာဃဝ ပြုစုသည်။

၂။ သုတေသန သရုပ်ပြအဘိဓာန်။ အရှင်ဩဘာသာဘိဝံသ မထေရ်။

၃။ မင်္ဂလာ အဘိဓာန်။ နိုင်ပြည်သူ။

၄။ ၂၁ ရာစုတစ်လွှား လူသားအကျိုးပြု၍ ချမ်းသာအောင်မြင်လာသူများ။ ကျော်ကျော်လှိုင်။

၅။ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်အရည်အသွေးကို လေ့လာခြင်း။ (ဒုတိယ မြန်မာနိုင်ငံတော်) ကျော်ကျော်လှိုင်။


ဗုဒ္ဓအသုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

စာတည်းအဖွဲ့

# လောကနန္ဒာဘေးမဲ့တောဥယျာဉ် ခရီးစဉ်တွင် မြန်မာ့ရှားပါးငှက်မျိုးစိတ် ခုနစ်မျိုး လေ့လာနိုင်

## မောင်မောင်ထိန် (ကျောက်ပန်းတောင်း)

**ကိုဗစ်-၁၉ ရောဂါကာလအလွန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ လာရောက်ကြမည့် ခရီးသွားပြည်သူများ၊ ငှက်ချစ်သူများ၊ ငှက်ဝါသနာရှင်များနှင့် သတ္တဗေဒ ကျောင်းသားကျောင်းသူများ၊ ရှားပါးငှက်လေ့လာချင်သူများအနေဖြင့် ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းမှာသာရှိသည့် မြန်မာ့ဒေသမျိုးရင်း ရှားပါးငှက် ကိုးမျိုးဖြစ်သည့် စွေ့ငှက်၊ ဘီလုံးငှက်၊ ငှက်မင်းသားဝမ်းဖြူ၊ ဧရာဝတီဗွတ်ချွဲ၊ ချိုးလင်းပြာ၊ နဖားကြူးအမြီးဝိုင်း၊ ငှက်လက်မမြီးရှည်ညို၊ မျက်ခုံးဖြူငှက်ပြာခြောက်နှင့် မြန်မာ့တစ်ငှက် စသည့်ငှက်မျိုးများအနက် ခုနစ်မျိုးကို ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ခရီးစဉ်အတွင်း လေ့လာနိုင်မည်ဖြစ်ကြောင်း သစ်တောဦးစီးဌာန လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်က ရှင်းပြသည်။**



### ဘီလုံးငှက်

လောကနန္ဒာဘေးမဲ့တောဥယျာဉ်အတွင်း အမြဲနေထိုင်ကျက်စားလေ့ရှိပြီး အစားအစာ ပေါများခြင်း၊ လုံခြုံမှုရှိခြင်းတို့ကြောင့် အကောင်ရေတိုးပွားလာကြောင်း သိရသည်။ ဥယျာဉ်တစ်ခုလုံး အနှံ့အပြား တွေ့ရတတ်သော်လည်း ချုံပင်များပေါသော ကွင်းပြင်နေရာတွင် အများဆုံးကျက်စားကာ အသိုက်လုပ် ဥဥခြင်းများကို ပြုလုပ်လေ့ရှိသည်။ လူများ၊ လူနေအိမ်များနှင့် အဝေးတွင် ကျက်စားနေထိုင်ကြကြောင်း၊ ဓာတ်ကြိုးတန်းများပေါ်နှင့် သစ်ပင်ထိပ်ဖျားတို့တွင် နားနေတတ်ကြောင်း၊ မိုးရွာခါနီးအချိန်တိုင်း ၎င်းတို့သဘာဝအလျောက် လေဟုန်စီး၍ မြူးတူးပျော်ပါးကြကြောင်း သိရသည်။ ဒေသခံများက မိုးခေါ်ငှက်ဟုလည်း ခေါ်ဆိုကြသည်။ ရန်ကုန်တက္ကသိုလ်မှ ဆရာမတစ်ဦးသည် လောကနန္ဒာဘေးမဲ့တောဥယျာဉ်အတွင်းနှင့် ပုဂံမြို့ပတ်ဝန်းကျင်၌ ၂၀၁၆ ခုနှစ်မှစ၍ လေးနှစ်ကြာ ကွင်းဆင်းလေ့လာ သုတေသနစာတမ်းပြုစုကာ ဒေါက်တာဘွဲ့ရယူခဲ့ကြောင်း၊ လေ့လာတွေ့ရှိချက်အရ ဥယျာဉ်ပြင်ပ၌ လေ့လာခဲ့ရာတွင် စွေ့ငှက်ကောင်ရေ ၉၀ မှ ၁၀၀ ကြား ရှိနိုင်ကြောင်းနှင့် ဥယျာဉ်အတွင်း အကောင်ရေ ၃၀ မှ ၅၀ ကြား တွေ့ရှိရကြောင်း သိရသည်။

### စွေ့ငှက်

လောကနန္ဒာဘေးမဲ့တောဥယျာဉ်အတွင်းနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း အမြဲနေထိုင် ကျက်စားလေ့ရှိပြီး အစာရေစာပေါများ၍ လုံခြုံမှုရှိခြင်းကြောင့် အကောင်ရေတိုးပွားလာခဲ့ကာ လူများနှင့် ယဉ်ပါးလွယ်၍ လူနေအိမ်များအနီးသို့ပင် လာရောက်ကျက်စား နေထိုင်ကြကြောင်း သိရသည်။ ဦးရွှေဌေးအောင်နှင့် ဝန်ထမ်းများ ကွင်းဆင်းလေ့လာချက်အရ စွေ့ငှက်ကောင်ရေ ၅၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

### ငှက်မင်းသားဝမ်းဖြူ

ငှက်မင်းသားဝမ်းဖြူငှက်သည် လောကနန္ဒာဥယျာဉ်အတွင်းနှင့် ပုဂံရှေးဟောင်းဒေသအတွင်း အမြဲနေထိုင်ကျက်စားလေ့ရှိကြောင်း၊ ကွင်းပြင်များတွင်လည်း အများဆုံးတွေ့ရသည့် ငှက်ဖြစ်ကာ လူနှင့် လူနေအိမ်များအဝေးတွင် နေထိုင်ကျက်



စားကြကြောင်း သိရသည်။ ခြောက်ကောင်အုပ်၊ ရှစ်ကောင်အုပ်၊ အုပ်လိုက်ကျက်စားနေထိုင်ကြကြောင်း ဦးရွှေဌေးအောင်က ရှင်းပြသည်။

### ချိုးလင်းပြာ

ဥယျာဉ်အတွင်း အနှံ့အပြားတွေ့ရပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း၌လည်း တွေ့ရှိနိုင်သည်။ လူများနှင့် ယဉ်ပါးလွယ်၍ လူနေအိမ်များ အနီးသို့ပင် လာရောက်ကျက်စားနေထိုင်ကြကြောင်း၊ စုံတွဲနေထိုင်သည်ကို အများဆုံး



တွေ့ရပြီး ၎င်းနှင့်အတူ အခြားချိုးအမျိုးအစား သုံးမျိုးဖြစ်သည့် ချိုးပိန်တူး၊ ချိုးနီပု၊ ချိုးလည်ပြောက်တို့နှင့်လည်း ယှဉ်တွဲနေထိုင်ကြကြောင်း သိရသည်။

### ဧရာဝတီဗွတ်ချွဲ

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်တစ်ခုလုံး၌ တွေ့ရသည်။ လူများနှင့် ယဉ်ပါးလွယ်၍ လူနေအိမ်များအနီး ငှက်သိုက်ဆောက်လုပ်နေထိုင်ကျက်စားကြသည်။ လောကနန္ဒာဥယျာဉ်ထဲတွင်ပင် အကောင်ရေ ၃၀၀ ခန့်ရှိကြောင်း သိရသည်။



၎င်းနှင့် အမျိုးတူဗွတ်နှစ်မျိုးဖြစ်သည့် ဗွတ်ဖင်နီ၊ ဗွတ်စာမွဲတို့နှင့်လည်း ယှဉ်တွဲနေထိုင်ကြကြောင်း သိရသည်။ တက္ကသိုလ် ဆရာ ဆရာမများ ရှေ့ပြေး လာရောက်လေ့လာလျက်ရှိသည်။

### နဖားကြူးငှက်

အဆိုပါ နဖားကြူးငှက်သည် တစ်နေရာတည်း



တွင် နေထိုင်ကျက်စားသည့် ငှက်မဟုတ်ဘဲ ညွှေ့သည့်ငှက်ပမာ တွေ့ရှိတတ်ကြပြီး လောကနန္ဒာဥယျာဉ်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် တွေ့ရှိရသည်မှာ ငါးနှစ်ခန့်သာရှိသေးကြောင်း၊ စတင်တွေ့ရှိခဲ့စဉ်က နှစ်ကောင်တစ်စုံ သစ်ပင်ထိပ်ဖျားတွင် စတင်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပြီး နောက်ဆုံး ၂၀၁၈ ခုနှစ်တွင် ခြောက်ကောင်တစ်အုပ် လာရောက်ခဲ့သည်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

### ငှက်လက်မမြီးရှည်ညို

လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် အမြဲနေနိုင်ကျက်စားခြင်းမရှိဘဲ ပြင်ပ ပုဂံ-ညောင်ဦး ဝန်းကျင်ရှိ လယ်ယာစိုက်ခင်းများ၊ ကိုင်းတောများ၊ မြက်တောများတွင် ဥယျာဉ်အတွင်း ငှက်စာရင်းကောက် လုပ်ငန်းဆောင်ရွက်စဉ် ၁၀ ကောင်ထက် မပိုဘဲ ကွဲပြားစွာနေထိုင်ကျက်စားသည်ကို တွေ့ရှိရသည်။ ဥယျာဉ်အတွင်း နေထိုင်ကျက်စားသည့်ငှက်အားလုံးကို ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လေ့လာ၍ ဒေါက်တာဘွဲ့ရရှိသည့် ဆရာမတစ်ဦး၏ လေ့လာသုတေသနပြုကာလများတွင် လေး၊ ငါး ကောင်ခန့်သာ တွေ့ရှိမှတ်တမ်းတင်နိုင်ကြောင်း ဦးရွှေဌေးအောင်က ရှင်းပြသည်။



ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ခရီးစဉ်ဒေသရှိပြီးဖြစ်ရာ ကမ္ဘာအရပ်ရပ်မှ ငှက်ဝါသနာရှင်များ လာရောက်လေ့လာသည့်အခါ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိပြီး မြန်မာ့မျိုးရင်းရှားပါး ငှက်မျိုးစိတ်များကိုလည်း ထိန်းသိမ်းရာရောက်မည်ဖြစ်သည်။ လောကနန္ဒာဘေးမဲ့တောဥယျာဉ်နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) တို့ ပူးပေါင်းကာ ငှက်ကြည့်ခရီးစဉ်များ ဆောင်ရွက်သည့်အခါ ငှက်တိုးဂိုက်များစွာလည်း လိုအပ်လာမည်ဖြစ်ပေသည်။ လောကနန္ဒာဘေးမဲ့တောဥယျာဉ် ခရီးစဉ်ဒေသအသစ်တွင် ကမ္ဘာ့ရှားပါးကြယ်လိပ်များ၊ တိုက်လိပ်များနှင့် ရှားပါးငှက်မျိုးစိတ် ခုနစ်မျိုးတို့ ရှိသည့်အပြင် မိုးနည်းရပ်ဝန်းဒေသမှ ဧက ၁၀၀ ကျော် ဘေးမဲ့တောဥယျာဉ်အတွင်း၌ ကြီးမားသည့် သစ်ပင်ကြီးများ အုံ့အုံ့မှိုင်းမှိုင်းတည်ရှိနေသည်ကိုလည်း လာရောက်လေ့လာလည်ပတ်ကြမည့်သူများ လက်တွေ့ ကြည့်ရှုတွေ့မြင်နိုင်မည်ဖြစ်ပေသည်။ ။

**❍ ကမ္ဘာအရပ်ရပ်မှ ငှက်ဝါသနာရှင်များ လာရောက်လေ့လာသည့်အခါ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိပြီး မြန်မာ့မျိုးရင်း ရှားပါးငှက်မျိုးစိတ်များကိုလည်း ထိန်းသိမ်းရာရောက်မည်ဖြစ်သည်။ လောကနန္ဒာဘေးမဲ့တောဥယျာဉ်နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန (ပုဂံရုံးခွဲ) တို့ ပူးပေါင်းကာ ငှက်ကြည့်ခရီးစဉ်များ ဆောင်ရွက်သည့်အခါ ငှက်တိုးဂိုက်များစွာလည်း လိုအပ်လာမည်ဖြစ်ပေသည်**

## စံချိန်တင်အပြေးသမား အဂ္ဂနက်စ် တီရော့ဘ် အသတ်ခံရမှုအတွက် ခင်ပွန်းသည်ဖြစ်သူကို ရဲများရှာဖွေနေ


စံချိန်တင်အပြေးသမား အဂ္ဂနက်စ် တီရော့ဘ်

ကင်ညာနိုင်ငံမှရဲများသည် စံချိန်တင်အပြေးသမား အဂ္ဂနက်စ် တီရော့ဘ် အသတ်ခံရမှုအတွက် ၎င်း၏ ခင်ပွန်းသည်ဖြစ်သူကို အောက်တိုဘာ ၁၄ ရက်တွင် ရှာဖွေမှုများပြုလုပ်နေသည်ဟု သိရသည်။

အဂ္ဂနက်စ် တီရော့ဘ်မှာ ဓားထိုးခံရပြီးနောက် သေဆုံးခဲ့သည်။ ၎င်းသေဆုံးမှုအတွက် ကမ္ဘာအနှံ့မှ အားကစားသမားများနှင့် ၎င်း၏ မိခင်နိုင်ငံမှ ပြည်သူများမှာ အံ့အားသင့် ထိတ်လန့်ခဲ့ရသည်။ အဂ္ဂနက်စ် တီရော့ဘ် သေဆုံးမှုအတွက် ၎င်း၏ ခင်ပွန်း အီမန်နျူရယ် ရိုတစ်ချ်ကို ရဲများက သံသယရှိနေသည်။ ၎င်းကို ဖမ်းမိနိုင်ရေးတွက် နီးစပ်နေပြီဟုလည်း ရဲအရာရှိဖြစ်သူ တွမ်မာကိုရီက ပြောသည်။ ၎င်း၏ ဖုန်းမှတ်တမ်းကို ရဲများက ခြေရာခံလိုက်နေခြင်း ဖြစ်ကြောင်းလည်း သိရသည်။

ကင်ညာနိုင်ငံအနောက်ပိုင်း အိုင်တန်မြို့ရှိ နေအိမ်တွင် အဂ္ဂနက်စ် တီရော့ဘ်၏အလောင်းကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ နေအိမ် အိပ်ခန်းအတွင်း ဓားဒဏ်ရာများဖြင့် တွေ့ရှိခဲ့သည်။ အဂ္ဂနက်စ် တီရော့ဘ်မှာ ဂျာမနီတွင်ကျင်းပခဲ့သည့် အမျိုးသမီး ၁၀ကီလိုမီတာ အပြေးပြိုင်ပွဲတွင် စံချိန်ချိုးပြီး နောက်တစ်လအကြာတွင် အသတ်ခံခဲ့ရခြင်း ဖြစ်သည်။


လူးကပ် ဟာနန်ဒက်ဇ်

## ပြင်သစ်ဘောလုံးလက်ရွေးစင် လူးကပ် ဟာနန်ဒက်ဇ် ထောင်ဒဏ်နှင့်ရင်ဆိုင်နေရ

ပြင်သစ်လက်ရွေးစင်ဖြစ်သူ လူးကပ် ဟာနန်ဒက်ဇ်မှာ တားမြစ်မိန့်ကို ချိုးဖောက်ခဲ့သည့်အတွက် ထောင်ဒဏ်နှင့် ရင်ဆိုင်နေရသည်။ ၎င်းကိုကန့်သတ်ထားသည့်အမိန့်ကို ချိုးဖောက်ခဲ့သည့်အတွက် စပိန်တရားရုံးမှ ထောင်ဒဏ်ကျခံရန် အမိန့်ထုတ်ခဲ့သည်။

ဟာနန်ဒက်ဇ်မှာ ၂၀၁၇ ဖေဖော်ဝါရီလအတွင်း ၎င်း၏ ချစ်သူမိန်းကလေးကို ကိုယ်ထိလက်ရောက် ထိခိုက်စေခဲ့သည်ဟုစွပ်စွဲချက်ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ အိမ်တွင်းအကြမ်းဖက်မှုဖြင့် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ ထို့နောက်တရားသူကြီးက နှစ်ဦးစလုံးကို ကန့်သတ်မိန့်ချမှတ်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုကို ခရီးထွက်ခြင်းဖြင့် တားမြစ်မိန့်ကို ချိုးဖောက်ခဲ့သည်။ ယခုအခါ ၎င်းမှာ မက်ဒရစ်တရားရုံး၌ အောက်တိုဘာ ၁၉ ရက်တွင် အမှုရင်ဆိုင်ရမည်ဖြစ်ပြီး ထောင်ဒဏ်ခြောက်လ ကျခံရမည့်အရေးနှင့် ရင်ဆိုင်နေသည်။

အောင် – ရေးသားသည်

## ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ဒီယွန်တေ ဝိုင်ဒါ လက်ခွဲစိတ်မှုခံယူရမည်

ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ဒီယွန်တေ ဝိုင်ဒါဟာ လွန်ခဲ့တဲ့ သီတင်းပတ်အကုန်က ဗြိတိန်ကစားသမား တိုင်ဆန်ဖျူရီနဲ့ ယှဉ်ပြိုင်ထိုးသတ်ပွဲအပြီးမှာ သူ့ရဲ့ညာဘက်လက်ခွဲစိတ်မှုခံယူရမယ်လို့ သူ့ရဲ့ ပူးတွဲမန်နေဂျာက ESPN ရုပ်သံကို ပြောကြားခဲ့ပါတယ်။

ဗြိတိန်လက်ဝှေ့ကျော် ဖျူရီဟာ အောက်တိုဘာ ၉ ရက်က ပြုလုပ်တဲ့ လက်ဝှေ့ပွဲ ၁၁ ချီမြောက်မှာ အမေရိကန်ကစားသမား ဝိုင်ဒါကို အနိုင်ရရှိပြီး သူ့ရဲ့ ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ပါတယ်။

မန်နေဂျာ ရှယ်လီဖင်ကယ်လ်က ဝိုင်ဒါဟာ အရိုးကျိုးခဲ့တာကြောင့် သူ့ရဲ့ ညာဘက်လက်ခွဲစိတ်ရမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ သူဟာ လက်နာနေတဲ့အတွက် တတိယအချီမှာ အားမမျှတော့ဘဲ ရှုံးနိမ့်ခဲ့ရတာဖြစ်တယ်လို့ ဖင်ကယ်လ်က ပြောခဲ့ပါတယ်။

ဝိုင်ဒါက အရင်တုန်းကတော့ အနားယူဖို့အစီအစဉ်မရှိဘူးလို့ ပြောခဲ့ပါတယ်။

"ကျွန်တော်တို့ အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့်လည်း ပညာရှိတစ်ဦး ပြောတာကတော့ အောင်မြင်မှုဆိုတာ သင်ခန်းစာတွေထဲမှာရှိတာပါ"လို့ ဝိုင်ဒါက ပြောခဲ့ပါတယ်။


ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ဒီယွန်တေ ဝိုင်ဒါ

လင်းခေတ်ဆန် – စုစည်းသည်

## မော်စကိုရဲ့ကရင်မလင်ဖလားကို ယူအက်စ်အိုးပင်းချန်ပီယံ အန်မာရာဒူကနူ ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်



အင်ဒီးယန်းဝဲလ်တင်းနစ်ပြိုင်ပွဲမှာ ဒုတိယအကျော့ ရှုံးနိမ့်ခဲ့တဲ့ ယူအက်စ်အိုးပင်းချန်ပီယံ အန်မာရာဒူကနူဟာ မော်စကိုမှာ ရှေ့တစ်ပတ်ကျင်းပမယ့် ကရင်မလင်ဖလားကို ပါဝင်ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်ဘူးလို့ ဗြိတိန်မီဒီယာတွေက အောက်တိုဘာ ၁၄ ရက်က ဖော်ပြလိုက်ပါတယ်။

ပြိုင်ပွဲ မပါဝင်နိုင်ခဲ့တဲ့ အပေါ် အကြောင်းပြချက်ကတော့ ချက်ချင်း မပေးသေးပါဘူး။

ကံမကောင်းစွာနဲ့ ပြိုင်ပွဲအချိန်ပြောင်းလဲမှုပြုလုပ်ခဲ့ရတဲ့အတွက် ဒီနှစ်ကတော့ မော်စကိုမှာ မကစားနိုင်တော့ဘူးလို့ ယူအက်စ်အိုးပင်းချန်ပီယံ အန်မာ ရာဒူကနူက ပြောခဲ့ပါတယ်။ ဒါပေမယ့် နောက်နှစ်မှာတော့ ရုရှားပရိသတ်တွေအရှေ့မှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ မျှော်လင့်ပါတယ်လို့ ရာဒူကနူက ပြောခဲ့ပါတယ်။

အားကစား ပြိုင်ပွဲတွေကိုတော့ နောက်သီတင်းပတ် နှစ်ပတ်သုံးပတ် အကြာမှာ ပြန်လည်ကစားဖို့ မျှော်လင့်ပါတယ်လို့ သူက ပြောပါတယ်။

အသက် ၁၈ နှစ်ရှိ ဗြိတိန်တင်းနစ်မယ် ရာဒူကနူဟာ လွန်ခဲ့တဲ့သီတင်းပတ်က အင်ဒီးယန်းဝဲလ်မှာ ဘယ်လာရုစ်မှ အလီယက်စန္ဒရာ ဆက်စ်နိုဗစ်ချ်ကို ရှုံးနိမ့်ခဲ့ပါတယ်။ ဒီပွဲဟာ သူ့အတွက်တော့ ယူအက်စ်အိုးပင်းချန်ပီယံဖြစ်ပြီးနောက်မှာ ပထမဆုံးပြိုင်တဲ့ ပွဲစဉ်လည်းဖြစ်ပါတယ်။

## တင်းနစ်ပြန်ကစားဖို့ မသေချာသေးတဲ့ ရာဖေးနာဒယ်လ်

၂၀၂၁ ရာသီကို လွဲချော်ခဲ့ပြီး ခြေထောက်ဒဏ်ရာက ပြန်လည်ကောင်းမွန်လာဖို့ကြိုးစားနေတဲ့ တင်းနစ်ကျော် ရာဖေးနာဒယ်လ် တစ်ယောက် ဘယ်အချိန်မှာပွဲပြန်ကစားနိုင်မလဲဆိုတာ အခုချိန်ထိ မသိရသေးပါဘူး။

ပွဲကြီးတွေကို အကြိမ် ၂၀ လောက် အောင်ပွဲဆင်နိုင်ခဲ့တဲ့ ရာဖေးနာဒယ်လ်ဟာ ၂၀၂၁ ခုနှစ်ရာသီအစမှာပဲ ဝင်ဘယ်ဒန်၊ တိုကျိုအိုလံပစ်တို့နဲ့ ဝေးကွာခဲ့ရပါတယ်။

ယူအက်စ်အိုးပင်ပြိုင်ပွဲမတိုင်မီ သူ့ရဲ့ ဘယ်ဘက်ခြေထောက်ဒဏ်ရာက သူ့ကို တစ်ရာသီလုံး အနားယူခိုင်းလိုက်တာပဲလို့ သူက ပြောကြားလိုက်ပါတယ်။

ဒဏ်ရာကနေ အကောင်းပကတိအတိုင်းပြန်ကောင်းချင်နေပြီလို့ အသက် ၃၅ နှစ်ရှိ စပိန်တင်းနစ်အကျော် ကမ္ဘာ့အဆင့် ၆ နေရာမှာရှိတဲ့ နာဒယ်လ်က ပြောကြားလိုက်ပါတယ်။

# ဝါးခယ်မမြို့နယ်၌ ကျောင်း ၁၅၀ မှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမည်

**ဝါးခယ်မမြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်အား တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြလိုက်ပါသည်။**



မေး။ ။ ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် မြို့နယ်အနေနဲ့ စီမံဆောင်ရွက်ထားမှု အခြေအနေကို ပြောပြပေးပါ။

ဖြေ။ ။ မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနဲ့ အထက်တန်း ကျောင်း ၁၅၀ မှာရှိတဲ့ အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား ကျောင်းသူတွေကို ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံတဲ့ ကျောင်းသား ကျောင်းသူတွေ စိတ်အေးချမ်းသာစွာ ထိုးနှံနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ ပေါင်းစပ်ညှိနှိုင်းပြီး ကာကွယ်ဆေးထိုးစုရပ်တွေ သတ်မှတ်ထားပါတယ်။ လုံခြုံရေးကိုတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ ။ စုရပ်များသတ်မှတ်မှုနဲ့ ဆေးထိုးနှံမယ့်အဖွဲ့များ ဖွဲ့စည်းမှု အခြေအနေကို ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ ဆေးထိုးစုရပ် ၁၀ နေရာ သတ်မှတ်ထားပါတယ်။ နေရာ အသီးသီးမှာတော့ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ လ/ထ မြို့နယ်ပညာရေးမှူးများ၊ ပညာရေးဝန်ထမ်းများက ကြီးကြပ်ပြီး ကျန်းမာရေးစစ်ဆေးမှုနဲ့ ဆေးထိုးနှံမှုအတွက် ကျန်းမာရေးဝန်ထမ်း ငါးဦး၊ လိုအပ်သည်များ ကူညီဆောင်ရွက်ရန် Volunteer/ ကြက်ခြေနီ ငါးဦး၊ ကာကွယ်ဆေးထိုးစာရင်းရေးသွင်းရန် ရပ်/ကျေးစာရေးနဲ့ ပညာရေးဝန်ထမ်းငါးဦး၊ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူး/ ရာအိမ်မှူး/ ဆယ်အိမ်မှူး/ အရန်မီးသတ်တပ်ဖွဲ့များ စုစုပေါင်းအင်အား ၂၀ ပါဝင်တဲ့ ဆေးထိုးအဖွဲ့တွေက ထိုးနှံပေးသွားမှာဖြစ်ပါတယ်။

မေး။ ။ ကာကွယ်ဆေး ရရှိမှုအခြေအနေနဲ့ စတင်ထိုးနှံပေးမယ့်ရက်၊ ထိုးနှံမယ့်ကာလတွေကိုလည်း ပြောပြပေးပါ။

ဖြေ။ ။ ဆေးထိုးစုရပ် ၁၀ နေရာမှာ အောက်တိုဘာ ၁၆ ရက်ကစပြီး ညွှန်ကြားချက်တွေအတိုင်း သတ်မှတ်ကာလအတွင်း အပြီးသတ် ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

မေး။ ။ ဝါးခယ်မမြို့နယ်မှာ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးသူ အရေအတွက်နဲ့ ယခုကျောင်းသား ကျောင်းသူတွေကို ထိုးနှံပေးမယ့် ကာကွယ်ဆေးအမျိုးအစားကို ပြောပြပေးပါဦး။

ဖြေ။ ။ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုမှာ ပထမအသုတ်အဖြစ် အသက် ၆၅ နှစ်နဲ့အထက် ပြည်သူ ၉၄၁၇ ဦးကို နှစ်ကြိမ်လုံး ထိုးနှံပြီးစီးပါပြီ။ ဒုတိယအသုတ်မှာတော့ အသက် ၅၅ နှစ်နဲ့အထက် ပြည်သူ ၂၂၀၀၀ ကို ပထမအကြိမ် ထိုးနှံပြီးစီးခဲ့ပြီး အောက်တိုဘာ ၁၅ ရက်မှာ ဒုတိယအကြိမ် ဆက်လက်ထိုးနှံနေပြီ ဖြစ်ပါတယ်။ တတိယအသုတ်ကိုတော့ အောက်တိုဘာ ၁၃ ရက်ကစပြီး အသက် ၄၅ နှစ်နဲ့ ၅၄ နှစ်ကြား ပြည်သူတွေကို ထိုးနှံလျက်ရှိရာ လက်ရှိ ၃၀၀၀ ထိုးနှံပြီးစီးနေပါပြီ။ အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား ကျောင်းသူတွေကိုတော့ ဆီနိုဗက်အမျိုးအစားကို ထိုးနှံပေးမယ်လို့ သိရပါတယ်။

မေး။ ။ ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်ပြီး ကျောင်းသားမိဘတွေနဲ့ ကျောင်းသား ကျောင်းသူတွေအတွက် တိုက်တွန်းပြောကြား ပေးပါဦး။

ဖြေ။ ။ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဟာ မြန်မာနိုင်ငံမှာသာမက တစ်ကမ္ဘာလုံးမှာ ကူးစက်ခံနေရပါတယ်။ သေဆုံးမှုလည်း များပြားပါတယ်။ ကာကွယ်ဆေးထိုးနှံခြင်းအားဖြင့် စာသင်ကျောင်းတွေ အမြန်ဖွင့်လှစ်နိုင်ပြီး မိမိတို့ရင်သွေးတွေရဲ့ ပညာရေးအခွင့်အလမ်းတွေ ပြန်လည်ရရှိကာ တစ်နှစ် တစ်တန်း ပုံမှန်တက်ရောက်နိုင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် ကာကွယ်ဆေးကို မပျက်မကွက်ထိုးနှံကြဖို့ ကျောင်းသားမိဘတွေကို တိုက်တွန်းလိုပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း အတန်းပညာတွေကို ရောဂါကင်းစင်စွာနဲ့ ပျော်ပျော်ရွှင်ရွှင် သင်ကြားနိုင်ဖို့အတွက် ကာကွယ်ဆေးထိုးနှံကြပါလို့ တိုက်တွန်းပြောကြား လိုပါတယ်။ ။

**တွေ့ဆုံမေးမြန်းသူ- ခိုင်ဦးမွန်**
**ဓာတ်ပုံ- ဖြိုးပြည့်စုံ**

# ရခိုင်ပြည်နယ်၌ ကြိုးဝိုင်း/ကြိုးပြင်ထိန်းသိမ်းထားသော ဒီရေရောက်တော ဧက ၃၈၀၀၀၀ ကျော် ရှင်သန်လျက်ရှိ

**စစ်တွေ အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ၏ အနောက်ဘက်ပင်လယ်ပြင်နှင့် ထိစပ်နေသည့် ရခိုင်ကမ်းရိုးတန်းသည် နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသော ဒေသတစ်ခု ဖြစ်ပြီး နိုင်ငံအတွက် ရေထွက်ကုန်အများဆုံးထွက်ရှိရာ ဒေသလည်းဖြစ်၍ ထိုဒေသတွင် ရေသယံဇာတ ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဒီရေရောက်တောများသည် အရေးပါသဖြင့် ရခိုင်ပြည်နယ်သစ်တောဦးစီးဌာနက ဒီရေရောက်တောများကို ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောဖွဲ့ ထိန်းသိမ်းထားရာ ဧက ၃၈၀၀၀၀ ကျော် ရှင်သန်လျက်ရှိသည်။

ဒီရေရောက်တောများကို ကြိုးဝိုင်းဖွဲ့ ထိန်းသိမ်းရာတွင် ဒီရေရောက်တော စိုက်ခင်းများအဖြစ် ထိန်းသိမ်းလျက်ရှိရာ အစိုးရပိုင်သစ်တောနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတို့ဖြင့် ထိန်းသိမ်းထားခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဒီရေတောဧရိယာ ၃၈၁၀၃၆ ဧကရှိ၍ သဘာဝထိန်းသိမ်း ကာကွယ်တောများ ပိုမိုရှင်သန်ပေါက်ရောက်နိုင်ရန် နှစ်စဉ်ဒီရေရောက်တောအပင်များကို ဖွန်လတွင် စိုက်ပျိုးလေ့ရှိသည်။ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောခြောက်ခုကို ၈၇၂၁၉ ဧကဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံပိုင်အဖြစ် သတ်မှတ်၍ ထိန်းသိမ်းထားလျက်ရှိသည်။

"ရခိုင်ပြည်နယ်မှာ ဒီရေတော ဧက ၃၈၀၀၀၀ ကျော်ရှိတယ်။ အဲဒီမှာ နိုင်ငံပိုင်အဖြစ် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော ခြောက်ခုသတ်မှတ်ပြီး ထိန်းသိမ်းထားပါတယ်။ မနှစ်က ရမ်းဗြဲကျွန်း ဝမ်းဗိုက်ဧရိယာမှာ ဒီရေရောက်တောအပင် ၁၂၅ ဧက စိုက်ခဲ့တယ်။ နှစ်စဉ်ဒီရေရောက်တောအပင်တွေ စိုက်ပါတယ်"ဟု ရခိုင်ပြည်နယ် သစ်တောဦးစီးဌာနမှူး ဦးအောင်မင်းက ပြောသည်။

ဒီရေတောများသည် ငါး၊ ပုစွန်နှင့် ရေနေသတ္တဝါတို့ သားပေါက်ခိုအောင်းရာနေရာဖြစ်ပြီး လှိုင်းလေထန်မှုကို ကာကွယ်ပေးသည့်အပြင် အရွယ်ရောက်သည်အထိ ရှင်သန်ပေါက်ပွား ခိုအောင်းရာနေရာဖြစ်သောကြောင့် ဒီရေတောများသည် ရေနေသတ္တဝါတို့အတွက် မရှိမဖြစ်လိုအပ်သော ဂေဟစနစ်အသိုက်အမြုံတစ်ခုဖြစ်သည်။

ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးက "ဒီရေရောက်တောတွေဟာ ရေသတ္တဝါတွေ ပေါက်ပွားတဲ့နေရာဖြစ်ပြီးတော့ အရွယ်ရောက်လာရင် ရေနက်ပိုင်းကို ရွှေ့ပြောင်းကြတာကြောင့် ဒီရေတောတွေဟာ ရေနေသတ္တဝါအတွက်သာမက လူသားတို့ရင်ဆိုင်ရလေ့ရှိတဲ့ သဘာဝဘေးအန္တရာယ်ကိုလည်း ကာကွယ်ပေးနေပါတယ်။ ဒီရေတောတွေ ပျက်စီးမှုဟာ ငါး၊ ပုစွန်သယံဇာတ ထိန်းသိမ်းရေးမှာ ၅၀ ရာခိုင်နှုန်း ထိခိုက်နိုင်ပါတယ်။ ဒီရေတောများ ပေါက်ရောက်မှုဟာ ကမ္ဘာ့ဖန်လုံအိမ်ပြဿနာကိုလည်း ထိန်းချုပ်ပေးနိုင်တာကြောင့် ရေသယံဇာတဖွံ့ဖြိုးဖို့နဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ဖို့ဆိုရင် ဒီရေတောတွေကို အမျိုးသားရေးအသွင်တစ်ရပ်အနေနဲ့ အားလုံးဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ဖို့လိုပါတယ်"ဟု ပြောသည်။

ငါး၊ ပုစွန်မွေးမြူမှုများသော ရခိုင်ပြည်နယ်တွင် တစ်ချိန်က ဒီရေတောများကို ခုတ်ထွင်၍ မွေးမြူခဲ့ကြသော်လည်း ယခုအခါ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် မွေးမြူမှုစနစ် အကောင်အထည်ဖော်ကာ ဒီရေတောများ ပိုမိုရှင်သန်ဖွံ့ဖြိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**






အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ




ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

### ကျောင်းအုပ်ကြီးများ ကြိုတင်ဆောင်ရွက်ရမည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျောင်းသား/သူ၊ ဆရာ/မ၊ ရုံးဝန်ထမ်းများအတွက် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)များ လိုအပ်ပါက ပံ့ပိုးနိုင်ရေး စီစဉ်ထားရှိရန်၊

၂။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ အပူချိန်တိုင်းကိရိယာ၊ ရေ၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ အမှိုက်ပုံး၊ ပိုးသတ်သန့်စင်ဆေးရည်၊ PPE ဝတ်စုံ၊ လက်အိတ် စသည့်ပစ္စည်းများ လုံလောက်အောင် စုဆောင်းထားရန်နှင့် အရေးပေါ်ဆေးသေတ္တာများ အဆင်သင့်ပြင်ဆင်ထားရန်၊

၃။ ကျောင်းမလာမီ၊ ကျောင်းချိန်အတွင်း၊ ကျောင်းဆင်းချိန် လိုက်နာရန် နှိုးဆော်ချက်များ ကျောင်းဝင်းအဝင်ဝ၌ ချိတ်ဆွဲထားရန်၊

၄။ ကျောင်းဝင်းအတွင်း ရေနှင့် မိလ္လာစနစ် ကောင်းမွန်စေရေး စီစဉ်ထားရှိရန်၊

၅။ စာသင်ဆောင်၊ ကျောင်းဝင်းသန့်ရှင်းရေးကို သောကြာနေ့တိုင်း ဆောင်ရွက်ရန်၊

၆။ စာသင်ခန်းအတွင်း စာသင်ခုံများ (၄) ပေကွာ ထားရှိရန်၊ သန့်စင်ခန်းသွားလမ်းများနှင့် ကျောင်းဝင်းအဝင်လမ်းများ၌ (၄) ပေကွာ အမှတ်အသားများ စီစဉ်ထားရှိရန်၊

၇။ ကျောင်းဝင်းအဝင်ဝ၊ စာသင်ခန်းရှေ့များနှင့် သန့်စင်ခန်းများ၌ လက်ဆေးရန် ဘေစင်များတွင် ဆပ်ပြာနှင့် ရေပြည့်စုံစွာ စီစဉ်ထားရှိရန်၊

၈။ ကျောင်းမုန့်ဈေးဆိုင်များတွင် ပလတ်စတစ်အကာ(သို့) မှန်အကာထားရှိစေပြီး သန့်ရှင်းစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၉။ အမှိုက်ကန်ထားရှိခြင်း(သို့မဟုတ်) အမှိုက်သိမ်းစနစ်ကို စနစ်တကျ ဆောင်ရွက်ရန်၊

၁၀။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှုအခြေအနေ ဆန်းစစ်ပုံစံ(Readiness Assessment Checklist Version–4) လမ်းညွှန်ချက်များနှင့်အညီ ကျောင်းနှင့် စာသင်ခန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် လမ်းညွှန်ချက်များအား အလေးထားလိုက်နာစေရေး စီစဉ်ဆောင်ရွက်ရန်၊

၁၁။ ကျောင်း၏ဘက်စုံတိုးတက်ရေး၊ ကူးစက်ရောဂါကာကွယ်ရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ရပ်ရွာလူထု၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

၁၂။ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များကို မြင်သာသောနေရာတွင် ချိတ်ဆွဲထားရန်၊

၁၃။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ အထက်အဆင့်ဆင့်သို့ တင်ပြရန်၊

## ကျောက်ဖြူမြို့၌ ပင်လယ်ကမ်းခြေသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ကျောက်ဖြူ အောက်တိုဘာလ ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ပင်လယ်ကမ်းခြေ သာယာလှပစေရေးအတွက် ယနေ့နံနက် ၇ နာရီက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တို့က အဆိုပါ ကမ်းခြေတစ်လျှောက် စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ အကျဉ်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် Clean Kyaukphyu အဖွဲ့များ၊ သဏ္ဍာရင်သွေးအဖွဲ့များက ဒီရေတက်ချိန်တွင်မျောပါလာပြီး ကမ်းခြေတွင် တင်ကျန်ခဲ့သည့် အမှိုက်သရိုက်များနှင့် ပြည်သူများစွန့်ပစ်ထားရှိသည့် အမှိုက်များကို အမှိုက်အိတ်များထဲသို့ထည့်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းကားဖြင့် သတ်မှတ်နေရာများသို့ စနစ်တကျ စွန့်ပစ်ပေးခြင်း၊ မီးရှို့ခြင်းများနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဌာနဆိုင်ရာများ၊ တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါကမ်းခြေတွင် ပြည်သူများအနေဖြင့် နံနက်စောစောထ လမ်းလျှောက်ခြင်း၊ ကျန်းမာရေးအားကစားလေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ ညနေပိုင်းတွင် လူငယ်များ သဲသောင်ပြင်ဘောလုံးအားကစား ပြုလုပ်ခြင်း၊ ရေကူးခြင်း၊ စွန်လွှတ်ခြင်းတို့အပြင် မိသားစုအပန်းဖြေရာ နေရာတစ်ခုလည်းဖြစ်ပြီး အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်ဆိုင်းထားသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်

**စစ်တွေ အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ယာယီရပ်ဆိုင်းထားသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်ကာ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့ ရွှေမင်းဂံဆိပ်ကမ်းနယ်စပ် ကုန်သွယ်ရေးစခန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အောက်တိုဘာ ၁၅ ရက်က သွားရောက်စစ်ဆေးသည်။


ရွှေမင်းဂံဆိပ်ကမ်းနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ပြည်နယ်ဝန်ကြီးချုပ် လိုက်လံကြည့်ရှုစဉ်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ နယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးတင်အောင်ဦးနှင့် အတွင်းရေးမှူးတို့က ကိုဗစ်–၁၉ ကာကွယ်၊ တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုန်သွယ်ရေးပြုလုပ်နေသည့် သင်္ဘောများ၊ စက်လှေများ၊ လုပ်သားများ၊ ပစ္စည်းများနှင့် ကုန်များအား စိစစ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ပြည်နယ်ဝန်ကြီးချုပ် က ပို့ကုန်ပစ္စည်းများ ပြန်လည်တင်ပို့နိုင်ရန်၊ ကုန်သည်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရန်အတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နယ်စပ်ကုန်သွယ်ရေးကို ပြန်လည်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ချမှတ်ထားသည့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ လုပ်ဆောင်ကြရန် လိုကြောင်း မှာကြားပြီး ဆိပ်ကမ်း၌ ကုန်တင်ကုန်ချပြုလုပ်နေကြသည့် သင်္ဘောများနှင့် စက်လှေများကို ကြည့်ရှုစစ်ဆေးသည်။

ရခိုင်ပြည်နယ်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးပြုလုပ်နေသည့် မောင်တောမြို့နယ် ကညင်ချောင်း နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် စစ်တွေမြို့နယ် ရွှေမင်းဂံဆိပ်ကမ်းရှိ နယ်စပ်ကုန်သွယ်ရေးစခန်းတို့ကို ဇူလိုင် ၁၅ ရက်မှစ၍ ယာယီရပ်နားပြီး လက်ရှိအချိန်တွင်မူ ရောဂါကူးစက်မှုနှုန်း လျော့နည်းကျဆင်းလာခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ အောက်တိုဘာ ၁၃ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း**
**(ပြန်/ဆက်)**

# ရန်ကုန်-ကော့သောင်း၊ ရန်ကုန်-ကလေး လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ယာယီရပ်နားထားခဲ့ရသည့် ရန်ကုန်-ကော့သောင်း၊ ရန်ကုန်-ကလေး လေကြောင်းခရီးစဉ်များကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ယနေ့(အောက်တိုဘာ ၁၆ ရက်)တွင် စတင်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။



"ကိုဗစ်-၁၉ ရောဂါ Delta မျိုးကွဲပျံ့နှံ့မှုကြောင့် ထိုင်း၊ အိန္ဒိယနယ်စပ်ဖြစ်တဲ့ ကော့သောင်းနဲ့ ကလေးမြို့တွေဆီ လေကြောင်းခရီးစဉ်သွားလာမှုကို ယခုနှစ် ဇွန်လမှာ ယာယီပိတ်ပင်ခဲ့တာကနေ ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ခွင့်ပြုလို့ ဒေသခံပြည်သူတွေ သွားလာမှုအဆင်ပြေစေဖို့ အခုလို ပြန်လည်ပြေးဆွဲတာဖြစ်ပါတယ်။ ခရီးစဉ်ဈေးနှုန်းတွေကိုလည်း ယခင်သတ်မှတ် နှုန်းထားများအတိုင်း ပြေးဆွဲပေးနေပြီး ခရီးသွားမိဘပြည်သူများအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်၊ စည်းကမ်းများနဲ့အညီ လိုက်ပါစီးနင်းနိုင်ပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန်ခုပ်ခန့်မုံက ပြောသည်။

အဆိုပါ ကော့သောင်းနှင့် ကလေးမြို့ လေယာဉ်ခရီးစဉ်များကို Embraer 190၊ ATR 72-600 လေယာဉ်များဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ပြီး လိုက်ပါလိုသူများအနေဖြင့် လေယာဉ်မထွက်ခွာမီ ၃၆ နာရီအတွင်း ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့်နေရာများတွင် RT-PCR သို့မဟုတ် RDT Test Kit ဖြင့် စစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်း ထောက်ခံစာ ပါရှိရမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ လမ်းညွှန်ချက်များအရ ခရီးသည်များအနေဖြင့် Faceshield နှင့် Mask များ ဝတ်ဆင်ပြီးမှသာ လေကြောင်းခရီးစဉ်တွင် လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသားများအနေဖြင့် လေယာဉ်လက်မှတ်များကို www.flymna.com တွင် Credit Card၊ Debit Card၊ MPU Card နှင့် 123 Service (Over the counter၊ Mobile Banking၊ i-Banking၊ Wallet) တို့ အသုံးပြု၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူနိုင်ကြောင်း၊ လက်မှတ်ခများအနေဖြင့် ရန်ကုန်-ကလေး ငွေကျပ် ၁၀၈၀၀၀၊ ကလေး-ရန်ကုန် ငွေကျပ် ၁၁၃၀၀၀၊ ရန်ကုန်-ကော့သောင်း ငွေကျပ် ၉၃၀၀၀၊ ကော့သောင်း-ရန်ကုန် ငွေကျပ် ၉၁၀၀၀ ဖြစ်ပြီး MNA Call Center ဖုန်း +951 378603-04-06-07-08၊ +951 377840-41-42 တို့သို့ ဆက်သွယ်၍ လက်မှတ်ဝယ်ယူမှုနှင့် ခရီးစဉ်အသေးစိတ် အချက်အလက်များကို မေးမြန်းစုံစမ်းနိုင်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

**အာကာစိုး**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## သီပေါမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**သီပေါ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုကိုဝင်း ဦးဆောင်သောဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်က ကုန်းသာကျေးရွာခန်းမ၌ ကျင်းပသည်။

ပန်းခင်းစီမံချက်ဆောင်ရွက်ရာတွင် ကျောက်မဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးစန်းဝင်းက အသက် ၁၀ နှစ်နှင့်အထက် အိမ်ထောင်စုစာရင်းမရှိသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက်သည် နိုင်ငံသားများ၏ လူမှုဘဝပြည့်စုံနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားအထောက်အထားဖြစ်သဖြင့် ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးပြီး လက်ဝယ်အရောက်ပေးအပ်ကာ ပန်းခင်းစီမံချက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြန်မာ့ပင်လယ်ပြင် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)သို့ Embraer E190 လေယာဉ်တစ်စင်း ထပ်မံရောက်ရှိ




**ရန်ကုန် အောက်တိုဘာ ၁၆**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က မှာယူထားသည့် Embraer E190 MSN543 XY-ALU လေယာဉ်သည် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက နယ်သာလန်နိုင်ငံမှတစ်ဆင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ လေကြောင်းလိုင်း တာဝန်ရှိသူများက Water Salute အခမ်းအနားဖြင့် ကြိုဆိုကြသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ယခု ထပ်မံရောက်ရှိလာသည့် Embraer လေယာဉ်အပါအဝင် Air Bus A319 လေးစင်း၊ Air Bus A320 သုံးစင်း၊ Embraer E190 သုံးစင်း စုစုပေါင်း ၁၀ စင်းဖြင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုညီလေး**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၁ ဦးနှင့် အမျိုးသမီး ၇၂ ဦး စုစုပေါင်း ၁၄၃ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ကိုးဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၁၄ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိကျောင်းကိုက်ခံရ၍ သေဆုံးသူ၏ မိသားစုဝင်အား ထောက်ပံ့ကြေးပေးအပ်

**ဘိုကလေး အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု ပဒဲကောကျေးရွာနေသူ (၁၆ နှစ်)အရွယ် အမျိုးသားတစ်ဦးသည် အောက်တိုဘာ ၁၂ ရက်၌ ပဒဲကောကျေးရွာတစ်ဖက်ကမ်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကမ်းဘေးတွင် ဝမ်းရေးအတွက် ကဏန်းထောင်ရင်း မိကျောင်းကိုက်ခံရ၍ သေဆုံးခဲ့ရာ သေဆုံးသူ၏ မိသားစုဝင်အား မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ယမန်နေ့က ထောက်ပံ့ငွေပေးအပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသော်ထက်အောင်က ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၏ ရှေ့မှောက်တွင် မိသားစုဝင်၏ လက်ဝယ်အရောက် ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်သည်။

ယခုနှစ်အတွင်း ဘိုကလေးမြို့နယ်တွင် မိကျောင်းကိုက်ခံရသူ သုံးဦးရှိပြီဖြစ်ရာ နှစ်ဦးမှာသေဆုံးခဲ့ပြီး တစ်ဦးမှာ အသက်ရှင်လျက်ကျန်ရစ်ကာ ဆေးဝါးကုသခဲ့ရကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ဇန်းမော်၊ ဘားအံ၊ ပုသိမ်ကြီးနှင့် မော်လမြိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ဇန်းမော်မြို့နယ် စီဟဲကျေးရွာအနီးတွင် မမြင့်မြင့်သန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၅ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၁၁ နာရီတွင် ဇန်းမော်မြို့နယ် တာမိုင်းလုံကျေးရွာရှိ မမြင့်မြင့်သန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၈ ပြားကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ကော့နန်းသာကျေးရွာအနီးတွင် ဇော်ဝင်းနိုင်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီခွဲတွင် ကော့နန်းသာကျေးရွာရှိ ၎င်း၏နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာအနီးတွင် ဌေးကိုကို မောင်းနှင်ပြီး မခင်ချိုဌေးနှင့် မသက်သက်ဆွေ တို့လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၃၀ ကိုလည်းကောင်း၊ ယင်းနေ့ ည ၇ နာရီ မိနစ် ၂၀ က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ လှိုင်ရှမ်းစု ရပ်ကွက် ဘိုဂလိုလမ်း ဥဩ့ရိပ်သာရှိ ကြည်လွင် တည်းခိုနေထိုင်သည့် အခန်းအမှတ်(၀၀၃)သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မမြင့်မြင့်သန်း အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**ပျဉ်းမနား အောက်တိုဘာ ၁၆**

ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၂၀-၂၀၂၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက်က ကျင်းပရာ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အေးမင်း(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူး သန်းအောင်(ငြိမ်း)က နှစ်ပတ်လည် လုပ်ငန်းကဏ္ဍကြီး(၅)ရပ် ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြကြသည်။

ထို့နောက် အမှုဆောင်သစ်ရွေးကောက်တင်မြှောက်ခြင်း ပြုလုပ်ပြီး ဥက္ကဋ္ဌအသစ် ဗိုလ်မှူး ဇော်မင်းထွန်း(ငြိမ်း)က အမှာစကားပြောကြား၍ တက်ရောက်လာသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေးများ ပေးအပ်ကြောင်း သိရသည်။

**ကိုကိုနေ**




## မြန်မာအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ အောက်တိုဘာ ၂၁ ရက် ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို အောက်တိုဘာ ၂၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် တတိယအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခွင့်ရသည့် အသင်းအားလုံး စုံလင်စွာထွက်ပေါ်လာပြီဖြစ်သောကြောင့် အုပ်စုမဲခွဲပွဲပြုလုပ်ခြင်းဖြစ်ပြီး အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

တတိယအဆင့်ခြေစစ်ပွဲကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စနစ်ဖြင့် ပြုလုပ်မည်ဖြစ်ကာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိမ်ကွင်းလက်ခံမကစားနိုင်သည့်အသင်းများမှာမူ ကြားကွင်း၌ ကစားရမည်ဖြစ်သည်။ လေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ စက်တင်ဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များအရ မြန်မာအသင်းသည် Pot-2 တွင် ပါဝင်နေသည်။ ဆီဒင်သတ်မှတ်ချက်များအရ Pot-1 တွင် ဘာရိန်း၊ ဂျော်ဒန်၊ ဥဇဘက်ကစ္စတန်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်း၊ အိန္ဒိယ၊ Pot-2 တွင် တာ့ခ်မင်နစ္စတန်၊ ကူဝိတ်၊ မြန်မာ၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ Pot-3 တွင် ဟောင်ကောင်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ မလေးရှား၊ မော်လ်ဒိုက်၊ စင်ကာပူ၊ Pot-4 တွင် နီပေါ၊ အင်ဒိုနီးရှား၊ မွန်ဂိုလီးယား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ၂၀၂၃ အာရှဖလားခြေစစ်ပွဲတွင် ဒုတိယအဆင့်မှစတင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ဒုတိယအဆင့်ခြေစစ်ပွဲတွင် နှစ်ပွဲနိုင်၊ ခြောက်ပွဲရှုံး၊ ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့သော်လည်း ခြေစစ်ပွဲကျင်းပသည့်ပုံစံကြောင့် တတိယအဆင့်ခြေစစ်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

၂၀၂၃ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်အပါအဝင် ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် အုပ်စုပထမနေရာရ ရှစ်သင်းနှင့် အကောင်းဆုံး ဒုတိယနေရာရ လေးသင်းဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ ကာတာ၊ ဩစတြေးလျ၊ အီရန်၊ ဆီးရီးယား၊ လက်ဘနွန်၊ အိုမန်၊ ဗီယက်နမ်၊ ယူအေအီး၊ အီရတ်၊ ဆော်ဒီအာရေဗျ အသင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ နောက်ဆုံးအဆင့်သို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရရှိထားကြောင်း သိရသည်။

**ရဲရင့်လွင်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွက် (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကြီးကို မကြာမီကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးအားဘဏ်၏ သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ရာ တည်ဆဲသင်းဖွဲ့စည်းမျဉ်းအရ ဒါရိုက်တာများအလှည့်ကျနုတ်ထွက်မည်ဖြစ်ပြီး နုတ်ထွက်သွား၍ လစ်လပ်သွားသော ဒါရိုက်တာများနေရာတွင် အစားထိုးပြန်လည် ရွေးချယ်ရမည် ဖြစ်ပါသည်။

၂။ ပြန်လည်ရွေးချယ်ခံမည့် ဒါရိုက်တာအဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေး မကျင်းပမီ ကြိုတင်ပေးပို့ တင်ပြရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများဘဏ်တွင် စာရင်းဆက်လက် တည်ရှိနေသော ရှယ်ယာရှင် (Special Account Holder) နှင့် Yangon Stock Exchange (YSX) တွင် အရောင်းအဝယ်ပြုလုပ်ရန် စာရင်းဖွင့်ထားသူများ (Security Account Holder) များအနက် မြန်မာနိုင်ငံသားများဘဏ် ဒါရိုက်တာအဖွဲ့မှ သတ်မှတ်ထားသော ၂၅.၁၀.၂၀၂၁ ရက်နေ့ အစုရှယ်ယာပိတ်သိမ်းချိန်တွင် တွင် ကျပ် ၅,၀၀၀,၀၀၀/- (ကျပ်သိန်းငါးဆယ်) နှင့်အထက် ပိုင်ဆိုင်သူရှယ်ယာရှင် လူပုဂ္ဂိုလ်များနှင့် ကျပ် ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာ) နှင့်အထက် ပိုင်ဆိုင်ထားသော အဖွဲ့အစည်း/ ကုမ္ပဏီများအနေဖြင့် ဒါရိုက်တာအဖြစ် ဝင်ရောက်အရွေးခံလိုပါက (၀၂.၁၁.၂၀၂၁) ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်၍ အဆိုပြုလွှာ လျှောက်ထားပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့် ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအခန်း (၁၀) ပုဒ်မ (၇၆)ပုဒ်မခွဲ (ခ)ပုဒ်မခွဲငယ် (၁) မှ (၈) အထိဖော်ပြထားသည့် အရည်အချင်းများနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။

၄။ အဆိုပြုလွှာ ဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓါတ်ပုံ (၁)ပုံ နှင့် အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထားများ တစ်ပါတည်း ယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည့် အချိန်နှင့် နေရာကို ထပ်မံ ကြေညာမည် ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့် အချက်များရှိပါက စီမံဌာန ၀၁-၈၃၈၆၀၂၃၊ ၀၁- ၈၃၈၆၀၂၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် အကျိုးတူဆောင်ရွက်ခဲ့သော အိမ်ရာများ၊ ယာယီ မြေရှင် အဖြစ် ဆောင်ရွက်သော တိုက်ခန်းများအား ကန်ထရိုက်တာထံမှလည်းကောင်း၊ ဇနီးကွယ်လွန်၍ ခင်ပွန်းမှလည်းကောင်း၊ ဖခင် ကွယ်လွန်၍ သားသမီးများထံမှလည်းကောင်း၊ အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်ဝယ်ယူထားသူများကလည်းကောင်း၊ ၎င်းတို့၏အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက်<br>အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ<br>အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့်<br>တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နီခင်ဦး ၁၂/စခန(နိုင်)၀၀၅၆၅၂ (မှ)<br>ဦးတင်ဝင်း ၁၃/ကလတ(နိုင်)၀၀၁၉၀၉ (မှ) | ဒေါ်ထက်အိန္ဒြာကျော်<br>၁၂/ရကန(နိုင်)၀၈၇၁၃၂ | တိုက်(B)၊ အခန်း(၂၀၇)၊ ရတနာအိမ်ရာ<br>တောင်ဥက္ကလာပမြို့နယ် |
| ၂။ | ဒေါ်သက်သက်ထွန်း<br>၁၂/ကတတ(နိုင်)၀၀၂၂၇၆ (ကွယ်လွန်) (မှ) | ဦးအောင်ဇော်ဝင်း<br>၉/မလန(နိုင်)၀၁၄၉၈၁ | တိုက်(၁၉)၊ အခန်း(အီး-မြေညီ/ဝဲ)၊<br>(၅၅)လမ်း၊ ပုဇွန်တောင်မြို့နယ် |
| ၃။ | ဦးပိုက်ထွေး<br>၁၂/ပဇတ(နိုင်)၀၃၁၆၅၀ (မှ) | ဒေါ်နီလာဝင်း<br>၁၄/ဓနဖ(နိုင်)၀၀၇၉၅၆ | တိုက်(F)၊ အခန်း(၀၆-၀၅)၊ ပုလဲကွန်ဒို<br>အိမ်ရာ၊ ဗဟန်းမြို့နယ် |
| ၄။ | ဦးယုလွင် ၁၃/ရစန(နိုင်)၀၀၆၀၉၅<br>(ကိုယ်စား) ဦးဝင်းမြင့်သန်း<br>၁၂/လမန(နိုင်)၀၆၄၂၆၇ (မှ)<br>ဦးတင့်လွင် ၁၂/ဒဂန(နိုင်)၀၁၇၀၃၂ (မှ) | ဒေါ်စပယ်(ခ)အဟမ်းကြူ<br>၁၃/တကန(နိုင်)၀၀၄၆၆၆ | တိုက်(B)၊ အခန်း(၀၇-၀၄)၊ မင်းဓမ္မ<br>အဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းမြို့နယ် |
| ၅။ | ဒေါ်တင်တင်လတ်<br>၈/မကန(နိုင်)၁၅၄၀၄၆ (မှ) | ဒေါ်စုဝင့်ဖြူ<br>၁၂/ဒဂန(နိုင်)၀၃၀၄၁၂ | တိုက်(F)၊ အခန်း(၀၇-၀၄)၊ ပုလဲကွန်ဒို<br>အိမ်ရာ၊ ဗဟန်းမြို့နယ် |
| ၆။ | ဦးအောင်ဆန်းထွန်း<br>၁/မညန(နိုင်)၀၈၁၅၄၆ (မှ) | ဦးညီညီထွန်း<br>၁၂/လသန(နိုင်)၀၁၀၄၀၁ | တိုက်(၄)၊ အခန်း(၁)၊ ရွှေဂုန်ရိပ်မွန်<br>အိမ်ရာ၊ ဗဟန်းမြို့နယ် |
| ၇။ | ဦးနိုင်အောင် (PBE-၁၄၆၈၃၈)<br>၁၂/ရကန(နိုင်)၀၂၆၃၃၈ (မှ) | ဦးတင်အောင်<br>၁၂/ပဘတ(နိုင်)၀၁၈၄၇၅ | တိုက်(၄)၊ အခန်း(၇)၊ ရွှေဂုန်ရိပ်မွန်<br>အိမ်ရာ၊ ဗဟန်းမြို့နယ် |
| ၈။ | ဂမုန်းပွင့်ကုမ္ပဏီလီမိတက် (ကစ)<br>ဒါရိုက်တာဦးမြတ်သူ<br>၁၂/ဒဂန(နိုင်)၀၁၅၈၉၉ (မှ)<br>ဒေါ်နှင်းဆီ ၇/ညလပ(နိုင်)၀၁၄၇၆၇ (မှ) | ဦးအေးကျော်စိုး<br>၁၂/ဥကတ(နိုင်)၁၄၉၀၀၈ | တိုက်(7D)၊ ကမ္ဘာအေးကွန်ဒိုမီနီယံ<br>မရမ်းကုန်းမြို့နယ် |
| ၉။ | ဦးလှရွှေ ၁၂/ကမတ(နိုင်)၀၁၂၀၄၄<br>ကွယ်လွန်(ကိုယ်စား) ဒေါ်ခင်သန်းနု<br>၁၂/ကမတ(နိုင်)၀၃၁၂၈၈<br>ဦးစိုးအောင် ၁၂/ကမတ(နိုင်)၀၁၄၄၂၄<br>ဒေါ်စန်းစန်းကြည် ၁၂/ကမတ(နိုင်)၀၁၁၉၃၃<br>ဒေါ်မြင့်မြင့်စန်း ၁၂/ကမတ(နိုင်)၀၁၁၉၁၄<br>ဒေါ်ခင်သန်းဌေး ၁၂/ကမတ(နိုင်)၀၁၁၉၀၁ (မှ)<br>ဒေါ်သီတာဝင်း ၁၂/ကမတ(နိုင်)၀၆၂၃၈၈ (မှ) | ဒေါ်နီနီချို<br>၁၂/ကမတ(နိုင်)၀၁၃၈၆၉ | တိုက်(၉)၊ အခန်း(၄၉)၊ ပန်းလှိုင်အိမ်ရာ၊<br>ကြည့်မြင်တိုင်မြို့နယ် |
| ၁၀။ | ဦးဇော်မြင့် ၅/စကန(နိုင်)၀၀၇၁၁၅ (မှ)<br>ဒေါ်မဠူဝင်း ၁၂/လမန(နိုင်)၀၀၁၃၄၁ (မှ) | ဦးဆက်မော်<br>၁၂/လမန(နိုင်)၁၄၀၀၂၉ | တိုက်(B)၊အခန်း(၈၀၇)၊ ရတနာအိမ်ရာ၊<br>တောင်ဥက္ကလာပမြို့နယ် |

အင်ဂျင်နီယာဌာန (အဆောက်အအုံ)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျောက်ခင်းလမ်း၊ မြေ သားလမ်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၁၈-၁၀-၂၀၂၁ ရက် နံနက် ၉:၃၀ နာရီမှ

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၁၁-၂၀၂၁ ရက် ညနေ ၄:၃၀ နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါ ဝယ်ယူ တင်သွင်းရမည့်နေရာ** - 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဟိုပန်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဟိုပန်မြို့၊ ဖုန်း-၀၉-၈၈၃၅၃၉၃၇၈၊ ၀၉-၄၀၂၆၁၅၅၄၉၊ ၀၉-၂၅၉၂၅၃၁၈၂ သို့ စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (အထွေထွေ ပိုလျှံရန်ပုံငွေ-GRF)ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ စစ်ကိုင်းခရိုင်၊ ပျော့ရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် ဆိုလာ စနစ် ပြောင်းလဲတပ်ဆင်ရန် မြို့ပြဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း(၃)မျိုး အား အလုံးစုံတင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့် တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၂၁ ရက်

**တင်ဒါပုံစံပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၂၁ ရက် (၁၆:၀၀) နာရီ

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၆၅၂၆၊ ၀၇၁- ၂၃၆၂၄ တို့တွင် တင်ဒါပုံစံစတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ ပျဉ်းမပင် (၃)လမ်း၊ အမှတ်(၁၃၅)နေ ဒေါ်ယဉ်ယဉ်စိုး ၁၂/မဂဒ(နိုင်)၁၀၀၃၆၄ ၏သားဖြစ်သူ မောင်ကျော်သူရအောင် ၁၂/မဂဒ(နိုင်)၁၇၉၅၆၅ သည်မိဘ၏ဆိုဆုံးမပြောဆိုမှုများ ကို မနာခံဘဲ အကြိမ်ကြိမ်၎င်း၏ဆန္ဒအတိုင်း မိခင်နှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်၊ အရှက်တကွဲဖြစ်အောင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်ကိုပြုလုပ်နေပါသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောမည်သည့် ကိစ္စအဝဝ တို့သည် မိသားစုအသိုင်းအဝိုင်းနှင့် မပတ်သက်ကြောင်းနှင့် တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ယဉ်ယဉ်စိုး**
**၁၂/မဂဒ(နိုင်)၁၁၁၃၆၄**
**အမှတ်(၁၃၅)၊ ပျဉ်းမပင်(၃)လမ်း၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ (တော်ဝင် ၂၄)၊ အမှတ်(L/၂၂၃)အမည်တွင်သည့် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးတင်အောင် အမည်ဖြင့် စလစ်၊ ပြေစာအမည်ပေါက်မြေကွက်ချထားပေးသော ပေ(၄၀ x ၆၀) ရှိ မြေကို ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံရောင်းချသူ ဒေါ်ကြူကြူအောင်ထံမှ ကျွန်ုပ် မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်သည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်သည်။ ကန့်ကွက် လိုသူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၅၀)**
**အမှတ်( H/၁၁၁)၊ ဗဟို၁၃လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကျောက်ရေတွင်းကျေးရွာ၊ ဦးထွန်းယု (ကွယ်လွန်)-ဒေါ်ထွေးရီ(ကွယ်လွန်)တို့၏ သားဖြစ်သူ ဦးလှဝင်း (ယခုကွယ်လွန်) သက်ရှိထင်ရှားရှိစဉ်က မိဘများကွယ်လွန်ပြီးနောက် အစ်မကြီးဖြစ်သူ ဒေါ်ဆန်းဝင်း (ယခုသက်ရှိ)တို့သည် မိဘများကျန်ရှိသော အထက်လိပ်စာပါရှိ အမွေဆိုင် မြေအားခွဲဝေယူကြရာ ဒေါ်ဆန်းဝင်းမှ အမွေဆိုင်မြေ၏ တစ်ခြမ်းခွဲယူပြီး ဦးလှဝင်းမှ အရှေ့ဘက် (၁၈၀)တောင်ခန့်၊ အနောက်ဘက် (၁၉၀)တောင်ခန့်၊ တောင်ဘက်(၃၄) တောင်ခန့်၊ မြောက်ဘက်(၃၄)တောင်ခန့်၊ အကျယ်အဝန်းဧရိယာအား ခွဲဝေရရှိခဲ့ပါ သည်။ ဦးလှဝင်းမှာ အစိုးရအမှုထမ်းတစ်ဦးဖြစ်၍ တာဝန်ကျရာဒေသများတွင် တာဝန်ထမ်းဆောင်ရသဖြင့် တူမတော်စပ်သူ ဒေါ်ခင်သက်ဦး(ခ)မိသက် (ဒေါ်ဆန်း ဝင်း၏သမီး)အား စောင့်ရှောက်ကြည့်ရှုပေးရန် အပ်နှံခဲ့ပါသည်။ ဦးလှဝင်း ခွင့်ပြုချက်မရှိ သိရှိခြင်းမရှိဘဲ အဆိုပါမြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပြုပြင်ပြောင်းလဲခြင်း တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းစသဖြင့် မဆောင်ရွက်ရန် အသိသက်သေ လူကြီးများရှေ့ကတိကဝတ်ဖြင့် အပ်နှံခဲ့ပါသည်။ ယခုအခါ ဦးလှဝင်း ကွယ်လွန်သော်လည်း အမွေရရှိ သည့်မြေအပေါ် ဦးလှဝင်း၏ဇနီး ဒေါ်လှနုယဉ် ၁၁/စတန(နိုင်)၀၄၈၃၂၆ နှင့် သားဖြစ်သူ ကိုစောယုမောင်၊ ကိုစောယု အောင်တို့သည် တရားဝင်ပိုင်ဆိုင်ဆင်းသက်လာပြီး ၎င်းတို့၏ ခွင့်ပြုချက်မရှိဘဲ တစ်စုံတစ်ဦးမှ ဝင်ရောက်နေထိုင်ခြင်း၊ အရောင်းအဝယ်ပြုခြင်း၊ လွှဲပြောင်းခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုလုပ်ကြပါရန် အသိ ပေးအပ်ပါသည်။ ဦးလှဝင်း၏ဇနီးနှင့် သားဖြစ်သူတို့မသိရှိ၊ ခွင့်ပြုချက်မရှိဘဲ ရောင်းမှား/ဝယ်မှား ဆောင်ရွက်ရန်အမှား မဖြစ်ပေါ်စေရန် သိလျက်နှင့် စာချုပ် ချုပ်ဆိုခြင်း၊ ရောင်းကြေးငွေပေးချေခြင်း၊ မပြုလုပ်ကြရန်၊ ပြုလုပ်ပါကဆောင်ရွက်သူ များအပေါ် တရားဥပဒေနှင့်အညီအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ် ပါသည်။ ဦးလှဝင်း၏မိသားစုဝင်တို့မှ သက်ဆိုင်ရာ ကျေးရွာလူကြီးများထံ ဦးလှဝင်း အမွေရရှိသည့် မြေနှင့်စပ်လျဉ်း၍ အကြောင်းကြားထားပြီးလည်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၈၄)**
**အမှတ်(၉၄၈)၊ ပြည်လမ်းသွယ်(၂)လမ်း/(၈)လမ်းနဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်**
**ဖုန်း- ၀၉-၂၅၀၀၉၃၉၂၁၊ ၀၉-၄၉၂၀၂၉၆**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ရေသယ်ယာဉ် (၅)စီး ဝယ်ယူခြင်းနှင့် ကျပ်သန်း ၁၀၀ အထက် လမ်း/ တံတား/အဆောက်အဦ/ အခြားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလို ပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ် အပ်ပါသည်။

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၁-၁၀-၂၀၂၁ရက်၊ (တနင်္လာနေ့) (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၁၂-၁၁-၂၀၂၁ ရက်၊ (သောကြာနေ့) ညနေ ၄:၀၀ နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၁၅-၁၁-၂၀၂၁ ရက်၊ (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ကရင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ ဘားအံမြို့

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်း နိုင်သည့် ဖုန်း-၀၉-၄၄၉၂၅၂၂၈၄၊ ၀၉-၆၇၈၂၂၄၀၇၀၊ ၀၅၈-၂၁၆၈၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၄၇၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ် ၁၇၆၊ ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀' x ၆၀') ရှိ ဦးသန်းထွန်း (CB.၀၂၁၂၆၂) ၁၂/လသန(နိုင်)၀၁၂၈၃၈ အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက် အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာ အေး ၇/တငန(နိုင်)၁၀၄၆၆၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B)** | **ဒေါ်မိုးမီမီခိုင်(LL.B)** |
| **(စဉ်-၅၃၃၆၉/၂၀၂၀)** | **(စဉ်-၅၃၄၉၁/၂၀၂၀)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/3213, CHANGHE , P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်ဝင်း ၁၄/ရတန(နိုင်)၀၀၁၁၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## အကြင်လင်မယားအဖြစ်မှ အပြီးအပိုင်ကွာရှင်းပြတ်စဲသွားပြီဖြစ်၍ သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လေးလေးနွယ် ၇/သကန(နိုင်)၀၇၉၀၈၇၊ အမှတ် (၁၃၃)၊ ခိုင်သဇင်လမ်း၊ (၃၂/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့ နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးကျော်ကျော်နိုင် ၇/သကန(နိုင်)၀၇၉၁၂၂၊ အမှတ် (၄၄၃)၊ တပင်ရွှေထီးလမ်း၊ (၃၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့ နေသူတို့သည် ၂၉-၃-၂၀၀၆ ခုနှစ်မှ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင် လာခဲ့ရာ သမီးနှစ်ဦးထွန်းကားလာခဲ့ပါသည်။ ယခုအခါ နှစ်ဦးသဘောတူပေါင်းသင်း ရန်ဆန္ဒမရှိသောကြောင့် ၁၂-၁၀-၂၀၂၁ရက်တွင် တောင်ဥက္ကလာပမြို့နယ်တရားရုံး တွင်" ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို လက်မှတ်ရေးထိုးပြီးလင်ခန်းမယားခန်း ပြတ်စဲသွားပြီဖြစ်သောကြောင့် ဦးကျော်ကျော်နိုင်နှင့် ဒေါ်လေးလေးနွယ်တို့သည် မည်သို့မျှ မသက်ဆိုင်တော့ကြောင်း၊ ၎င်း၏ကိစ္စအဝဝကိုလည်း ဖြေရှင်းပေးရန် တာဝန်မရှိတော့ပါ။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေအား ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပတ်ဝန်းကျင်တွင် ပြောဆိုခြင်း၊ လူမှုကွန်ရက်တွင်ဝေဖန်ပြစ်တင်ခြင်းများလုံးဝမပြု လုပ်ရန်နှင့် ပြုလုပ်ပါကတည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟမျိုးဟန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၇၂၂၀)**
**အခန်း(၂၀၁)၊ တိုက်(၃)၊ ဘုရင့်နောင်လမ်းမကြီး၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်**
**ဖုန်း-၀၉-၂၅၄၂၀၆၈၆၂၊ ၀၉-၇၉၃၃၉၂၀၅၉**

## ကန့်ကွက်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ (၄)၊ မြို့ဝမ်လမ်း၊ ဦးပိုင်အမှတ်(၅၆) သည် ကျွန်မ ဒေါ်အေးညွှန့်၏ဖခင် ဦးဆန်စိုင်း အမည်ပေါက်သောပိုင်ဆိုင် သော မြေဖြစ်ပြီး ကျွန်မ ဒေါ်အေးညွှန့် ၏ဖခင် ဦးဆန်စိုင်းမှာ ၂၀၁၅ ခုနှစ်ခန့် တွင် ကွယ်လွန်သွားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား တစ်စုံတစ်ယောက် မှ အမွေဆက်ခံခွင့်ဆိုင်ရာ ကိစ္စများ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်း ခြင်း၊အမည်ပြောင်းလျှောက်ထားခြင်း၊ ပေး ကမ်းစွန့်ကြဲခြင်းများ၊ မြေစာရင်း ပုံစံ (၁၀၅) ရေးဆွဲခြင်းများဆောင် ရွက်ပါက မိမိအနေဖြင့် ကန့်ကွက်ပါ ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးညွှန့်**
**၁၃/လရန(နိုင်)၀၁၆၃၆၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/1492 အမည် ပေါက်သူ ဦးသီဟထွန်း ၁၄/မအပ(နိုင်) ၂၈၆၁၄၃ က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

## သွေးသည် အသက်

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အင်ဒိယနိုင်ငံ အော်ရီဆာပြည်နယ်) အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ဩရိဿတောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့တွင် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ

ယနေ့ သတင်းအညွှန်း

### အမေရိကန်ပြည်ထောင်စု၌ ကိုဗစ် -၁၉ ကူးစက်ခံရသည့် ကလေးအရေအတွက်မှာ ခြောက်သန်းကျော်အထိ ရှိလာ

နိုင်ငံတကာသတင်း စာ - ၁၃

### လောကနန္ဒာဘေးမဲ့တောဥယျာဉ် ခရီးစဉ်တွင် မြန်မာ့ရှားပါးငှက်မျိုးစိတ် ခုနစ်မျိုး လေ့လာနိုင်

ဆောင်းပါး စာ - ၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## တနင်္သာရီမြို့နယ်၌ ဖောဓိကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



တနင်္သာရီ - ဖောဓိကမ်းတံတားကို တွေ့ရစဉ်။

တနင်္သာရီ အောက်တိုဘာ ၁၆

တနင်္သာရီမြို့နယ်အတွင်း ငဝန်ချောင်းမငယ်ကိုဖြတ်၍ တနင်္သာရီမြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆက်သွယ်ပေးမည့် ဖောဓိကမ်းတံတား တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အဆိုပါတံတားကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေနှစ်ရပ်ပေါင်း ငွေကျပ်သန်းပေါင်း ၅၀၀၀ ဖြင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဖောဓိကမ်းတံတားတည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ ၂၀၁၈ ခုနှစ် မေ ၁ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တံတားသည် အရှည် ၇၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီပါရှိကြောင်း တည်ဆောက်ရေးအဖွဲ့(၄)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းနိုင်ထံမှ သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖

## လီဗာပူးတို့ ဝက်ဖို့ဒ်ကို ဂိုးပြတ်အနိုင်ယူပြီး မန်ယူ လက်စတာကို ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ်(၈)၏ အစောဆုံးပွဲစဉ်အဖြစ် ဝက်ဖို့ဒ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၁၆ ရက်ညပိုင်းက ဝက်ဖို့ဒ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ သွင်းဂိုးများကို မာနေး၊ ဖာမီနို၊ ဆာလာတို့က သွင်းယူပေးနိုင်ခဲ့သည်။

နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့် ဝက်ဖို့ဒ်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး လီဗာပူးအသင်းကလည်း ဖာမီနို၊ မာနေး၊ ဆာလာ စသည့် အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။ ပထမပိုင်းတွင် လီဗာပူးအသင်း အနေဖြင့် ဝက်ဖို့ဒ်အသင်းကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ လီဗာပူးအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ကိုးမိနစ်တွင် ဆာလာ၏ ဖန်တီးမှုမှတစ်ဆင့် မာနေးက သွင်းယူပေးနိုင်ခဲ့သည်။ ဗန်ဒိုက်ဦးဆောင်ပွဲထွက်လာသည့် လီဗာပူးအသင်း၏ ခံစစ်သည် ကျစ်လျစ်မှုရှိခဲ့ပြီး ဝက်ဖို့ဒ်အသင်း၏ ထိုးဖောက်မှုများကို ဟန့်တားနိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ●



လီဗာပူးအသင်းတိုက်စစ်ကစားသမား ဖာမီနို ဝက်ဖို့ဒ်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။